# ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး သဘောတူညီချက်

## (Trade Facilitation Agreement-TFA)




မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၃) ၏ အထောက်အပံ့ဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေသည်။

# ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူညီချက်

## (Trade Facilitation Agreement–TFA)

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | အခန်း (၁)<br>စည်းမျဉ်း – ၁<br>သတင်းအချက်အလက် ထုတ်ပြန်မှုနှင့် ရရှိမှု | ၄ |
| ၃။ | အခန်း (၂)<br>ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အထူးနှင့်<br>မတူညီသော အခွင့်အရေးခံစားခွင့်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ<br>စည်းမျဉ်း – ၁၃ | ၄၉ |
| ၄။ | အခန်း (၃)<br>အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများနှင့် နောက်ဆုံးပြဋ္ဌာန်းချက်များ<br>စည်းမျဉ်း – ၂၃<br>အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ | ၆၇ |

# ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုကော်မတီ
# ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးသဘောတူညီချက်

## နိဒါန်း

### အသင်းဝင်များ

ဝန်ကြီးအဆင့် ဒိုဟာကြေညာချက်အရ စတင်ခဲ့သော စေ့စပ်ညှိနှိုင်းမှုများအပေါ် စောင့်ကြည့် အလေးထားခြင်းကြောင့် ဝန်ကြီးအဆင့် ဒိုဟာကြေညာချက် (WT/MIN(01)/DEC/1) ပါ အပိုဒ် ၂၇ နှင့် ၂၀၀၄ ခုနှစ် ဩဂုတ် ၁ ရက်နေ့တွင် အထွေထွေကောင်စီကချမှတ်ခဲ့သော ဒိုဟာလုပ်ငန်းစဉ် ဆုံးဖြတ်ချက်(WT/L/579) ၏ နောက်ဆက်တွဲ(ဃ)အပြင် ဝန်ကြီးအဆင့် ဟောင်ကောင်ကြေညာချက် (WT/MIN(05)/DEC) ၏ အပိုဒ် ၃၃ နှင့် နောက်ဆက်တွဲ (င)တို့တွင်ပါရှိသော အခွင့်အာဏာလုပ်ပိုင် ခွင့်များနှင့် စည်းမျဉ်းများအား ပြန်လည်အမှတ်ရ အတည်ပြုခြင်းကြောင့် ကုန်စည်ကူးပြောင်းခြင်း အပါအဝင် ကုန်စည်များရွှေ့ပြောင်းခြင်း၊ ထုတ်ပေးခြင်းနှင့် ရှင်းလင်းခြင်းတို့ ပိုမိုလျှင်မြန်သွက်လက် စေရေးအမြင်ဖြင့် GATT 1994 စည်းမျဉ်း ၅ ၊ ၈ ၊ ၁၀ တို့နှင့်စပ်လျဉ်းပြီး ပိုမိုရှင်းလင်းကောင်းမွန် လာစေရန် ရည်သန်ခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံများ ၏ သီးခြားစီလိုအပ်ချက်များကို သဘောပေါက်အလေးထားခြင်းနှင့်အတူ အဆိုပါ နယ်ပယ်အတွင်း စွမ်းရည်တည်ဆောက်ခြင်းဆိုင်ရာ ကူညီပံ့ပိုးမှုများ ပိုမိုကောင်းမွန်ထိရောက်လာစေရန် ဆန္ဒရှိခြင်း ကြောင့် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုချောမွေ့စေရန်နှင့် အကောက်ခွန်လုပ်ငန်းဆိုင်ရာ စည်းကမ်းကြပ်မတ်မှုတို့တွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း အသိအမှတ်ပြု အလေးထားခြင်းကြောင့် အောက်ပါအတိုင်း ဤသို့ သဘောတူညီကြသည်။

## ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးသဘောတူညီချက်

## အခန်း(၁)

## စည်းမျဉ်း-၁

## သတင်းအချက်အလက်ထုတ်ပြန်မှုနှင့် ရရှိမှု

၁။ သတင်းအချက်အလက် ထုတ်ပြန်မှု

၁.၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ခွဲခြားမှုမရှိသော လွယ်ကူစွာရရှိစေနိုင်သော နည်းလမ်းအားဖြင့် အောက်ပါသတင်းအချက်အလက်များကို အစိုးရအဖွဲ့အစည်းများ၊ ကုန်သွယ်မှုပြုသူများနှင့် အခြားသော စိတ်ပါဝင်စားသူများအနေဖြင့် ယင်းတို့ကို ရရှိအကျွမ်းဝင်နိုင်စေရန်အလို့ငှာ လျင်မြန်စွာ ထုတ်ပြန်ပေးရမည် -

(က) သွင်းကုန်တင်သွင်းခြင်း၊ ပို့ကုန်တင်ပို့ခြင်းနှင့် တစ်ဆင့်ခံ ကုန်စည်အကူးအပြောင်း လုပ်ခြင်း (ဆိပ်ကမ်း၊ လေဆိပ်နှင့် အခြားသော ကုန်စည်ဝင်ပေါက်ထွက်ပေါက် လုပ်ငန်းစဉ်များ) ဆိုင်ရာ လုပ်ငန်းစဉ်များ၊ လိုအပ်သည့်ပုံစံများနှင့် စာရွက်စာတမ်းများ၊

( ခ ) မည်သည့်အကောက်ခွန်၊ အခွန်အမျိုးအစားမဆို ၎င်းတို့၏ သက်ဆိုင်ရာနှုန်းထားများ သို့မဟုတ် သွင်းကုန်၊ ပို့ကုန်နှင့် ဆက်စပ်နေသော အကောက်ခွန်၊ အခွန်အမျိုးအစား နှုန်းထားများ၊

( ဂ ) အစိုးရအဖွဲ့အစည်းများအပေါ် ကောက်ခံနေသည့် သို့မဟုတ် အစိုးရအဖွဲ့အစည်း များက ကောက်ခံနေသည့် သို့မဟုတ် သွင်းကုန်၊ ပို့ကုန် သို့မဟုတ် တစ်ဆင့်ခံကုန်စည် ကူးပြောင်းခြင်းနှင့်ဆက်စပ်နေသော ကောက်ခံငွေများနှင့် အခကြေးငွေများ၊

(ဃ) အကောက်ခွန်ကိစ္စရပ်များအတွက် ထုတ်ကုန်အမျိုးအစားခွဲခြားခြင်း သို့မဟုတ် တန်ဖိုးဖြတ်ခြင်း စည်းမျဉ်းစည်းကမ်းများ၊

( င ) ပင်ရင်းဒေသ စည်းမျဉ်းများနှင့် သက်ဆိုင်သော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အထွေထွေအကျုံးဝင် သက်ဆိုင်မှုရှိသော စီမံအုပ်ချုပ်ရေးပြဌာန်းချက်များ၊

( စ ) သွင်းကုန်၊ ပို့ကုန် သို့မဟုတ် တစ်ဆင့်ခံကုန်စည်ကူးပြောင်းမှု ကန့်သတ်ချက်များ သို့မဟုတ် တားမြစ်ချက်များ၊

(ဆ) သွင်းကုန်၊ ပို့ကုန် သို့မဟုတ် တစ်ဆင့်ခံ ကုန်စည်ကူးပြောင်းမှု လုပ်ထုံးလုပ်နည်းများ ချိုးဖောက်ခြင်းအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်များ၊

( ဇ ) အယူခံဝင်ခြင်း သို့မဟုတ် ပြန်လည်စစ်ဆေးသုံးသပ်ပေးခြင်းအတွက် လုပ်ထုံး လုပ်နည်းများ၊

( ဈ ) သွင်းကုန်၊ ပို့ကုန် သို့မဟုတ် တစ်ဆင့်ခံကုန်စည်ကူးပြောင်းမှုနှင့် သက်ဆိုင်သည့် နိုင်ငံ တစ်နိုင်ငံ သို့မဟုတ် နိုင်ငံများနှင့် အကျုံးဝင်နေသော သဘောတူညီချက်များ သို့မဟုတ် ယင်းနှင့်သက်ဆိုင်သမျှ ကဏ္ဍအစိတ်အပိုင်းတစ်ရပ်ရပ်နှင့်

(ည) ကိုတာအကောက်ခွန် စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ။

၁.၂။ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း သို့မဟုတ် ပေးအပ်ခြင်းတို့ ပြုလုပ်ရာတွင် ခြွင်းချက်အနေဖြင့် အပိုဒ် ၂.၂ တွင် ဖော်ပြထားသည့် အဖွဲ့ဝင်၏ ဘာသာစကားမှလွဲ၍ ဤပြဋ္ဌာန်းချက်များပါ မည်သည့်အကြောင်းအရာကိုမျှ အခြားဘာသာစကားဖြင့် အနက် အဓိပ္ပါယ်ကောက်ယူခြင်း မပြုရပါ။

၂။ အင်တာနက်မှတစ်ဆင့် ရရှိနိုင်သောသတင်းအချက်အလက်

၂.၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အောက်ပါသတင်းအချက်အလက်များကို အင်တာနက်မှတစ်ဆင့် ရရှိနိုင်အောင် ပြုလုပ်ရမည်ဖြစ်ပြီး သင့်လျော်သလို တတ်နိုင်သမျှတိုးချဲ့ ပြင်ဆင်ပေးသွားရမည်ဖြစ်သည်။

(က) အယူခံဝင်ခြင်း သို့မဟုတ် ပြန်လည်စစ်ဆေးသုံးသပ်ပေးခြင်းအတွက် လုပ်ထုံးလုပ်နည်းများ အပါအဝင် အစိုးရအဖွဲ့အစည်းများ၊ ကုန်သွယ်မှုပြုသူများနှင့် အခြားသော စိတ်ပါဝင်စားသူများအား သွင်းကုန်တင်သွင်းခြင်း၊ ပို့ကုန်တင်ပို့ခြင်းနှင့် တစ်ဆင့်ခံ ကုန်စည်အကူးအပြောင်း လုပ်ခြင်းဆိုင်ရာ လက်တွေ့လိုအပ်မည့် အဆင့်များအကြောင်း သိရှိစေနိုင်သည့်သွင်းကုန် တင်သွင်းခြင်း၊ ပို့ကုန်တင်ပို့ခြင်းနှင့် ကုန်စည်အကူး အပြောင်းလုပ်ခြင်း လုပ်ထုံးလုပ်နည်းများဆိုင်ရာ မိမိနိုင်ငံ၏ ဖော်ပြထားချက်၊

(ခ) အဖွဲ့ဝင်နိုင်ငံ၏ နယ်နိမိတ်အတွင်းသို့ သွင်းကုန်တင်သွင်းခြင်း၊ နယ်နိမိတ်မှ ပို့ကုန် တင်ပို့ခြင်း သို့မဟုတ် နယ်နိမိတ်အတွင်း ကုန်စည်အကူးအပြောင်းလုပ်ခြင်းတို့အတွက် လိုအပ်သည့် ပုံစံများနှင့် စာရွက်စာတမ်းများ၊

(ဂ) မိမိ၏ စုံစမ်းမေးမြန်းရန်နေရာ(-များ)၌ ထားရှိသည့် ဆက်သွယ်ရမည့်သတင်း အချက်အလက်။

[1]အဖွဲ့ဝင်တိုင်းတွင် ဤဖော်ပြထားချက်၏ ဥပဒေပိုင်းဆိုင်ရာကန့်သတ်ချက်များကို မိမိ၏ဝက်ဘ်ဆိုက်ပေါ်၌ဖော်ပြရန် ကိုယ်ပိုင်အခွင့်အာဏာရှိသည်။

၂.၂။ လက်တွေ့လုပ်ဆောင်နိုင်သည့်အခါတိုင်း အပိုဒ်ခွဲ ၂.၁ (က) ပါ ရည်ညွှန်းဖော်ပြချက်ကို WTO ၏ ခွင့်ပြုထားသည့် တရားဝင်ဘာသာစကားများအနက်မှ တစ်ခုဖြင့် ရယူနိုင်စေရမည်ဖြစ်သည်။

၂.၃။ သက်ဆိုင်သည့် ကုန်သွယ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများသာမက အပိုဒ် ၁.၁ ပါ အခြားသော ရည်ညွှန်းအကြောင်းအရာများ အပါအဝင် ကုန်သွယ်ရေးဆိုင်ရာ အခြားသတင်းအချက်အလက်များကို အင်တာနက်မှတစ်ဆင့်ရရှိနိုင်စေရေးဆောင်ရွက်ရန် အဖွဲ့ဝင်များအား တိုက်တွန်းအပ်သည်။

၃။ စုံစမ်းမေးမြန်းရန်နေရာများ

၃.၁။ အပိုဒ် ၁.၁ နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် အစိုးရအဖွဲ့အစည်းများ၊ ကုန်သွယ်ရေးမှုပြုသူများနှင့် အခြားသော စိတ်ပါဝင်စားသူများ၏ ကြောင်းကျိုးဆီလျော်စွာမေးမြန်းသိရှိလိုမှုများကို ဖြေကြားပေးနိုင်ရန်နှင့် အပိုဒ်ခွဲ ၁.၁ (က) ပါ ရည်ညွှန်းထားသည့် လိုအပ်သောပုံစံများနှင့် စာရွက်စာတမ်းများကို ထုတ်ပေးနိုင်ရန်အတွက် အဖွဲ့ဝင်တိုင်းသည် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စုံစမ်းမေးမြန်းရန်နေရာများကို မိမိတို့တွင်ရှိသော ရင်းမြစ်အတိုင်းအတာများဖြင့် တည်ထောင် သို့မဟုတ် ထိန်းသိမ်းထားရှိရမည်။

၃.၂။ အကောက်ခွန် သမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သို့မဟုတ် ဒေသဆိုင်ရာကုန်သွယ်ရေး ပေါင်းစည်းမှုအတွင်းပါဝင်သော အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဘုံလုပ်ထုံးလုပ်နည်းများအတွက် အပိုဒ် ၃.၁ ပါ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စေရန် ဒေသအဆင့် ဘုံအသုံးပြုနိုင်သော စုံစမ်းမေးမြန်းရန် နေရာများအား တည်ထောင်နိုင် သို့မဟုတ် ထိန်းသိမ်းထားရှိနိုင်ကြသည်။

၃.၃။ စုံစမ်းမေးမြန်းမှုများအား ဖြေကြားပေးခြင်းနှင့် လိုအပ်သည့်ပုံစံများ၊ စာရွက်စာတမ်းများအား ထုတ်ပေးခြင်းတို့အတွက် အခကြေးငွေကောက်ခံရေး မလိုအပ်စေရန် အဖွဲ့ဝင်များအား တိုက်တွန်းအပ်ပါသည်။ အကယ်၍ လိုအပ်မည်ဆိုပါကလည်း အဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ ငွေကြေးကောက်ခံမှုများနှင့် အခကြေးငွေများကို ပေးအပ်သည့်ဝန်ဆောင်မှုအတွက် ကုန်ကျစရိတ်နှင့် အနီးစပ်ဆုံး၊ ကာမိစေသော ပမာဏကိုသာ ကန့်သတ်ကောက်ခံရမည်ဖြစ်သည်။

၃.၄။ စုံစမ်းမေးမြန်းရန် နေရာများသည် သက်ဆိုင်ရာအဖွဲ့ဝင်တစ်ဦးစီအလိုက် သတ်မှတ်ထားသည့် အချိန်အတိုင်းအတာအတွင်း စုံစမ်းမေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခြင်း၊ ပုံစံများနှင့် စာရွက်စာတမ်းများ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး တောင်းဆိုမှု၏ သဘောသဘာဝနှင့် ခက်ခဲနက်နဲမှုအပေါ်မူတည်ကာ ကွဲပြားခြားနားကြမည် ဖြစ်သည်။

၄။ အသိပေးအကြောင်းကြားခြင်း

အဖွဲ့ဝင်တိုင်းသည် စည်းမျဉ်း ၂၃ ပါ အပိုဒ် ၁.၁ အရ ဖွဲ့စည်းတည်ထောင်ထားသည့် (ဤသဘောတူညီချက်အတွင်း ကော်မတီဟုရည်ညွှန်းထားသော) ကုန်သွယ်ရေး အထောက်အကူပြု ကော်မတီသို့ အောက်ပါတို့အား အသိပေးအကြောင်းကြားရမည်ဖြစ်ရာ

(က) အပိုဒ်ခွဲ ၁.၁ (က) မှ (ည) အထိ အကြောင်းအရာများအား ထုတ်ပြန်ဖော်ပြထားသည့် တရားဝင်သတ်မှတ်နေရာ (-များ)၊

( ခ ) အပိုဒ် ၂.၁ အတွင်း ရည်ညွှန်းထားသည့် ဝက်ဘ်ဆိုက်လိပ်စာများ၊

( ဂ ) အပိုဒ် ၃.၁ အတွင်း ရည်ညွှန်းထားသည့် စုံစမ်းမေးမြန်းရန် နေရာများအား ဆက်သွယ်ရမည့် သတင်းအချက်အလက်များ။

## စည်းမျဉ်း- ၂

## ထင်မြင်သုံးသပ်ချက်ပေးနိုင်မည့်အခွင့်အလမ်း အတည်ပြုမဖော်ပြရသေးသောသတင်းအချက်အလက်နှင့် ဆွေးနွေးတိုင်ပင်ခြင်း

၁။ ထင်မြင်သုံးသပ်ချက်ပေးနိုင်မည့် အခွင့်အလမ်းနှင့် အတည်ပြုမဖော်ပြရသေးသော သတင်းအချက်အလက်

၁.၁။ အဖွဲ့ဝင်တိုင်းသည် တစ်ဆင့်ခံကုန်စည် အကူးအပြောင်းလုပ်ခြင်း အပါအဝင် ကုန်စည်များ ရွှေ့ပြောင်းခြင်း၊ ထုတ်ပေးခြင်းနှင့် ရှင်းလင်းခြင်း စသည်တို့နှင့်သက်ဆိုင်သော အထွေထွေ အကျိုးဝင်သက်ဆိုင်မှုရှိသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား ထုတ်ပြန်ရန် သို့မဟုတ် ပြင်ဆင်မွမ်းမံရန် အဆိုပြုခြင်းအပေါ် ကုန်သွယ်မှုပြုသူများနှင့် အခြားသော စိတ်ပါဝင်စားသူများက ထင်မြင်သုံးသပ်နိုင်မည့် အခွင့်အရေးနှင့် သင့်လျော်သော အချိန်ကာလတို့ကို လက်တွေ့လုပ်ဆောင်နိုင်သော အတိုင်းအတာအပြင် မိမိတို့၏ သက်ဆိုင်ရာ ပြည်တွင်းဥပဒေ၊ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော နည်းလမ်းနှင့်အညီ ပေးအပ်ရမည်ဖြစ်သည်။

၁.၂။ အဖွဲ့ဝင်တိုင်းသည် တစ်ဆင့်ခံ ကုန်စည်အကူးအပြောင်းလုပ်ခြင်း အပါအဝင် ကုန်စည်များ ရွှေ့ပြောင်းခြင်း၊ ထုတ်ပေးခြင်းနှင့် ရှင်းလင်းခြင်းစသည်တို့နှင့် သက်ဆိုင်သော အထွေထွေ အကျိုးဝင်သက်ဆိုင်မှုရှိသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား အသစ်ပြဋ္ဌာန်းမှု သို့မဟုတ် ပြင်ဆင်မွမ်းမံမှု ပြုလုပ်ရမည်ဖြစ်ပြီး ယင်းတို့ကို ကုန်သွယ်မှုပြုသူများနှင့် အခြား

သော စိတ်ပါဝင်စားသူများက ရင်းနှီးကျွမ်းဝင်စေရန်အလို့ငှာ ယင်းတို့အား ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား တစ်နည်းနည်းဖြင့် အများပြည်သူသိရှိအောင် ပြုလုပ်ခြင်းကို လက်တွေ့လုပ်ဆောင်နိုင်သော အတိုင်းအတာ အပြင် မိမိတို့၏သက်ဆိုင်ရာ ပြည်တွင်းဥပဒေ၊ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော နည်းလမ်း နှင့်အညီ အဆိုပါ သတင်းအချက်အလက်များအား အတည်ပြုမဖော်ပြခင် တတ်နိုင်သမျှ ဆောလျင်စွာ ထုတ်ပြန်ပေးအပ်ရမည်။

၁.၃။ အကောက်ခွန်နှုန်းထား အပြောင်းအလဲများ၊ လျှော့ပေါ့ပေးသည့် အကျိုးသက်ရောက်မှုများ ရှိသော လုပ်ဆောင်မှုများ၊ ၎င်းတို့၏ သက်ရောက်မှုများအပေါ် တိုင်းတာမှုများကို အပိုဒ် ၁.၁ သို့မဟုတ် ၁.၂ တို့အား လေးစားလိုက်နာမှု ရလဒ်အဖြစ် လျှော့ပါးစေရမည်ဖြစ်ပြီး အရေးပေါ် အခြေအနေများနှင့် သက်ဆိုင်သောလုပ်ဆောင်မှုများ သို့မဟုတ် ပြည်တွင်းဥပဒေနှင့် ပြဋ္ဌာန်း ချက်များဆိုင်ရာ အသေးစားပြောင်းလဲမှုများကို အပိုဒ် ၁.၁ သို့မဟုတ် ၁.၂ တို့မှ အသီးသီး ဖယ်ထုတ်ပေးရမည်။

၂။ ဆွေးနွေးတိုင်ပင်ခြင်း

အဖွဲ့ဝင်တိုင်းသည် မိမိ၏ နယ်နိမိတ်အတွင်းတည်ရှိသော ကုန်သွယ်မှုပြုသူများ သို့မဟုတ် အခြားသောသက်ဆိုင်သူများနှင့် မိမိ၏ နယ်စပ်ဆိုင်ရာ အဖွဲ့အစည်းများအကြား သင့်လျော်သလို ပုံမှန်ဆွေးနွေး တိုင်ပင်မှုများ ရှိစေရမည်ဖြစ်သည်။

## စည်းမျဉ်း-၃

## အခွန်ဆိုင်ရာဆုံးဖြတ်ချက်များ

၁။ အဖွဲ့ဝင်တိုင်းသည် လိုအပ်သည့် အချက်အလက်များအားလုံး ပါရှိလျက် စာဖြင့်ရေးသား တောင်းဆိုတင်ပြထားသည့် လျှောက်ထားသူတစ်ဦးကို ကျိုးကြောင်းဆီလျော်မှုရှိပြီး အချိန်သတ်မှတ် ချက်ရှိသော နည်းလမ်းဖြင့် အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ် ထုတ်ပေးရမည်။ အဖွဲ့ဝင်တစ်ဦးသည် အကယ်၍ အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်အား ထုတ်ပေးရန် ငြင်းဆန်လိုပါက သက်ဆိုင်ရာ အကြောင်းရင်းများနှင့်အတူ ဆုံးဖြတ်ချက်အတွက် ထည့်သွင်းစဉ်းစားမှုများကို ဖော်ပြလျက် လျှောက်ထားသူထံ စာဖြင့် လျင်မြန်စွာ ရေးသားအသိပေးရမည်။

၂။ လျှောက်ထားမှုအတွင်း မေးခွန်းမေးမြန်းမှုပါလာသည့်အခါ အဖွဲ့ဝင်အနေဖြင့် လျှောက်ထားသူအား အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ် ထုတ်ပေးရန် ငြင်းဆန်နိုင်သည် –

(က) လျှောက်ထားသူ၏အမှုတွဲမှာ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်၊ အယူခံခုံရုံး သို့မဟုတ် တရားရုံးရှေ့မှောက်၌ ကြန့်ကြာဆိုင်းငံ့ခံထားရသလား သို့မဟုတ်

( ခ ) အယူခံခုံရုံး သို့မဟုတ် တရားရုံးတစ်ရပ်ရပ်က ဆုံးဖြတ်ချက်ချထားပြီးသလား။

၃။ ဆုံးဖြတ်ထားချက်အား ပြောင်းလဲစေနိုင်သော ဥပဒေ၊ အကြောင်းအချက်များ သို့မဟုတ် အခြေအနေများ မရှိပါက အခွန်ဆိုင်ရာဆုံးဖြတ်ချက်တစ်ရပ်အားထုတ်ပေးပြီးနောက် သင့်လျော်သော အချိန်ကာလတစ်ရပ်တိုင်အောင် ယင်းဆုံးဖြတ်ချက်အနေဖြင့် အကျုံးဝင်ခိုင်မာမှုရှိသည်။

၄။ အဖွဲ့ဝင်အနေဖြင့် အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်အား ပြန်လည်ရုပ်သိမ်းခြင်း၊ အသစ်ပြင်ဆင်မွမ်းမံခြင်း သို့မဟုတ် ပျက်ပြယ်စေလိုသည့်အခါ ယင်းအနေဖြင့် သက်ဆိုင်ရာ အကြောင်းရင်းများနှင့်တကွ ဆုံးဖြတ်ချက်အတွက် ထည့်သွင်းစဉ်းစားမှုများကို ဖော်ပြလျက် လျှောက်ထားသူထံ စာဖြင့် ရေးသားအသိပေးရမည်။ အဖွဲ့ဝင်တစ်ဦးအနေဖြင့် ဆုံးဖြတ်ချက်များအား နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုရှိစေခြင်းနှင့်အတူ ပြန်လည်ရုပ်သိမ်းခြင်း၊ အသစ်ပြင်ဆင်မွမ်းမံခြင်း သို့မဟုတ် ပျက်ပြယ်စေလိုသည့်အခါ ဆုံးဖြတ်ချက်များအနေဖြင့် မပြည့်စုံသော၊ မမှန်ကန်သော၊ မှားယွင်းနေသော သို့မဟုတ် လွဲချော်စေသော အချက်အလက်များအပေါ် အခြေခံထားမှသာလျှင် ထိုသို့ လုပ်ဆောင်နိုင်သည်။

၅။ အဖွဲ့ဝင်တစ်ဦးက ထုတ်ပေးသည့် အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်အတွက် ယင်းအား တောင်းခံသည့် သက်ဆိုင်ရာလျှောက်သူနှင့် ပတ်သက်ပြီး အဖွဲ့ဝင်က တာဝန်ခံပေးရမည်။ အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်အတွက်လည်း လျှောက်ထားသူက တာဝန်ခံသည်ဟု အဖွဲ့ဝင်များက သတ်မှတ်နိုင်သည်။

၆။ အဖွဲ့ဝင်တိုင်း အနည်းဆုံးအားဖြင့် ပုံနှိပ်ထုတ်ပြန်ရမည်မှာ –

(က) ပေးအပ်ရမည့် အချက်အလက်များနှင့် ပုံစံများအပါအဝင် အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်အတွက် လျှောက်လွှာတွင် လိုအပ်သည့်အချက်များ၊

( ခ ) အခွန်ဆိုင်ရာဆုံးဖြတ်ချက်တစ်ရပ်အားထုတ်ပေးမည့် အချိန်ကာလနှင့်

( ဂ ) အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ် အကျုံးဝင်ခိုင်မာမှုရှိနေမည့် အချိန်ကာလ အတိုင်းအတာ။

၇။ အဖွဲ့ဝင်တိုင်းသည် လျှောက်ထားသူ၏ စာဖြင့် ရေးသားတောင်းဆိုမှုအပေါ် အခြေခံကာ အခွန်ဆိုင်ရာဆုံးဖြတ်ချက်[၂] အား ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းသည့် အသစ်ပြင်ဆင်မွမ်းမံသည့် သို့မဟုတ် ပျက်ပြယ်စေသည့် ဆုံးဖြတ်ချက်အား ပြန်လည်သုံးသပ်ခြင်း ပြုရမည်ဖြစ်သည်။

၈။ အဖွဲ့ဝင်တိုင်းသည် အခွန်ဆိုင်ရာဆုံးဖြတ်ချက်နှင့် သက်ဆိုင်သော မည်သည့်သတင်း အချက်အလက်မဆိုအား အများသိရှိနိုင်အောင် ကြိုးပမ်းရမည်ဖြစ်ပြီး စီးပွားရေးအရ အရေးပါသည့် အချက်အလက်များကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း ထည့်သွင်းစဉ်းစားလျက် အခြားသော စိတ်ပါဝင်စားသူများအတွက် အကျိုးစီးပွား ထူးထူးခြားခြားရှိစေမည့် သတင်းအချက်အလက်များ ဖြစ်စေရမည်ဖြစ်သည်။

၉။ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် သက်ရောက်မှု အတိုင်းအတာ

(က) အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်ဆိုသည်မှာ အောက်ပါအချက်နှစ်ချက်နှင့် စပ်လျဉ်းပြီး ကုန်စည်တင်သွင်းသည့် အချိန်တွင် အဖွဲ့ဝင်ဖြစ်သူက ပေးအပ်မည်ဖြစ်ကြောင်း လိုက်နာဆောင်ရွက်ဖွယ်ရာကို ဖော်ပြထားသည့် လျှောက်လွှာအရ သက်ဆိုင်ရာ ကုန်စည်အား တင်သွင်းခြင်းမပြုမီ လျှောက်ထားသူထံသို့ အဖွဲ့ဝင်ဖြစ်သူက ထုတ်ပေးထားသော စာဖြင့်ရေးသားဆုံးဖြတ်ချက်ဖြစ်သည် –

(၁) ကုန်စည်၏ အကောက်ခွန်အမျိုးအစား သတ်မှတ်ချက်

(၂) ကုန်စည်၏ ပင်ရင်းဇစ်မြစ်[၃]

---

[၂]ဤအပိုဒ်အရ(က) အခွန်ဆိုင်ရာဆုံးဖြတ်ချက်အား ပိုမိုအဆင့်မြင့်မားသည့် သို့မဟုတ် လွတ်လပ်သောအုပ်ချုပ်ရေးအာဏာပိုင် သို့မဟုတ် တရားစီရင်ရေး အာဏာပိုင်သို့ မတင်ပြမီ သို့မဟုတ် တင်ပြပြီးနောက်တွင် ယင်းဆုံးဖြတ်ချက်အားထုတ်ပေးသည့် အရာရှိ၊ ရုံး၌ာန ၊ သို့မဟုတ် အာဏာပိုင်အဖွဲ့က သုံးသပ်စစ်ဆေးမှုတစ်ရပ်အား ပေးအပ်နိုင်သည် ၊ (ခ) အဖွဲ့ဝင်သည် စည်းမျဉ်း ၄ အပိုဒ် ၁ အတွက်ရင်းမြစ်အား လျှောက်ထားသူသို့ ပေးအပ်ရန်မလိုအပ်ပေ။

[၃]ကုန်စည်၏ ပင်ရင်းဇစ်မြစ်အတွက် အခွန်ဆိုင်ရာဆုံးဖြတ်ချက်တစ်ရပ်သည် ပင်ရင်းဇစ်မြစ်ဆိုင်ရာ စည်းမျဉ်းသဘောတူညီမှု ရည်ရွယ်ချက်များအတွက် ပင်ရင်းစစ်ဆေးအကဲဖြတ်မှုဖြစ်နိုင်ပြီး ဆုံးဖြတ်ချက်သည် ဤသဘောတူညီချက်နှင့် အဆိုပါစည်းမျဉ်းသဘောတူညီမှုတို့အတွက် လိုအပ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်ကြောင်း နားလည်ပြီးဖြစ်သည်။ အလားတူပင် ပင်ရင်းဇစ်မြစ်ဆိုင်ရာစည်းမျဉ်းသဘောတူညီမှုအရ ပင်ရင်းစစ်ဆေးအကဲဖြတ်မှုသည် ဤသဘောတူညီချက်၏ရည်ရွယ်ချက်များအတွက် ကုန်စည်တစ်ခု၏ ပင်ရင်းအပေါ်ရှိ အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်နိုင်ပြီး ယင်းသည် သဘောတူညီချက် နှစ်ခုစလုံးအတွက် လိုအပ်ချက်များနှင့်ကိုက်ညီရမည်။ အဖွဲ့ဝင်များအနေဖြင့် ဤစည်းမျဉ်းအတွက်လိုအပ်ချက်များအား ဖြည့်ဆည်းပြီးမှသာ ပင်ရင်းစစ်ဆေးအကဲဖြတ်မှုနှင့်ဆက်စပ်သော ဇစ်မြစ်ဆိုင်ရာစည်းမျဉ်းသဘောတူညီမှုအားလိုက်နာရန်ချမှတ်ထားသည့် လိုအပ်ချက်များအပြင် ဤပြဋ္ဌာန်းချက်အောက်တွင် သီးခြားအစီအစဉ်များချမှတ်ရန် မလိုအပ်ပေ။

( ခ ) အပိုဒ်ခွဲ(က)တွင် သတ်မှတ်ထားသည့် အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်များအပြင် အောက်ပါတို့နှင့် ပတ်သက်၍လည်း အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရန် အဖွဲ့ဝင်များအား တိုက်တွန်းအပ်သည် –

(၁) သီးခြားသက်ဆိုင်ရာ အကြောင်းအချက်များအရ အကောက်ခွန်တန်ဖိုးအား ဆုံးဖြတ်ရာတွင် အသုံးပြုရန်အတွက် သင့်လျော်သည့်နည်းလမ်း သို့မဟုတ် စံနှုန်းနှင့် ယင်းနှင့်သက်ဆိုင်သမျှ လျှောက်ထားမှု၊

(၂) အကောက်ခွန်များမှ သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်အတွက် အဖွဲ့ဝင်ဘက်မှ လိုလားတောင်းဆိုချက်များ၏ အကျုံးဝင်သက်ဆိုင်မှု၊

(၃) ကိုတာအကောက်ခွန်သတ်မှတ်ချက်အပါအဝင် ကိုတာသတ်မှတ်ချက်များ အတွက် အဖွဲ့ဝင်ဘက်မှ လိုလားတောင်းဆိုချက်များအား ကျင့်သုံးမှု

(၄) အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်အား ထုတ်ပေးရန်သင့်လျော်သည်ဟု အဖွဲ့ဝင်ကစဉ်းစားသည့် အခြားသောကိစ္စရပ်များ

( ဂ ) လျှောက်ထားသူတစ်ဦးသည် ပို့ကုန်တင်ပို့သူ၊ သွင်းကုန်တင်သွင်းသူ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် သက်သေခိုင်လုံသော အကြောင်းရင်းရှိသူတစ်ဦး သို့မဟုတ် ကိုယ်စားလှယ်စသည် တစ်ဦးဦးဖြစ်သည်။

(ဃ) အဖွဲ့ဝင်အနေဖြင့် မိမိ၏နယ်နိမိတ်အတွင်း လျှောက်ထားသူတွင် ဥပဒေကြောင်းအရ ကိုယ်စားပြုမှုရှိရန် သို့မဟုတ် မှတ်ပုံတင်ရှိရန် လိုအပ်ကောင်းလိုအပ်နိုင်သည်။ ဖြစ်နိုင်ချေရှိသော အတိုင်းအတာတစ်ရပ်အထိ ဤကဲ့သို့ လိုအပ်ချက်များမှာ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် အထူးတလည် လိုအပ်မှုများအပေါ် သီးခြားစဉ်းစားပေးမှုနှင့်အတူ အခွန်ဆိုင်ရာ ဆုံးဖြတ်ချက်များ လျှောက်ထားရန် အရည်အချင်းကိုက်ညီသည့် လူပုဂ္ဂိုလ်အမျိုးအစားများအပေါ် ကန့်သတ်မှု ဖြစ်စေမည် မဟုတ်ပေ။ အဆိုပါ လိုအပ်ချက်များအနေဖြင့် ရှင်းလင်းကာပွင့်လင်း မြင်သာမှုရှိရမည်ဖြစ်ပြီး တစ်ဖက်သတ်ဆန်သည့် သို့မဟုတ် မလျော်ကန်သည့် ခွဲခြားဘက်လိုက်မှု များ မပါဝင်စေရပါ။

# ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးသဘောတူညီချက်

## စည်းမျဉ်း-၄

## အယူခံဝင်ခြင်း သို့မဟုတ် ပြန်လည်စစ်ဆေးသုံးသပ်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများ

၁။ အဖွဲ့ဝင်တိုင်းသည် မိမိ၏နယ်နိမိတ်အတွင်း အကောက်ခွန်ပိုင်းမှ စီမံဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်[၄] အား ထုတ်ပေးလိုက်သည့် လူတစ်ဦးထံ၌ အောက်ပါအခွင့်အရေးများ ရှိစေရန် ပံ့ပိုးပေးရမည်ဖြစ်သည် –

(က) ဆုံးဖြတ်ချက်ချမှတ်သည့် အရာရှိ သို့မဟုတ် ဌာနဆိုင်ရာထက် ပိုမိုအဆင့်မြင့်မားသည့် သို့မဟုတ် ယင်းတို့နှင့် ကင်းလွတ်သည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းထံသို့ အုပ်ချုပ်ရေးပိုင်းအယူခံဝင်ခွင့် သို့မဟုတ် အဆိုပါ အဖွဲ့အစည်းမှ ပြန်လည်စစ်ဆေးသုံးသပ်ခွင့်၊

( ခ ) ဆုံးဖြတ်ချက်အပေါ် တရားရုံးသို့ အယူခံဝင်ခြင်း သို့မဟုတ် ပြန်လည်စစ်ဆေးသုံးသပ်စေခြင်း။

၂။ အဖွဲ့ဝင်၏ တရားဥပဒေစနစ်အရ အုပ်ချုပ်ရေးပိုင်းအယူခံဝင်ခွင့် သို့မဟုတ် ပြန်လည်စစ်ဆေးသုံးသပ်ခွင့် တစ်ရပ်အား တရားရုံးသို့အယူခံဝင်ခြင်း သို့မဟုတ် ပြန်လည်စစ်ဆေးသုံးသပ်စေခြင်းမတိုင်ခင် လုပ်ဆောင်စေရန် လိုအပ်ကောင်း လိုအပ်နိုင်သည်။

၃။ အဖွဲ့ဝင်တိုင်းသည် အယူခံဝင်ခွင့် သို့မဟုတ် ပြန်လည်စစ်ဆေးသုံးသပ်ခွင့်ဆိုင်ရာ မိမိတို့၏ လုပ်ထုံးလုပ်နည်းများအနေဖြင့် ဘက်လိုက်ခွဲခြားမှုကင်းသော နည်းလမ်းများဖြင့် ဆောင်ရွက်ကြောင်း သေချာစေရမည်ဖြစ်သည်။

[၄] ဤစည်းမျဉ်းပါ စီမံဆုံးဖြတ်ချက်တစ်ရပ်ဆိုသည်မှာ တစ်ဦးချင်းဆိုင်ရာ အမှုကိစ္စတစ်ရပ်တွင် သက်ဆိုင်သည့် လူပုဂ္ဂိုလ်၏ အခွင့်အရေးများနှင့် လိုက်နာဖွယ်ရာတာဝန်များကို ဥပဒေပိုင်းအကျိုးသက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်ဖြစ်သည်။ ဤစည်းမျဉ်းပါ စီမံဆုံးဖြတ်ချက်တစ်ရပ်သည် GATT 1994 ၏ စည်းမျဉ်း ၁၀ အဓိပ္ပါယ်ဖွင့်ဆိုမှုအတွင်း စီမံအုပ်ချုပ်ရေးလုပ်ဆောင်ချက်တစ်ရပ်နှင့် အကျုံးဝင်ခြင်း သို့မဟုတ် အဖွဲ့ဝင်၏ ပြည်တွင်းဥပဒေနှင့် တရားစီရင်ရေးစနစ်အတွင်း ပြဋ္ဌာန်းထားသည့်အတိုင်း အုပ်ချုပ်ရေးလုပ်ဆောင်ချက်တစ်ရပ် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန်ပျက်ကွက်ခြင်းတို့နှင့် အကျုံးဝင်ကြောင်း နားလည်ပြီးဖြစ်သည်။ ယင်းသို့ပျက်ကွက်ခြင်းအား ဖြေရှင်းရန်အတွက် အဖွဲ့ဝင်များသည် အစားထိုးစရာ အုပ်ချုပ်ရေးယန္တရားတစ်ရပ် သို့မဟုတ် တရားရေးဆိုင်ရာရင်းမြစ်ကိုအကောက်ခွန်အာဏာပိုင်များအား အပိုဒ်ခွဲ ၁(က)ပါ အယူခံဝင်ပိုင်ခွင့် သို့မဟုတ် ပြန်လည်သုံးသပ်စစ်ဆေးခွင့်အတွက် အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်တစ်ရပ် လျင်မြန်စွာချမှတ်နိုင်အောင်ညွှန်ကြားဖို့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄။ အဖွဲ့ဝင်တိုင်းသည် အပိုဒ်ခွဲ ၁ (က) အရ အယူခံဝင်ခွင့် သို့မဟုတ် ပြန်လည်စစ်ဆေးသုံးသပ်ခွင့် ဆုံးဖြတ်ချက်အား အောက်ပါတစ်ရပ်ရပ်အရ ချမှတ်ပေးအပ်ခြင်းမရှိကြောင်း သေချာစေရမည် ဖြစ်သည် –

(က) မိမိ၏တရားဥပဒေတွင် ချမှတ်ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သို့မဟုတ်

( ခ ) အလွန်အမင်း နှောင့်နှေးကြန့်ကြာမှုမရှိဘဲ။

အသနားခံစာတင်သူထံတွင် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ထံသို့ ထပ်မံအယူခံဝင်ပိုင်ခွင့် သို့မဟုတ် ယင်းအဖွဲ့၏ အခွင့်အာဏာ[၅] အရ သို့မဟုတ် တရားရေး၏အခွင့်အာဏာအရ သို့မဟုတ် တရားရုံး၏ အခွင့်အာဏာအတွက် အခြားရင်းမြစ်တစ်ရပ်ရပ်အရ ပြန်လည်စစ်ဆေးသုံးသပ်ပေးရန် တောင်းဆိုခွင့် ရှိသည်။

၅။ အဖွဲ့ဝင်တိုင်းသည် အပိုဒ် ၁ အတွင်း ရည်ညွှန်းခံရသည့် ပုဂ္ဂိုလ်အနေဖြင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များ ရရှိစေပြီးဖြစ်ကြောင်း သေချာစေရမည်ဖြစ်ရာ ယင်းပုဂ္ဂိုလ်အနေဖြင့် လိုအပ်သည့်အခါ အယူခံဝင်ရန် သို့မဟုတ် ပြန်လည်စစ်ဆေးသုံးသပ်ခွင့်ရရန် လုပ်ထုံးလုပ်နည်းဆိုင်ရာ ရင်းမြစ်များရရှိနိုင်စေရန်အတွက် ဖြစ်သည်။

၆။ အဖွဲ့ဝင်တိုင်းအား အကောက်ခွန်မှအပ သက်ဆိုင်ရာ နယ်စပ်အဖွဲ့အစည်းတစ်ရပ်က ထုတ်ပေးထားသည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်နှင့် အကျုံးဝင်သည့် ဤစည်းမျဉ်းပြဋ္ဌာန်းချက်များကိုချမှတ်ရန် တိုက်တွန်းအပ်သည်။

## စည်းမျဉ်း-၅
## သမာသမတ်ကျမှု တိုးတက်ကောင်းမွန်စေသည့် အခြားသောလုပ်ဆောင်ချက်များ ဘက်လိုက်ခွဲခြားမှုကင်းခြင်းနှင့် ပွင့်လင်းမြင်သာခြင်း

၁။ ပိုမိုကောင်းမွန်သည့် ထိန်းချုပ်မှုများ သို့မဟုတ် စစ်ဆေးခြင်းများအတွက် အသိပေးနှိုးဆော်ခြင်း အဖွဲ့ဝင်နိုင်ငံအနေဖြင့်  မိမိ၏ နယ်နိမိတ်အတွင်း လူ၊ အပင်၊ တိရစ္ဆာန် ပိုးမွှားရောဂါကင်းစင်

[၅]ဤအပိုဒ်ပါ မည်သည့်အကြောင်းကမျှ အဖွဲ့ဝင်တစ်ဦးအား ၎င်း၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသနားခံသူအား အလေးပေးသည့် ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် အယူခံဝင်ခြင်း သို့မဟုတ် ပြန်လည်စစ်ဆေးခြင်းအပေါ် အုပ်ချုပ်ရေးအရ ခွင့်ပြုမှုကိုလက်ခံခြင်းမှ မတားမြစ်နိုင်ပါ။

ရေးအတွက် အသိပေးနှိုးဆော်ချက် သို့မဟုတ် လမ်းညွှန်ချက်အရအကျုံးဝင်သည့် အစားအစာများ၊ အဖျော်ယမကာများ၊ သို့မဟုတ် တိရစ္ဆာန်အစာများကို နယ်စပ်၌ ထိန်းချုပ်သည့် သို့မဟုတ် စစ်ဆေးသည့်အဆင့်များ ပိုမိုကောင်းမွန်စေရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ အသိပေးနှိုးဆော်ချက်များ သို့မဟုတ် လမ်းညွှန်ချက်များထုတ်ပြန်သည့် စနစ်တစ်ရပ်အား ထူထောင်ခြင်း သို့မဟုတ် ဆက်လက်ထိန်းသိမ်းခြင်းပြုသည့်အခါ ယင်းတို့အား ထုတ်ပြန်ခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းတို့နှင့်ပတ်သက်၍ အောက်ပါစည်းကမ်းချက်များကို လိုက်နာကျင့်သုံးရမည် ဖြစ်သည် -

(က) အဖွဲ့ဝင်အနေဖြင့် ကျရောက်နိုင်သည့် အန္တရာယ်အပေါ်အခြေခံကာ အသိပေးနှိုးဆော်ချက်များ သို့မဟုတ် လမ်းညွှန်ချက်များကို သင့်လျော်သလို ထုတ်ပြန်နိုင်သည်။

(ခ) အဖွဲ့ဝင်အနေဖြင့် အသိပေးနှိုးဆော်ချက်များ သို့မဟုတ် လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်ပြီး ကျန်းမာရေးနှင့် အပင်ရောဂါပိုးမွှားကင်းစင်သည့် အခြေအနေများ အပေါ် အခြေခံထားသည့် အသိပေးနှိုးဆော်ချက်များ သို့မဟုတ် လမ်းညွှန်ချက်များကို ယင်းအားကျင့်သုံးနေသည့် နေရာများတွင်သာ ညီတူညီမျှ ကျင့်သုံးနိုင်မည်ဖြစ်သည်။

(ဂ) အခြေအနေများအနေဖြင့် ဆက်လက်ဖြစ်ပေါ်ရန် မရှိနိုင်သောအခါ သို့မဟုတ် အကယ်၍ ပြောင်းလဲသွားသော အခြေအနေများကို ကုန်သွယ်ရေးတင်းကျပ်မှုနည်းပါးသော နည်းလမ်းအားဖြင့် ဖြေရှင်းနိုင်သောအခါ အဖွဲ့ဝင်အနေဖြင့် အသိပေးနှိုးဆော်ချက် သို့မဟုတ် လမ်းညွှန်ချက်ကို လျင်မြန်စွာရပ်ဆိုင်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းပြုရမည်။

(ဃ) အဖွဲ့ဝင်အနေဖြင့် အသိပေးနှိုးဆော်ချက် သို့မဟုတ် လမ်းညွှန်ချက်အား ရပ်ဆိုင်းရန် သို့မဟုတ် ဆိုင်းငံ့ရန်ဆုံးဖြတ်သည့်အခါ ၎င်း၏ ရပ်စဲကြောင်း သို့မဟုတ် ဆိုင်းငံ့ကြောင်းကြေညာချက်အား ဘက်လိုက်ခွဲခြားမှုမရှိသော အလွယ်တကူရရှိ စေနိုင်သောနည်းလမ်းအားဖြင့် သင့်လျော်သလို လျင်မြန်စွာ အသိပေးထုတ်ပြန်ခြင်း ပြုရမည် သို့မဟုတ် တင်ပို့သည့်အဖွဲ့ဝင် သို့မဟုတ် တင်သွင်းသူအား အသိပေးခြင်း ပြုရမည်။

၂။ ထိန်းသိမ်းထားရှိခြင်း

အကောက်ခွန်ဌာနမှ သို့မဟုတ် အလားတူ အခြားအာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ်မှ စစ်ဆေးရန်အတွက် တင်သွင်းရန် ကြေညာထားပြီးဖြစ်သော ကုန်စည်အား ထိန်းသိမ်းထားရှိသည့် ကိစ္စရပ်မျိုးတွင် အဖွဲ့ဝင်နိုင်ငံအနေဖြင့် သယ်ယူလာသူ သို့မဟုတ် တင်သွင်းသူအား လျင်မြန်စွာ အသိပေးရမည်ဖြစ်သည်။

၃။ စစ်ဆေးမှုလုပ်ထုံးလုပ်နည်းများ

၃.၁။ ရောက်ရှိလာသည့် တင်သွင်းရန် ကြေညာထားပြီးဖြစ်သော ကုန်စည်နမူနာအချို့၏ ပထမအကြိမ်စစ်ဆေးမှုရလဒ်မှာ ဆန့်ကျင်ဘက်တွေ့ရှိချက်မျိုး ဖြစ်နေသည့်အခါမျိုးတွင် တောင်းဆိုမှုအပေါ်မူတည်ကာအဖွဲ့ဝင်အနေဖြင့် ဒုတိယအကြိမ်စစ်ဆေးခြင်းကို ခွင့်ပြုနိုင်သည်။

၃.၂။ အဖွဲ့ဝင်အနေဖြင့် စစ်ဆေးမှုပြုနိုင်သော ဓာတ်ခွဲခန်းတစ်ခုခု၏ အမည်နှင့် လိပ်စာအား ဘက်လိုက်ခွဲခြားမှုမရှိသော အလွယ်တကူရရှိစေနိုင်သော နည်းလမ်းအားဖြင့် ထုတ်ပြန်ခြင်း သို့မဟုတ် အပိုဒ် ၃.၁ အရ ပြဋ္ဌာန်းထားသော အခွင့်အလမ်းမျိုး ခွင့်ပြုခြင်းခံရသည့်အခါ ယင်းသတင်းအချက်အလက်အား သွင်းကုန်တင်သွင်းသူထံသို့ ပေးအပ်ခြင်းပြုရမည်ဖြစ်သည်။

၃.၃။ ကုန်စည်ထုတ်ပေးရန်နှင့် ရှင်းလင်းရန်အတွက် အကယ်၍ သင့်တော်မည်ဆိုပါက အဖွဲ့ဝင်အနေဖြင့် အပိုဒ် ၃.၁ အရ လုပ်ဆောင်ခဲ့သည့် ဒုတိယအကြိမ် စစ်ဆေးမှုရလဒ်ကို ထည့်သွင်းစဉ်းစားပြီး ယင်းစစ်ဆေးမှုရလဒ်အား လက်ခံနိုင်ပါသည်။

## စည်းမျဉ်း-၆

## သွင်းကုန်တင်သွင်းခြင်း၊ ပို့ကုန်တင်ပို့ခြင်းတို့နှင့်စပ်လျဉ်းသည့် သို့မဟုတ် ကောက်ခံသည့်အခကြေးငွေများနှင့် ကောက်ခံငွေများ သို့မဟုတ် ဒဏ်ကြေးများဆိုင်ရာ စည်းကမ်းချက်များ

၁။ သွင်းကုန်တင်သွင်းခြင်း၊ ပို့ကုန်တင်ပို့ခြင်းတို့နှင့်စပ်လျဉ်းသည့် သို့မဟုတ် ကောက်ခံသည့် အခကြေးငွေများနှင့် ကောက်ခံငွေများ ဆိုင်ရာ အထွေထွေစည်းကမ်းချက်များ

၁.၁။ အပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်များကို သွင်းကုန်နှင့် ပို့ကုန်ခွန်များအပြင် ကုန်စည်များတင်သွင်းခြင်း၊ တင်ပို့ခြင်းအပေါ် သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်းပြီး GATT 1994 ပါ Article ၃ အရ အဖွဲ့ဝင်များက ကောက်ခံသည့် အခွန်များမှလွဲ၍ အခြားသော အခကြေးငွေများနှင့် ကောက်ခံငွေများအပေါ် အကျုံးဝင် သက်ဆိုင်စေရမည်။

၁.၂။ အခကြေးငွေများ၊ ကောက်ခံငွေများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စည်းမျဉ်း ၁ နှင့်အညီ ထုတ်ပြန်အသိပေးရမည်။ အဆိုပါ သတင်းအချက်အလက်များတွင် ကောက်ခံမည့် အခကြေးငွေများ၊ ကောက်ခံငွေများ၊ ယင်းတို့အား ကောက်ခံရသည့် အကြောင်းအရင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနှင့် ပေးရမည့်အချိန်၊ နည်းလမ်း စသည်တို့ ပါဝင်ရမည်။

၁.၃။ ခြွင်းချက်အားဖြင့် အရေးပေါ်အခြေအနေမှလွဲ၍ အခကြေးငွေများ၊ ကောက်ခံငွေများ၏ နှုန်းထားအသစ်များ သို့မဟုတ် ပြင်ဆင်ခြင်းတို့ကိုထုတ်ပြန်ချိန်နှင့် ယင်းတို့ အမှန်တကယ် အတည်ဖြစ်လာချိန်အကြား လုံလောက်သည့်အချိန်ကာလ ရှိနေရမည်ဖြစ်သည်။ အဆိုပါ အခကြေးငွေများနှင့် ကောက်ခံငွေများကို ယင်းတို့နှင့်သက်ဆိုင်သည့် အချက်အလက်များ ထုတ်ပြန်ခြင်း မပြုသေးမီအချိန်အထိ ကောက်ခံခြင်းမပြုရပါ။

၁.၄။ လုပ်ဆောင်နိုင်မည်ဆိုပါက အဖွဲ့ဝင်အားလုံးအနေဖြင့် မိမိတို့၏ အခကြေးငွေများနှင့် ကောက်ခံငွေများကို ၎င်းတို့၏ အရေအတွက်နှင့် ကွဲပြားနေမှုတို့အား လျှော့ချနိုင်ရေးအမြင်ဖြင့် အချိန်ကာလ ပုံမှန်စစ်ဆေး သုံးသပ်မှုပြုရမည်။

၂။ သွင်းကုန်တင်သွင်းခြင်း ပို့ကုန်တင်ပို့ခြင်းတို့နှင့်စပ်လျဉ်းသည့် သို့မဟုတ် ကောက်ခံသည့် အကောက်ခွန်လုပ်ငန်းစဉ်ဆိုင်ရာ အခကြေးငွေများနှင့် ကောက်ခံငွေများအတွက် သက်ဆိုင်ရာ စည်းကမ်းချက်များ

**အကောက်ခွန်လုပ်ငန်းစဉ်အတွက် အခကြေးငွေများနှင့် ကောက်ခံငွေများ**

(၁) ဖော်ပြပါ သက်ဆိုင်ရာ သွင်းကုန် သို့မဟုတ် ပို့ကုန်လုပ်ငန်းနှင့်စပ်လျဉ်း၍ သို့မဟုတ် ယင်းတို့အတွက် ပေးအပ်သည့် ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်နှင့် အနီးစပ်ဆုံးပမာဏအား ကန့်သတ်ပေးရမည်။

(၂) ကုန်စည်များအပေါ် အကောက်ခွန်လုပ်ငန်းပိုင်း ဆောင်ရွက်ခြင်းနှင့် နီးကပ်စွာ ဆက်စပ်နေသော ဝန်ဆောင်မှုများအတွက် ယင်းတို့အပေါ် စည်းကြပ်ကောက်ခံ

ကြောင်းပြဋ္ဌာန်းထားမှသာလျှင် သက်ဆိုင်ရာသွင်းကုန် သို့မဟုတ် ပို့ကုန်လုပ်ငန်းတို့နှင့် ယင်းတို့အား ချိတ်ဆက်မနေစေရန် လိုအပ်မည်ဖြစ်သည်။

၃။ ဒဏ်ကြေးများဆိုင်ရာ စည်းကမ်းချက်များ

၃.၁။ အပိုဒ် ၃ ၏ ရည်ရွယ်ချက်အရ ဒဏ်ကြေးများဆိုသော စကားရပ်သည် အဖွဲ့ဝင်၏ အကောက်ခွန်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သို့မဟုတ် လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်ခြင်းအတွက် အဖွဲ့ဝင်၏ အကောက်ခွန်အုပ်ချုပ်ရေးက ချမှတ်သည့် ဒဏ်ကြေးများကို ဆိုလိုသည်။

၃.၂။ အဖွဲ့ဝင်တိုင်းသည် အကောက်ခွန်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သို့မဟုတ် လိုအပ်သည့်လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်းအတွက် ချမှတ်ခံရသော ဒဏ်ကြေးများအနေဖြင့် သက်ဆိုင်ရာအဖွဲ့ဝင်၏ ဥပဒေအရ ယင်းသို့ချိုးဖောက်မှုအတွက် တာဝန်ရှိသော ပုဂ္ဂိုလ်(-များ) အပေါ်တွင်သာ ချမှတ်ခြင်းဖြစ်စေရန် သေချာစေရမည်။

၃.၃။ ချမှတ်သောဒဏ်ကြေးကို အမှု၏ အကြောင်းအချက်များနှင့် အခြေအနေများအပေါ် မူတည်ချမှတ်ရန်ဖြစ်ကာ ချိုးဖောက်မှု၏ အတိုင်းအတာ၊ အတိမ်အနက်နှင့် မျှတမှုရှိစေရမည်ဖြစ်သည်။

၃.၄။ အဖွဲ့ဝင်တိုင်းသည် အောက်ပါတို့ကို ရှောင်လွဲနိုင်စေရန် လုပ်ဆောင်ချက်များအား ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ကြောင်း သေချာစေရမည်ဖြစ်ရာ

(က) ဒဏ်ကြေးများ၊ အကောက်ခွန်များ ကောက်ခံခြင်းနှင့် အကဲဖြတ်ခြင်းများအတွင်းရှိ ပဋိပက္ခများ၊

(ခ) အပိုဒ် ၃.၃ နှင့် ကိုက်ညီမှုမရှိသည့် ဒဏ်ကြေးတစ်ရပ်ကောက်ယူခြင်း သို့မဟုတ် အကဲဖြတ်ခြင်းအတွက် မက်လုံးတစ်ရပ် ဖန်တီးပေးခြင်း။

၃.၅။ အဖွဲ့ဝင်တိုင်းသည်အကောက်ခွန်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သို့မဟုတ် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်ခြင်းအတွက် ဒဏ်ကြေးတစ်ရပ်ချမှတ်သည့်အခါ ချိုးဖောက်မှု၏ သဘောသဘာဝနှင့် ငြိစွန်းသည့်သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း သို့မဟုတ် လုပ်ထုံးလုပ်နည်းတို့ကို ဖော်ပြကာ ချိုးဖောက်မှုအတွက် ပြဋ္ဌာန်းထားသည့် ဒဏ်ကြေးပမာဏ သို့မဟုတ် အတိုင်းအတာတို့နှင့်တကွ စာဖြင့် ရေးသားရှင်းလင်းချက်အား ဒဏ်ကြေးချမှတ်ခံရသည့် ပုဂ္ဂိုလ်(-များ) ရရှိကြောင်း သေချာစေရမည်ဖြစ်သည်။

၃.၆။ တစ်စုံတစ်ဦးသည် ချိုးဖောက်မှုအား အကောက်ခွန်အုပ်ချုပ်ရေးပိုင်းမှ ရှာဖွေဖော်ထုတ်နိုင်ခြင်းမတိုင်ခင် အကောက်ခွန် ဥပဒေများ ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်မိသည့် အခြေအနေများကို အဖွဲ့ဝင်၏ အကောက်ခွန် အုပ်ချုပ်ရေးပိုင်းသို့ မိမိသဘောအလျောက် ဖွင့်ဟမည်ဆိုပါက အဆိုပါ ပုဂ္ဂိုလ်အပေါ် ပြစ်ဒဏ်ချမှတ်သည့်အခါ သင့်လျော်ပါက အဖွဲ့ဝင်အနေဖြင့် ယင်းအချက်ကို လျှော့ပေါ့ပေးစေနိုင်မည့်အကြောင်းအချက် တစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားရန် တိုက်တွန်းအပ်သည်။

၃.၇။ ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များသည် အပိုဒ် ၃.၁ ထဲတွင် ရည်ညွှန်းထားသည့် တရားမဝင် ကုန်စည်ကူးပြောင်း သယ်ဆောင်ခြင်းအပေါ် ပြစ်ဒဏ်များချမှတ်ခြင်းနှင့်သက်ဆိုင်မှု ရှိမည်ဖြစ်သည်။

## စည်းမျဉ်း-၇

## ကုန်စည်များထုတ်ပေးခြင်းနှင့်ရှင်းလင်းခြင်း

၁။ ရောက်ရှိခြင်းမတိုင်ခင် လုပ်ဆောင်မှုများ

၁.၁။ အဖွဲ့ဝင်တိုင်းသည် ကုန်စည်များရောက်ရှိလာသောအခါ သွက်လက်စွာ ထုတ်ပေးနိုင်ရန်အတွက် ကုန်စည်များမရောက်ရှိခင် ကြိုတင်လုပ်ဆောင်မှုများ စတင်နိုင်ရန် ရောက်ရှိလာမည့် ကုန်စည်စာရင်းများအပါအဝင် သွင်းကုန်စာရွက်စာတမ်းများနှင့်အခြား လိုအပ်သည့် အချက်အလက်များကို တင်ပြနိုင်စေသည့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးစေ သို့မဟုတ် ဆက်လက်ထားရှိစေရမည်ဖြစ်သည်။

၁.၂။ အဖွဲ့ဝင်တိုင်းသည် အဆိုပါ စာရွက်စာတမ်းများအား ကုန်စည်မရောက်ခင် ကြိုတင်စစ်ဆေးကြည့်ရှုနိုင်ရန်အတွက် အီလက်ထရောနစ်ပုံစံဖြင့် ကုန်ချစာရွက်စာတမ်းများကို သင့်လျော်သလို ကြိုတင်စီမံထားရမည်။

၂။ အီလက်ထရောနစ်နည်းဖြင့် ငွေကြေးပေးချေခြင်း

အဖွဲ့ဝင်တိုင်းသည် လက်တွေ့ဆောင်ရွက်နိုင်သော အတိုင်းအတာ တစ်ရပ်အထိ သွင်းကုန်ပို့ကုန်ကိစ္စရပ်များအပေါ် အကောက်ခွန်ဌာနကကောက်ခံသည့် အကောက်ခွန်များ၊ အခွန်အခများ၊ ကောက်ခံငွေနှင့် အခကြေးငွေများကို အီလက်ထရောနစ်နည်းဖြင့် ပေးချေမှုအား ဆောင်ရွက်စေနိုင်သည့် လုပ်ထုံးလုပ်နည်းများအား ကျင့်သုံးစေ သို့မဟုတ် ဆက်လက်ထားရှိစေရမည် ဖြစ်သည်။

၃။ Custom Duty ဘယ်လောက်ကျလဲ မသတ်မှတ်မီ ကုန်ပစ္စည်းလွှဲပြောင်းလက်ခံခြင်း

၃.၁။ အဖွဲ့ဝင်တိုင်းသည် Custom Duty ဘယ်လောက်ကျလဲ မသတ်မှတ်မီ ကုန်ပစ္စည်းလွှဲပြောင်းလက်ခံခြင်းကို ဆုံးဖြတ်ခြင်းမတိုင်ခင် ယင်းကဲ့သို့ ဆုံးဖြတ်ခြင်းကို အခြားဥပဒေစည်းကမ်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်လိုအပ်ကြောင်း ပြဋ္ဌာန်းထားသည့်အခါနှင့် ကုန်စည်ရောက်ရှိခြင်းမတိုင်မီ၊ သို့မဟုတ် ရောက်ရှိစဉ် သို့မဟုတ် ရောက်ရှိလာပြီးနောက် တတ်နိုင်သမျှ လျင်မြန်စွာ ချမှတ်ဆုံးဖြတ်ခြင်းမရှိခဲ့ပါက ယင်းသို့နောက်ဆုံးသတ်မှတ်ဆုံးဖြတ်ခြင်းမတိုင်ခင် ရောက်ရှိလာသော ကုန်စည်များကို ထုတ်ပေးနိုင်မည့်လုပ်ထုံးလုပ်နည်းများအား ကျင့်သုံးစေ သို့မဟုတ် ဆက်လက်ထားရှိစေရမည်ဖြစ်သည်။

၃.၂။ ယင်းကဲ့သို့ ထုတ်ပေးရန်အခြေအနေတစ်ရပ်အနေဖြင့် အဖွဲ့ဝင်တစ်ဦးကလိုအပ်နိုင်သည်မှာ

(က) ကုန်စည်များ မရောက်ရှိခင် သို့မဟုတ် ရောက်ရှိစဉ် သတ်မှတ်ဆုံးဖြတ်ပြီးသော အကောက်ခွန်များ၊ အခွန်များ၊ အခကြေးငွေများ၊ ကောက်ခံငွေများအတွက်ပေးချေမှုများနှင့် အာမခံငွေတစ်ရပ်၊ ကြိုတင်သွင်းငွေတစ်ရပ်အဖြစ် သတ်မှတ်ဆုံးဖြတ်ခြင်းမပြုရသေးသည့် ငွေကြေးပမာဏတစ်ရပ်ရပ်အတွက် အာမခံငွေ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့ဝင်၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်း ပြဋ္ဌာန်းထားပါက သင့်လျော်သော အခြားနည်းလမ်းတစ်ရပ်ရပ် သို့မဟုတ်ပါက

( ခ ) အာမခံငွေတစ်ရပ်၊ ကြိုတင်သွင်းငွေတစ်ရပ် သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့ဝင်၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်း ပြဋ္ဌာန်းထားပါက သင့်လျော်သော အခြားနည်းလမ်း တစ်ရပ်ရပ်ပုံစံဖြင့် အာမခံငွေတစ်ရပ်။

၃.၃။ ယင်းကဲ့သို့အာမခံ ပမာဏများသည် အာမခံချက်အရသက်ဆိုင်သည့်ကုန်စည်များအတွက် နောက်ဆုံးအားဖြင့် ကျသင့်သော အကောက်ခွန်များ၊ အခွန်များ၊ အခကြေးငွေများနှင့် ကောက်ခံငွေများအတွက် ပေးချေကြောင်းသေချာရန် အဖွဲ့ဝင်အနေဖြင့် လိုအပ်နေသော ပမာဏထက် ကျော်လွန်ခြင်းမရှိစေရပါ။

၃.၄။ ငွေကြေးဆိုင်ရာပြစ်ဒဏ် သို့မဟုတ် ဒဏ်ကြေးငွေများ ချမှတ်ရန်လိုအပ်ကြောင်း ပြစ်မှုစစ်ဆေးတွေ့ရှိရသည့်အခါမျိုးတွင် ကျခံရမည့် ငွေဒဏ်များနှင့် ဒဏ်ကြေးငွေများအတွက် အာမခံတစ်ခု လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

၃.၅။ အပိုဒ် ၃.၂ နှင့် ၃.၄ တို့တွင် ချမှတ်ထားသည့်အတိုင်း အာမခံချက်အား ယင်းကို လိုအပ်ခြင်းမရှိတော့သည့်အခါ ဖယ်ရှားပစ်ရမည်။

၃.၆။ အဖွဲ့ဝင်၏ WTO ဆိုင်ရာအခွင့်အရေးများ၊ တာဝန်များနှင့် တစ်နည်းနည်းဖြင့် ကိုက်ညီမှု မရှိသော နည်းလမ်းဖြင့်မဟုတ်သည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ကုန်စည်များအား စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ သိမ်းယူခြင်း သို့မဟုတ် နိုင်ငံပိုင်ပြုလုပ်ခြင်း သို့မဟုတ် ကိုင်တွယ်ဆောင်ရွက်ခြင်းဆိုင်ရာ အဖွဲ့ဝင်တစ်ဦး၏ အခွင့်အရေးအပေါ်ဤပြဋ္ဌာန်းချက်များပါ မည်သည့်အချက်ကမျှ အကျိုးသက်ရောက်မှု မရှိစေရပါ။

၄။ ထိခိုက်ဆုံးရှုံးမှုစီမံကာကွယ်ခြင်း

၄.၁။ အဖွဲ့ဝင်တိုင်းသည် အကောက်ခွန်ဆိုင်ရာ ထိန်းချုပ်မှုများအတွက် ထိခိုက်ဆုံးရှုံးမှု စီမံကာကွယ်သည့် စနစ်တစ်ရပ်အား တတ်နိုင်သော အတိုင်းအတာတစ်ရပ်အထိ ကျင့်သုံး သို့မဟုတ် ထိန်းသိမ်းထားရှိရမည်။

၄.၂။ အဖွဲ့ဝင်တိုင်းသည် ထိခိုက်ဆုံးရှုံးမှု စီမံကာကွယ်သည့်စနစ်အား တစ်ဖတ်သက်ဆန်သော သို့မဟုတ် မမျှတသည့်ခွဲခြား ဘက်လိုက်မှုအား ရှောင်လွှဲနိုင်စေသည့် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအပေါ် ဖုံးကွယ်ကန့်သတ်မှုမျိုး မဖြစ်ပေါ်စေသည့် နည်းလမ်းဖြင့် ရေးဆွဲကျင့်သုံးရမည်ဖြစ်သည်။

၄.၃။ အဖွဲ့ဝင်တိုင်းသည် အကောက်ခွန်ထိန်းချုပ်မှုများနှင့် အခြားသက်ဆိုင်ရာ နယ်စပ်ထိန်းချုပ်မှုများကို ထိခိုက်ဆုံးရှုံးမှုကြီးမားသည့် တင်ပို့ကုန်စည်များအပေါ်နှင့် ထိခိုက်ဆုံးရှုံးမှု နည်းပါးသည့် တင်ပို့ကုန်စည်များအား ထုတ်ပေးမှု သွက်လက်စေခြင်းတို့အပေါ် တတ်နိုင်သော အတိုင်းအတာတစ်ရပ်အထိ အလေးထားပြုလုပ်ရမည်။ အဖွဲ့ဝင်တစ်ဦးသည် မိမိ၏ ထိခိုက်ဆုံးရှုံးမှုအား စီမံကာကွယ်မှု တစ်စိတ်တစ်ပိုင်းအဖြစ် ယင်းကဲ့သို့ ထိန်းချုပ်မှုများအတွက် ကျပန်းစနစ်အပေါ် အခြေခံကာ တင်ပို့ကုန်စည်များအား ရွေးချယ်နိုင်သည်။

၄.၄။ အဖွဲ့ဝင်တိုင်းသည် သင့်လျော်သည့် ရွေးချယ်မှုစံနှုန်းများမှတစ်ဆင့် ထိခိုက်ဆုံးရှုံးမှုအား အကဲဖြတ်ခြင်းအပေါ်တွင် ထိခိုက်ဆုံးရှုံးမှု စီမံကာကွယ်သည့်စနစ်အား အခြေခံရမည်ဖြစ်သည်။ စံနှုန်းအများအပြားရှိသည့်အနက် အဆိုပါ ရွေးချယ်မှုစံနှုန်းများတွင် ပါဝင်နိုင်သည်မှာ တစ်ပြေးညီ ကုတ်သတ်မှတ်ခြင်းစနစ်၊ ကုန်စည်၏သဘာဝနှင့် ဖော်ပြထားချက်၊ ပင်ရင်းနိုင်ငံ၊ ကုန်စည်အား သင်္ဘောတင်ပို့လိုက်သောနိုင်ငံ၊ ကုန်စည်တန်ဖိုး၊ ကုန်သွယ်သူများ၏ ကုန်သွယ်ခွင့်ဆိုင်ရာ မှတ်တမ်းများနှင့် သယ်ဆောင်သည့် နည်းလမ်းအမျိုးအစား စသည်တို့ဖြစ်သည်။

၅။ ကုန်စည်ရှင်းလင်းပြီးစာရင်းစစ်ဆေးခြင်း

၅.၁။ ကုန်စည်များအား သွက်လက်စွာထုတ်ပေးနိုင်ရေးအတွက် အကောက်ခွန်နှင့် အခြားသော သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရန်အလို့ငှာ အဖွဲ့ဝင်များ အနေဖြင့် ကုန်စည်ရှင်းလင်းပြီးစာရင်းစစ်ဆေးခြင်း စနစ်အားကျင့်သုံး သို့မဟုတ် ဆက်လက် ထားရှိရမည်ဖြစ်သည်။

၅.၂။ အဖွဲ့ဝင်တိုင်းသည် ကုန်စည်ရှင်းလင်းပြီး စာရင်းစစ်ဆေးခြင်းအတွက် ထိခိုက်ဆုံးရှုံးမှု အလေးထားသည့်နည်းလမ်းဖြင့် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ကုန်စည်တစ်မျိုးအား ရွေးချယ်ရမည် ဖြစ်ပြီး ယင်းတွင် သင့်လျော်သော ရွေးချယ်မှုစံနှုန်းများ ပါဝင်နိုင်ပေသည်။ အဖွဲ့ဝင်တိုင်းသည် ပွင့်လင်းမြင်သာမှုရှိသော နည်းလမ်းဖြင့် ကုန်စည်ရှင်းလင်းပြီး စာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ စာရင်းစစ်ဆေးမှုအတွင်း လူပုဂ္ဂိုလ်တစ်ဦးပါဝင်နေပြီး ပြည့်စုံ ခိုင်မာသောရလဒ် ထွက်ပေါ်လာပါက နှောင့်နှေးကြန့်ကြာမှုမရှိဘဲ စာရင်းစစ်ဆေးမှုရလဒ်ကို အဖွဲ့ဝင်အနေဖြင့် စစ်ဆေးခံရသူထံသို့ အသိပေးအကြောင်းကြားရမည်ဖြစ်ပြီး ၎င်း၏ အခွင့် အရေးများနှင့် တာဝန်များအပြင် ရလဒ်ထွက်ပေါ်ရသည့် အကြောင်းရင်းများလည်း ပါဝင် စေရမည်။

၅.၃။ ကုန်စည်ရှင်းလင်းပြီး စာရင်းစစ်ဆေးခြင်းမှ ရရှိလာသော အချက်အလက်များကို စီမံအုပ် ချုပ်မှုပိုင်းဆိုင်ရာ သို့မဟုတ် တရားဥပဒေပိုင်းဆိုင်ရာ ဆက်လက်ဆောင်ရွက်မှုများအတွင်း အသုံးပြုနိုင်သည်။

၅.၄။ အဖွဲ့ဝင်များသည် ထိခိုက်ဆုံးရှုံးမှု စီမံကာကွယ်ရေးအတွက် ကျင့်သုံးဆောင်ရွက်ရာတွင် လက်တွေ့လုပ်ဆောင်နိုင်သည့်အခါတိုင်း ကုန်စည်ရှင်းလင်းပြီး စာရင်းစစ်ဆေးခြင်းမှ ရရှိလာ သောရလဒ်များကို အသုံးပြုရမည်။

၆။ ကုန်စည်ထုတ်ပေးမှု ပျမ်းမျှအကြိမ်အရေအတွက်အား ချမှတ်ခြင်းနှင့်အသိပေးထုတ်ပြန်ခြင်း

၆.၁။ အဖွဲ့ဝင်များအနေဖြင့် ကမ္ဘာ့အကောက်ခွန်အဖွဲ့ချုပ် (ဤသဘောတူညီချက်အတွင်း "WCO" ဟု ရည်ညွှန်းအပ်သော)[၆] ၏ Time Release Study ကဲ့သို့သော နည်းလမ်းကိရိယာများ ကိုအသုံးပြုလျက် တစ်ပြေးညီကိုက်ညီတိကျသော နည်းလမ်းဖြင့် ပုံမှန်အချိန်ကာလတစ်ခု ထားရှိကာ မိမိတို့၏ ကုန်စည်ထုတ်ပေးမှု ပျမ်းမျှအကြိမ်အရေအတွက်အား တိုင်းတာရန်နှင့် အသိပေးထုတ်ပြန်ရန် တိုက်တွန်းအပ်သည်။

[၆] အဖွဲ့ဝင်များသည် မိမိရှိလိုအပ်ချက်များ၊ စွမ်းရည်များနှင့်အညီ အဆိုပါ ပျမ်းမျှကုန်ထုတ်ပေးမှုအကြိမ်အရေအတွက်တိုင်းတာခြင်းဆိုင်ရာ အတိုင်းအတာနှင့် နည်းလမ်းတို့အား ဆုံးဖြတ်နိုင်သည်။

၆.၂။ အဖွဲ့ဝင်များအနေဖြင့် မိမိတို့အသုံးပြုသော နည်းလမ်းများ၊ တွေ့ရှိရသည့် အခက်အခဲများနှင့် ထိရောက်သွက်လက်မှုဆိုင်ရာ ထွက်ပေါ်လာသော မည်သည့်ရလဒ်အပါအဝင် ကုန်စည် ထုတ်ပေးမှု ပျှမ်းမျှအကြိမ်အရေအတွက်အား တိုင်းတာရာ၌ မိမိတို့ရရှိခဲ့သော အတွေ့အကြုံ များကို ကော်မတီသို့ဝေမျှပေးရန် တိုက်တွန်းအပ်သည်။

၇။ အခွင့်အာဏာလွှဲအပ်ခံရသော လုပ်ငန်းဆောင်ရွက်သူများအတွက် ကုန်သွယ်မှုလျင်မြန် ချောမွေ့စေမည့် နည်းလမ်းများ

၇.၁။ အဖွဲ့ဝင်များသည် သွင်းကုန်၊ ပို့ကုန် သို့မဟုတ် တစ်ဆင့်ခံကုန်စည်အကူးအပြောင်းလုပ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သော ကုန်သွယ်မှုလျင်မြန်ချောမွေ့စေမည့် အခြားအပိုနည်းလမ်းများကို သတ်မှတ်ထားသည့် စံနှုန်းများနှင့် ကိုက်ညီသည့်လုပ်ငန်း ဆောင်ရွက်နေသူများထံသို့ အပိုဒ် ၇.၃ နှင့်အညီ ပေးအပ်ရမည်ဖြစ်ပြီး ယင်းတို့အား ဤ နေရာမှစတင်ကာ အခွင့်အာဏာလွှဲအပ်ခံရသော လုပ်ငန်းဆောင်ရွက်သူများဟု ခေါ်ဆိုမည် ဖြစ်သည်။ ထိုသို့မဟုတ်ပါက အဖွဲ့ဝင်တစ်ဦးအနေဖြင့် လုပ်ငန်းဆောင်ရွက်သူများအားလုံး အတွက် ယေဘုယျအားဖြင့် ရရှိနေသော အကောက်ခွန် လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် အဆိုပါ ကုန်သွယ်ရေး အထောက်အကူဖြစ်စေမည့် နည်းလမ်းများကိုကမ်းလှမ်းနိုင်ပြီး ၎င်းအဖို့ သီးခြားအစီအစဉ်တစ်ရပ်ချမှတ်ရန် မလိုအပ်ပေ။

၇.၂။ အခွင့်အာဏာလွှဲအပ်ခံရသော လုပ်ငန်းဆောင်ရွက်ခွင့်ရှိသူအဖြစ် အရည်အချင်းပြည့်မီစေမည့် သတ်မှတ်စံနှုန်းများကို အဖွဲ့ဝင်၏သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများတွင် ဖော်ပြထားသည့် လိုအပ်ချက်များအား ကိုက်ညီမှုရှိခြင်းနှင့် ဆက် စပ်စေရမည် သို့မဟုတ် ကိုက်ညီမှုမရှိနိုင်သည့် အန္တရာယ်အနေအထားနှင့် ဆက်စပ်စေရမည် –

(က) ထုတ်ပြန်အသိပေးရမည့် အဆိုပါစံနှုန်းများတွင် ပါဝင်နိုင်သည်မှာ

(၁) အကောက်ခွန်နှင့် အခြားသက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ နှင့်ကိုက်ညီကြောင်း သင့်တော်သည့် မှတ်တမ်းတစ်ရပ်၊

(၂) လိုအပ်သော အဖွဲ့အစည်းတွင်း ထိန်းသိမ်းကြပ်မတ်မှုများအတွက် စီမံ ခန့်ခွဲမှုမှတ်တမ်းအား ရရှိစေနိုင်သော စနစ်တစ်ရပ်၊

(၃) လိုအပ်ပါက လုံလောက်သည့်အာမခံကြေး သို့မဟုတ် အာမခံချက်ပေး အပ်နိုင်မှုအပါအဝင် ငွေရေးကြေးရေး အရ ဖြေရှင်းပေးနိုင်မှု၊

(၄) ကုန်စည်တင်ပို့သယ်ဆောင်သည့် လမ်းကြောင်းလုံခြုံစိတ်ချရမှု။

( ခ ) အဆိုပါစံနှုန်းများကို

(၁) တူညီသောအခြေအနေများ ရှိနေချိန်တွင် လုပ်ငန်းဆောင်ရွက်နေသူများအကြား တစ်ဖက်သတ်ဆန်သည့် သို့မဟုတ် ဘက်လိုက်ခွဲခြားမှု အားထုတ်ကြိုးပမ်းနိုင်စေရန် သို့မဟုတ် ပေါ်ပေါက်စေရန် မရေးဆွဲရပါ သို့မဟုတ် မကျင့်သုံးရပါ။

(၂) တတ်နိုင်သော အတိုင်းအတာတစ်ရပ်အထိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပါဝင်နိုင်မှုအပေါ် မကန့်သတ်စေရပါ။

၇.၃။ အပိုဒ် ၇.၁ အား လိုက်နာရမည်ဟု ပြဋ္ဌာန်းထားသည့် ကုန်သွယ်ရေး အထောက်အကူဖြစ်စေမည့်နည်းလမ်းများတွင် အနည်းဆုံးအားဖြင့် အောက်ပါနည်းလမ်းများ[၇] အနက်မှ သုံးရပ်ပါဝင်ရမည် ဖြစ်သည် –

(က) သင့်လျော်သော နည်းပါးသည့် စာရွက်စာတမ်းမှတ်တမ်းများနှင့် အချက်အလက်လိုအပ်မှုများ၊

( ခ ) သင့်လျော်သောနည်းပါးသည့် ရုပ်ပိုင်းဆိုင်ရာစစ်ဆေးမှုများနှင့် စမ်းသပ်မှုနှုန်းထားများ၊

( ဂ ) သင့်လျော်သော လျှင်မြန်သည့် ကုန်စည်ထုတ်ပေးမှုအကြိမ်ရေ၊

(ဃ) သတ်မှတ်ကာလရောက်မှ ပေးဆောင်ရမည့် အကောက်ခွန်များ၊ အခွန်များ၊ အခကြေးငွေများနှင့် ကောက်ခံငွေများ

( င ) ရှင်းလင်းတိကျသည့်အာမခံများ သို့မဟုတ် လျှော့ချထားသော အာမခံများအားအသုံးပြုမှု၊

( စ ) သတ်မှတ်ထားသည့်ကာလအတွင်းရှိ သွင်းကုန် သို့မဟုတ် ပို့ကုန်အားလုံးတို့အတွက် တစ်ခုတည်းသော အကောက်ခွန်ကြေညာချက်၊

(ဆ) အခွင့်အာဏာလွှဲအပ်ခံရသော လုပ်ငန်းဆောင်ရွက်သူ၏ နေရာဌာန၌ သို့မဟုတ် အကောက်ခွန်က ခွင့်ပြုထားသည့် အခြားတစ်နေရာရာ၌ ကုန်စည်များအား ရှင်းလင်းကိုင်တွယ်ခြင်း။

[၇] အပိုဒ်ခွဲ ၇.၃ (က) မှ (ဆ) အတွင်း ၌ ပါရှိသော နည်းလမ်းစဉ်တစ်ရပ်ကို အကယ်၍ သာမန်အားဖြင့် လုပ်ငန်းဆောင်ရွက်နေသူအားလုံးက ရရှိနိုင်လျှင် အခွင့်အာဏာရှိသောလုပ်ငန်းဆောင်ရွက်နေသူများထံ ယင်းအားပေးအပ်ထားပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၇.၄။ နိုင်ငံတကာ စံသတ်မှတ်ချက်များရှိသည့်အခါ ယင်းစံသတ်မှတ်ချက်များအပေါ် အခြေခံပြီး အခွင့်အာဏာလွှဲအပ်ခံရသော လုပ်ငန်းဆောင်ရွက်သူအတွက် အစီအစဉ်များ ချမှတ်ပေးရန် အဖွဲ့ဝင်များအားတိုက်တွန်းအပ်ပြီး ခြွင်းချက်အနေဖြင့် အဆိုပါ စံသတ်မှတ်ချက်များအနေဖြင့် ဥပဒေနှင့်အညီ ဖြစ်စေရေးရည်ရွယ်ချက်များ ဖြစ်မြောက်ရန် မသင့်တော်သော သို့မဟုတ် မထိရောက်သောအခါမျိုးမှလွဲ၍ ဖြစ်သည်။

၇.၅။ လုပ်ငန်းဆောင်ရွက်သူများသို့ ပံ့ပိုးထားသည့် ကုန်သွယ်ရေးအထောက်အကူပြုနည်းလမ်းများ ပိုမိုကောင်းမွန်စေရန်အလို့ငှာ အဖွဲ့ဝင်ဖြစ်သူများသည် အခွင့်အာဏာ လွှဲအပ်ခံရသော လုပ်ငန်းဆောင်ရွက်သူအတွက် အစီအမံများအား အပြန်အလှန် အသိအမှတ်ပြုရေး အခြားအဖွဲ့ဝင်ဖြစ်သူများနှင့် ညှိနှိုင်းမှုများ ဖြစ်ပေါ်လာစေရန် အားထုတ်ရမည်ဖြစ်သည်။

၇.၆။ အဖွဲ့ဝင်များသည် အတည်ဖြစ်လာသော အခွင့်အာဏာလွှဲအပ်ခံရသည့် လုပ်ငန်း ဆောင်ရွက်သူအတွက် အစီအမံများနှင့် သက်ဆိုင်သည့် အချက်အလက်များကို ကော်မတီအတွင်း၌ ဝေမျှရမည်ဖြစ်သည်။

၈။ သွက်လက်မြန်ဆန်သော သဘော်ာတင်ပို့ခြင်း

၈.၁။ အဖွဲ့ဝင်များသည် အောက်ခွန်ဆိုင်ရာထိန်းချုပ်မှုများ[၈] ဆက်လက်ကိုင်စွဲထားစဉ်အတွင်း လေကြောင်းဖြင့် ကုန်စည်တင်ပို့မှုအား လျှောက်ထားသူများထံသို့ အနိမ့်ဆုံးအားဖြင့် ယင်းနည်းလမ်းအားဖြင့် ရောက်ရှိလာသည့် ကုန်စည်များကို သွက်လက်မြန်ဆန်စွာ ထုတ်ပေးနိုင်သည့် လုပ်ထုံးလုပ်နည်းများအားကျင့်သုံး သို့မဟုတ် ဆက်လက်ထားရှိရမည် ဖြစ်သည်။ အကယ်၍ အဖွဲ့ဝင်ဖြစ်သူသည် ထုတ်ပြန်ထားပြီးဖြစ်သော စံနှုန်းများနှင့်တကွ လျှောက်ထားနိုင်သူများအား ကန့်သတ်သည့်စံနှုန်း[၉] များကို အသုံးပြုပါက ယင်းအဖွဲ့ဝင် အနေဖြင့် လိုအပ်နိုင်သည်မှာ လျှောက်ထားသူသည် သွက်လက်မြန်ဆန်သော သဘော်ာတင်ပို့ခြင်းများအတွက် အပိုဒ် ၈.၂ ထဲတွင် ဖော်ပြထားသည့် လိုက်နာဖွယ်ရာများအား ကျင့်သုံးမှုဆိုင်ရာ အရည်အချင်း ကိုက်ညီမှု အခြေအနေများအတိုင်း

[၈] အပိုဒ် ၈.၂ ပါ လိုက်နာဆောင်ရွက်ဖွယ်ရာအားပံ့ပိုးနိုင်သည့် လက်ရှိလုပ်ထုံးလုပ်နည်းတစ်ရပ် အဖွဲ့ဝင်ဖြစ်သူတွင် ရှိသည့်ကိစ္စမျိုးတွင် ဤပြဋ္ဌာန်းချက်အရ အဖွဲ့ဝင်ဖြစ်သူအား သီးခြားဖြစ်သည့် သွက်လက်မြန်ဆန်သောကုန်ထုတ်ပေးမှုလုပ်ထုံးလုပ်နည်းများ အသုံးပြုရန် မလိုအပ်တော့ချေ။

[၉] အဆိုပါ ကျင့်သုံးသည့်စံနှုန်းများကို လေကြောင်းမှတစ်ဆင့်ဝင်ရောက်လာသည့် ကုန်စည်များ သို့မဟုတ် ကုန်တင်ပို့မှုများနှင့်စပ်လျဉ်း၍ ကိုင်တွယ် လုပ်ဆောင်ရာတွင် အဖွဲ့ဝင်ဖြစ်သူ၏လိုအပ်ချက်များ နောက်ထပ်ပေါင်းထည့်ရမည်ဖြစ်သည်။

(က) လျှောက်ထားသူအနေဖြင့် ရည်မှန်းထားသည့် ပံ့ပိုးမှုနည်းလမ်းအတိုင်း အဆိုပါ ဆောင်ရွက်ပေးမှုများအား ပြီးစီးနိုင်ရေး အဖွဲ့ဝင်၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့်အခါ သွက်လက်မြန်ဆန်သည့် သဘော်ာတင်ပို့မှု ဆောင်ရွက်နိုင်ရေးနှင့် ဆက်စပ်နေသည့် အကောက်ခွန်၊ စရိတ်စကများ ပေးချေခြင်းအပြင် လုံလောက်သော အခြေခံအဆောက်အအုံများကို ပံ့ပိုးရမည်။

( ခ ) ကုန်စည်ထုတ်ပေးရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များကို သွက်လက်မြန်ဆန်သော သဘော်ာတင်ပို့မှု ဆိုက်ရောက်မလာခင် ကြိုတင်ပေးအပ်ထားရမည်။

( ဂ ) အပိုဒ် ၈.၂ ထဲတွင် ဖော်ပြထားသည့် လိုက်နာဖွယ်ရာအား ဖြည့်ဆည်းရာ၌ ပေးအပ်သော ဝန်ဆောင်မှုများ၏ အနီးစပ်ဆုံး ကုန်ကျစရိတ် ပမာဏအတိုင်း ကန့်သတ်ရမည့် အခကြေးငွေများကို တွက်ချက်ဆန်းစစ်ရမည်။

(ဃ) အဖွဲ့အစည်းတွင်း လုံခြုံစိတ်ချစေခြင်း၊ သိုလှောင်သယ်ယူဖြန့်ဖြူးခြင်းနှင့် စတင်တင်ဆောင်ရာမှ ဖြန့်ဖြူးရာအထိ နောက်ယောင်ခံနည်းပညာများအား အသုံးပြုခြင်းတို့မှတစ်ဆင့်သွက်လက်မြန်ဆန်သည့် သဘော်ာတင်ပို့မှုအပေါ်မြင့်မားစွာ ဆက်လက်ထိန်းချုပ်ထားရမည်။

( င ) စတင်တင်ဆောင်ရာမှ ဖြန့်ဖြူးရာအထိ သွက်လက်မြန်ဆန်သည့် သဘော်ာတင်ပို့မှုအားပံ့ပိုးရမည်။

( စ ) ကုန်စည်များအတွက် အကောက်ခွန်အာဏာပိုင်များသို့ပေးဆောင်ရမည့် အကောက်ခွန်များ၊ အခွန်များ၊ အခကြေးငွေများနှင့် ကောက်ခံငွေများအားလုံးအတွက် ပေးဆောင်ရမည်ဟုယူဆရမည်။

(ဆ) အကောက်ခွန်နှင့် အခြားသော သက်ဆိုင်ရာ ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများအား လိုက်နာမှုကောင်းမွန်သည့် မှတ်တမ်းရှိရမည်။

( ဇ ) အဖွဲ့ဝင်၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များအား ထိထိရောက်ရောက် လိုက်နာစေခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည့် အခြားသော အခြေအနေများနှင့် ကိုက်ညီရမည်ဖြစ်ရာ အထူးသဖြင့် အပိုဒ် ၈.၂ ထဲတွင် ဖော်ပြထားသည့် လိုက်နာဖွယ်ရာများအား ဖြည့်ဆည်းခြင်းနှင့် ဆက်စပ်၍ ဖြစ်သည်။

၈.၂။ အပိုဒ် ၈.၁ နှင့် ၈.၃ တို့အား အလေးထားလိုက်နာရန်နှင့်ပတ်သက်၍ အဖွဲ့ဝင်များသည်

(က) စည်းမျဉ်း ၁၀ တတအပိုဒ် ၁ နှင့်အညီ သွက်လက်မြန်ဆန်သည့် သဘော်ာတင်ပို့မှုအား လုပ်ဆောင်ရာတွင် လိုအပ်သည့် စာရွက်စာတမ်းများအား တတ်နိုင်သော အတိုင်းအတာတစ်ရပ်အထိ အနည်းဆုံးဖြစ်စေရမည်ဖြစ်ပြီး သီးခြားသက်ဆိုင်ရာ သဘော်ာတင်ပို့မှုများအတွက် တစ်စုံတည်းသော အချက်အလက်များ တင်ပြခြင်းအပေါ် အခြေခံသည့် ကုန်စည်ထုတ်ပေးခြင်းအတွက်ကြိုတင်ပြင်ဆင်ထားရမည်။

(ခ) ကုန်စည်ထုတ်ပေးရန်လိုအပ်သည့် အချက်အလက်များအား တင်ပြပြီးမှသာလျှင် သာမန် အခြေအနေအောက်တွင် ကုန်စည်ရောက်ရှိပြီး မြန်နိုင်သမျှမြန်မြန်ထုတ်ပေးနိုင်ရန် သွက်လက်မြန်ဆန်သည့် သဘော်ာတင်ပို့မှုအား ပံ့ပိုးပေးရမည်။

(ဂ) ကြေညာခြင်းများနှင့် စာရွက်စာတမ်းများ ပေးအပ်တင်ပြခြင်းအပြင် အကောက်ခွန်နှင့်အခွန်များ ပေးဆောင်ခြင်းအပါအဝင် အဖွဲ့ဝင်အနေဖြင့် လိုအပ်နိုင်သည့် အခြားစတင်လုပ်ဆောင်ရမည့်လုပ်ထုံးလုပ်နည်းများအရ သိမှတ်ထားသည့် အလေးချိန် သို့မဟုတ် တန်ဖိုးစသည်ဖြင့် သဘော်ာတင်ပို့ခြင်းအပေါ် အပိုဒ်ခွဲ (က) နှင့် (ခ) ပါ လိုက်နာဖွယ်ရာများအား ကျင့်သုံးဆောင်ရွက်ရန်နှင့် လိုက်နာဖွယ်ရာအား စာရွက်စာတမ်းများကဲ့သို့ တန်ဖိုးနိမ့်ကုန်စည်များအထိ ကန့်သတ်မထားမှသာ ကုန်စည်အမျိုးအစားအပေါ် အခြေခံသည့် ယင်းကဲ့သို့လိုက်နာဖွယ်ရာအား ကန့်သတ်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ဃ) သတ်မှတ်ထားသည့် ကုန်စည်အမျိုးအစားများမှအပ အကောက်ခွန်များနှင့် အခွန်များကောက်ခံခြင်း မရှိမည့် သဘော်ာတင် ကုန်ပစ္စည်းများအတွက် အမြင့်ဆုံး သတ်မှတ်တန်ဖိုး သို့မဟုတ် အခွန်ပေးဆောင်ရမည့် ပမာဏအား တတ်နိုင်သော အတိုင်းအတာအထိ သတ်မှတ်ပြဋ္ဌာန်းရမည်။ ထပ်ဆင့်တိုးတန်ဖိုးခွန်နှင့် ယစ်မျိုးခွန်များကဲ့သို့ GATT 1994 ပါ Article ၃ နှင့် ကိုက်ညီစွာ သွင်းကုန်များအပေါ် ပြည်တွင်း၌ ကောက်ခံနေသည့်အခွန်များမှာ ဤပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမရှိရပါ။

၈.၃။ အပိုဒ် ၈.၁ နှင့် ၈.၂ ပါမည်သည့်အချက်ကမျှ ကုန်စည်များအပေါ်အဖွဲ့ဝင်၏ စစ်ဆေးခွင့်၊ ထိန်းသိမ်းခွင့်၊ သိမ်းယူခွင့်၊ နိုင်ငံပိုင်လုပ်ပိုင်ခွင့် သို့မဟုတ် ဝင်ရောက်ခွင့်အား ငြင်းဆိုခြင်းအပေါ် အကျိုးသက်ရောက်မှု မရှိစေရမည်ဖြစ်သလို ထိခိုက်ဆုံးရှုံးမှု စီမံကာကွယ်သည့်

စနစ်များအသုံးပြုခြင်းနှင့် စပ်လျဉ်းခြင်း အပါအဝင် ကုန်စည်ရှင်းလင်းပြီး စာရင်းစစ်ဆေးပိုင်ခွင့်အပေါ်တွင်လည်း အကျိုးသက်ရောက်မှု မရှိစေရပါ။ ထို့ပြင် အပိုဒ် ၈.၁ နှင့် ၈.၂ ပါမည်သည့်အချက်ကမျှ ကုန်စည်ထုတ်ပေးရန် အခြေအနေတစ်ရပ်အဖြစ် ထပ်မံလိုအပ်သည့်အချက်အလက်များအား တင်ပြစေခြင်းနှင့် လိုင်စင်လျှောက်ထားရန် လိုအပ်မှုအား အဖွဲ့ဝင်က လိုက်နာရေးအပေါ် ပိတ်ပင်ဟန့်တားခြင်း မရှိစေရပါ။

၉။ ပုပ်သိုးလွယ်သောကုန်စည်များ[၁၀]

၉.၁။ ပုပ်သိုးလွယ်သော ကုန်စည်များနှင့်ပတ်သက်ပြီး ရှောင်လွှဲနိုင်သည့် ဆုံးရှုံးခြင်း သို့မဟုတ် ပိုမိုယိုယွင်းသွားခြင်းမှ ကာကွယ်နိုင်ရေးအမြင်ဖြင့် စည်းမျဉ်းစည်းကမ်းများ အားလုံးကို လိုက်နာမှုရှိမှသာလျှင် ပုပ်သိုးလွယ်သော ကုန်စည်များအားထုတ်ပေးရန်အဖွဲ့ဝင်များ အနေဖြင့် စီမံပြဋ္ဌာန်းရမည်ဖြစ်ရာ

(က) သာမန် အခြေအနေများအောက်တွင် တတ်နိုင်သမျှ အတိုတောင်းဆုံးသောကာလအတွင်း၌

( ခ ) ခြွင်းချက်ထားရှိရမည့် အခြေအနေများတွင် လုပ်ဆောင်ရန်သင့်လျော်သည့် အခါမျိုး၌ အကောက်ခွန်ဌာနနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ လုပ်ငန်းချိန်ပြင်ပ၌

၉.၂။ အဖွဲ့ဝင်များသည် လိုအပ်နိုင်သော စမ်းသပ်စစ်ဆေးမှုတစ်ရပ်ရပ်အတွက် အစီအစဉ်ပြုလုပ်ရသည့်အခါပုပ်သိုးလွယ်သောကုန်စည်များအပေါ် သင့်လျော်သလို ဦးစားပေးရမည်ဖြစ်သည်။

၉-၃။ အဖွဲ့ဝင်များသည် ပုပ်သိုးလွယ်သော ကုန်စည်များအား ထုတ်ပေးခြင်းမတိုင်ခင် ယင်းတို့အားသင့်တင့်လျောက်ပတ်စွာ သိုလှောင်ထားရှိနိုင်ရန် စီစဉ်ခြင်း သို့မဟုတ် တင်သွင်းသူအားသင့်တင့်လျောက်ပတ်စွာ သိုလှောင်ထားရှိခွင့် ပေးခြင်းပြုရမည်။ တင်သွင်းသူက စီစဉ်သောမည်သည့် သိုလှောင်မှုမျိုးကိုမဆို ယင်းနှင့် သက်ဆိုင်သော အာဏာပိုင်များက ခွင့်ပြုထားစေရန် သို့မဟုတ် ညွှန်ကြားလွှဲအပ်ထားစေရန် အဖွဲ့ဝင်ဘက်မှ လိုအပ်ကောင်းလိုအပ်နိုင်သည်။ လုပ်ငန်းဆောင်ရွက်သူအား အဆိုပါ ကုန်စည်များကို ရွှေ့ပြောင်းခွင့်ပြုခြင်းအပါအဝင် သိုလှောင်ထားရှိမည့် နေရာများသို့ ကုန်စည်များအား ရွှေ့ပြောင်းခြင်းအတွက်လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင်၏ သဘောတူခွင့်ပြုချက်အား လိုအပ်နိုင်သည်။ ပြည်

[၁၀] ဤပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်များအရ ပုပ်သိုးလွယ်သော ကုန်စည်များဆိုသည်မှာ ၎င်းတို့၏ သဘာဝလက္ခဏာသဘောအရ လျင်မြန်စွာ ပုပ်သိုးလွယ်သော ကုန်စည်များဖြစ်ရာ အထူးသဖြင့် သင့်လျော်သည့် သိုလှောင်မှုအခြေအနေများမရှိလျှင်ဖြစ်သည်။

တွင်းဥပဒေနှင့် ကိုက်ညီပြီး လက်တွေ့ကျင့်သုံးနိုင်သည့်အခါ အဖွဲ့ဝင်အနေဖြင့် တင်သွင်းသူ၏ တောင်းဆိုချက်အပေါ်မူတည်ကာ အဆိုပါ သိုလှောင်ထားရှိမည့် နေရာများ၌ထားရှိမည့် ကုန်စည်များကို ထုတ်ပေးရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများအား ချမှတ်ပြဋ္ဌာန်းပေးရမည်။

၉.၄။ ပုပ်သိုးလွယ်သော ကုန်စည်များအားထုတ်ပေးရန် သိသာထင်ရှားစွာ နှောင့်နှေးနေသော ကိစ္စရပ်မျိုးတွင် တင်သွင်းသည့် အဖွဲ့ဝင်အနေဖြင့် လက်တွေ့ကျင့်သုံးနိုင်သော အတိုင်းအတာတစ်ရပ်အထိ စာဖြင့်ရေးသားတောင်းဆိုချက်ပေါ်မူတည်တာ နှောင့်နှေးမှုအတွက် အကြောင်းရင်းများအား ဆက်သွယ်သိရှိနိုင်စေရေး ချမှတ်ပြဋ္ဌာန်းပေးရမည်။

## စည်းမျဉ်း-၈

## နယ်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း

၁။ အဖွဲ့ဝင်များသည် သွင်းကုန်တင်သွင်းခြင်း၊ ပို့ကုန်တင်ပို့ခြင်းနှင့် တစ်ဆင့်ခံ ကုန်စည်အကူးအပြောင်းလုပ်ခြင်းတို့နှင့်စပ်လျဉ်း၍ နယ်စပ်ထိန်းချုပ်မှုများနှင့် လုပ်ထုံးလုပ်နည်းများအတွက် တာဝန်ရှိသည့် မိမိတို့၏ အာဏာပိုင်အဖွဲ့အစည်းများနှင့် အေဂျင်စီများအနေဖြင့် ကုန်သွယ်မှုအား အထောက်အကူဖြစ်စေရန် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်မှုရှိစေရန်နှင့် မိမိတို့၏ လုပ်ငန်းများအား ညှိနှိုင်းဆောင်ရွက်ကြစေရန် သေချာစေရမည်ဖြစ်သည်။

၂။ အဖွဲ့ဝင်များသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးအား အထောက်အကူဖြစ်စေရန် နယ်စပ်ဖြတ်ကျော်သည့်နေရာများ၌ လုပ်ထုံးလုပ်နည်းများအားညှိနှိုင်းဆောင်ရွက်နိုင်ရေးအမြင်ဖြင့် မိမိနှင့် နယ်စပ်မျှဝေပိုင်ဆိုင်နေသည့် အခြားအဖွဲ့ဝင်များနှင့် အတူတကွ သဘောတူညီထားသော စည်းကမ်းသတ်မှတ်ချက်များအပေါ် လက်တွေ့ဆောင်ရွက်နိုင်ပြီး တတ်နိုင်သော အတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့တွင် ပါဝင်ရမည်မှာ

(က) အလုပ်လုပ်ကိုင်သောရက်များနှင့်နာရီများအား ချိန်ညှိခြင်း၊

(ခ) လုပ်ထုံးလုပ်နည်းများနှင့် ပုံမှန်လိုက်နာဖွယ်ရာများအားချိန်ညှိခြင်း၊

(ဂ) ဘုံပူးတွဲအသုံးပြုသည့် အထောက်အကူပြုအရာများအား ထူထောင်ခြင်းနှင့် မျှဝေသုံးစွဲခြင်း၊

(ဃ) ပူးတွဲထိန်းချုပ်ခြင်းများ၊

( င ) တစ်နေရာတည်းဖြင့် နယ်စပ်အထိုင်ရ ထိန်းချုပ်ခြင်းအား ထူထောင်ခြင်း။

## စည်းမျဉ်း-၉

## အကောက်ခွန်ထိန်းချုပ်မှုအောက်ရှိ တင်သွင်းရန်ရည်ရွယ်ထားသည့် ကုန်စည်များအားရွှေ့ပြောင်းခြင်း

အဖွဲ့ဝင်များသည် စတင်ဝင်ရောက်သည့်နေရာရှိ အကောက်ခွန်ရုံးမှသည် ကုန်စည်အား ထုတ်ပေးရမည့် သို့မဟုတ် ရှင်းလင်းပေးရမည့် မိမိ၏ နယ်နိမိတ်အတွင်းရှိ အခြားအကောက်ခွန်ရုံးသို့ တင်သွင်းရန် ရည်ရွယ်ထားသည့် ကုန်စည်များအား မိမိ၏နယ်နိမိတ်အတွင်း အကောက်ခွန် ထိန်းချုပ်မှုအောက်မှ ရွှေ့ပြောင်းခြင်းကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအားလုံးကို လိုက်နာမှုသာလျှင် လက်တွေ့ ဆောင်ရွက်နိုင်သော အတိုင်းအတာအထိ ခွင့်ပြုပေးရမည် ဖြစ်သည်။

## စည်းမျဉ်း-၁၀

## သွင်းကုန်တင်သွင်းခြင်း၊ ပို့ကုန်တင်ပို့ခြင်းနှင့် ကုန်စည်အကူးအပြောင်းလုပ်ခြင်းဆိုင်ရာ ပုံမှန်လိုက်နာဆောင်ရွက်ဖွယ်ရာများ

၁။ ပုံမှန်လိုက်နာဆောင်ရွက်ဖွယ်ရာများ နှင့်စာရွက်စာတမ်းလိုအပ်ချက်များ

၁.၁။ သွင်းကုန်၊ ပို့ကုန်နှင့် တစ်ဆင့်ခံ ကုန်စည်အကူးအပြောင်းလုပ်ခြင်းဆိုင်ရာ ပုံမှန်လိုက်နာဆောင်ရွက်ဖွယ်ရာများ၏ ပမာဏနှင့် ရှုပ်ထွေးမှုကို အနည်းဆုံးဖြစ်စေရန်နှင့် သွင်းကုန်၊ ပို့ကုန်နှင့် တစ်ဆင့်ခံကုန်စည် အကူးအပြောင်းလုပ်ခြင်းဆိုင်ရာ စာရွက်စာတမ်း လိုအပ်ချက်များအား လျှော့ချရန်နှင့် ရိုးရှင်းလွယ်ကူစေရေးအမြင်နှင့်အတူ တရားဝင်မူဝါဒပိုင်း ရည်ရွယ်ချက်များနှင့် ပြောင်းလဲနေသည့် အခြေအနေများ၊ သက်ဆိုင်သည့်သတင်းအချက်အလက်အသစ်များ၊ စီးပွားရေးလုပ်ကိုင်ပုံများ၊ နည်းစနစ်နှင့်နည်းပညာ ရရှိနိုင်မှု၊ နိုင်ငံတကာ အကောင်းဆုံး လုပ်ကိုင်ပုံများကဲ့သို့ အခြားအကြောင်းအချက်များအပြင် စိတ်ဝင်စားသူများထံမှ ပါဝင်ပံ့ပိုးမှုများကိုပါ ထည့်သွင်းစဉ်းစားလျက် အဖွဲ့ဝင်များသည် အဆိုပါ ပုံမှန်လိုက်နာဆောင်ရွက်ဖွယ်ရာများနှင့် စာရွက်စာတမ်းလိုအပ်ချက်များကို စစ်ဆေးသုံးသပ်မှုပြုရမည်

ဖြစ်ပြီး ထွက်ပေါ်လာသည့် ရလဒ်များအပေါ်အခြေခံကာ အဆိုပါ ပုံမှန်လိုက်နာ ဆောင်ရွက်ဖွယ်ရာများနှင့် စာရွက်စာတမ်းလိုအပ်ချက်များအား သင့်လျော်သလို ကောင်းမွန်သေချာစေရမည်မှာ

(က) ကုန်စည်များ၊ အထူးသဖြင့် ပုပ်သိုးလွယ်သည့် ကုန်စည်များအား လျင်မြန်စွာထုတ်ပေးနိုင်ရေးနှင့် ရှင်းလင်းနိုင်ရေးအမြင်ဖြင့် ကျင့်သုံးစေရန် သို့မဟုတ် အသုံးချစေရန်၊

( ခ ) ကုန်သွယ်မှုပြုသူများနှင့် လုပ်ငန်းဆောင်ရွက်နေသူများအတွက် အချိန်နှင့်ငွေကြေးအကုန်အကျလျှော့ချနိုင်ရန် ရည်ရွယ်သည့်နည်းလမ်းအား ကျင့်သုံးစေရန် သို့မဟုတ် အသုံးချစေရန်၊

( ဂ ) မူဝါဒပိုင်းရည်ရွယ်ချက်များ သို့မဟုတ် အဆိုပါရည်ရွယ်ချက်များအား ဖြည့်ဆည်းရာတွင် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အပြန်အလှန်ရွေးချယ်စရာ လုပ်ဆောင်ချက်များရှိသည့်အခါ ကုန်သွယ်ရေးတင်းကျပ်မှု အနည်းဆုံးဖြစ်စေမည့် လုပ်ဆောင်ချက်အား ရွေးချယ်စေရန်၊

(ဃ) ဆက်လက်၍ မလိုအပ်တော့သည့်အခါ ယင်းတို့နှင့် သက်ဆိုင်သမျှ အပိုင်းများအပါအဝင် ယင်းတို့အား ဆက်လက်မထားရှိစေရန်။

၁.၂။ ကော်မတီသည် သက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် အကောင်းဆုံး လုပ်ကိုင်ပုံများကို အဖွဲ့ဝင်များက ဝေမျှခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား သင့်လျော်သလို ချမှတ်တည်ထောင်ပေးမည်ဖြစ်သည်။

## ၂။ မိတ္တူများအား လက်ခံခြင်း

၂.၁။ အဖွဲ့ဝင်များသည် သွင်းကုန်၊ ပို့ကုန် သို့မဟုတ် တစ်ဆင့်ခံကုန်စည်အကူးအပြောင်းလုပ်ခြင်းဆိုင်ရာ ပုံမှန်လိုက်နာ ဆောင်ရွက်ဖွယ်ရာများအတွက် လိုအပ်သည့် အထောက်အကူပြုစာရွက်စာတမ်းများကို စက္ကူမိတ္တူ သို့မဟုတ် အီလက်ထရောနစ်မိတ္တူများဖြင့် လက်ခံနိုင်ရေး သင့်လျော်သလို ကြိုးပမ်းရမည်ဖြစ်သည်။

၂.၂။ အဖွဲ့ဝင်၏ အစိုးရအဖွဲ့အစည်းတစ်ရပ်က အဆိုပါ စာရွက်စာတမ်းမျိုး၏ မူရင်းအား ကိုင်ဆောင်ထားသည့်အခါ အဆိုပါ အဖွဲ့၊ အခြားအဖွဲ့အစည်းတစ်ရပ်ရပ်သည် မူရင်းစာရွက်စာတမ်းအစားအကျုံးဝင်မှုရှိပါက မူရင်းအားကိုင်ဆောင်ထားသည့်အဖွဲ့အစည်းထံမှ စက္ကူမိတ္တူ သို့မဟုတ် အီလက်ထရောနစ်မိတ္တူတစ်ရပ်အား လက်ခံရမည်ဖြစ်သည်။

၂.၃။ အဖွဲ့ဝင်တစ်ဦးသည် သွင်းကုန်တင်သွင်းရန်အတွက် လိုအပ်ချက်တစ်ရပ်အနေဖြင့်[၁၁] တင်ပို့သည့်အဖွဲ့ဝင်၏ အကောက်ခွန် အာဏာပိုင်များထံသို့ တင်ပြသော ပို့ကုန်ကြေညာလွှာများ၏ မူရင်းတစ်စုံ သို့မဟုတ် မိတ္တူတစ်စုံအား လိုအပ်လိမ့်မည် မဟုတ်ချေ။

၃။ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များအား အသုံးပြုခြင်း

၃.၁။ ခြွင်းချက်အားဖြင့် ဤသဘောတူညီချက်ထဲတွင် တစ်နည်းနည်းဖြင့် ဖော်ပြထားသည်မှလွဲ၍ အဖွဲ့ဝင်များအား မိမိတို့၏ သွင်းကုန်၊ ပို့ကုန် သို့မဟုတ် တစ်ဆင့်ခံကုန်စည်အကူးအပြောင်း လုပ်ခြင်းဆိုင်ရာ ပုံမှန်လိုက်နာဆောင်ရွက်ဖွယ်ရာများနှင့် လုပ်ထုံးလုပ်နည်းများအတွက် အခြေခံအဖြစ် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များ သို့မဟုတ် ယင်းနှင့် သက်ဆိုင်သမျှ အစိတ်အပိုင်းများအား အသုံးပြုရန် တိုက်တွန်းအပ်သည်။

၃.၂။ သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များကို သင့်တော်သည့် နိုင်ငံတကာ အဖွဲ့အစည်းများက ပြင်ဆင်ရေးဆွဲခြင်းနှင့် ကာလအလိုက် ပြန်လည်သုံးသပ်ခြင်းတို့တွင် အဖွဲ့ဝင်များအား မိမိတို့တွင်ရှိသော ရင်းမြစ်များ၏ အကန့်အသတ်များအတွင်းမှ ပူးပေါင်းပါဝင်ရန် တိုက်တွန်းအပ်သည်။

၃.၃။ ကော်မတီသည်သက်ဆိုင်ရာသတင်းအချက်အလက်များနှင့် အကောင်းဆုံး လုပ်ကိုင်ပုံများအပြင် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များအား အကောင်အထည်ဖော်မှုအပေါ် အဖွဲ့ဝင်များ၏ ဝေမျှခြင်းအတွက် လုပ်ထုံးလုပ်နည်းများအား သင့်လျော်သလို ချမှတ်တည်ထောင်ပေးရမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ပတ်သက်၍ ၎င်းတို့၏ လုပ်ကိုင်မှုအပေါ် ဆွေးနွေးပြောဆိုရန်အတွက်လည်း သက်ဆိုင်သည့် နိုင်ငံတကာအဖွဲ့အစည်းများကို ကော်မတီအနေဖြင့် ဖိတ်ကြားနိုင်သည်။ ကော်မတီသည် အဖွဲ့ဝင်များအတွက် ထူးထူးခြားခြား တန်ဖိုးရှိစေမည့် အချို့သော စံသတ်မှတ်ချက်များကို သင့်လျော်သလို ဖော်ထုတ်သတ်မှတ်နိုင်သည်။

၄။ တစ်ခုတည်းသော ပြတင်းတစ်ပေါက်စနစ်

၄.၁။ ကုန်သွယ်မှုပြုသူများအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များ သို့မဟုတ် အဖွဲ့အစည်းများထံသို့ တစ်ခုတည်းသော စတင်လုပ်ဆောင်ရာနေရာမှတစ်ဆင့် သွင်းကုန်တင်သွင်းခြင်း၊ ပို့ကုန်တင်ပို့ခြင်း သို့မဟုတ် တစ်ဆင့်ခံကုန်စည်အကူးအပြောင်းလုပ်ခြင်းအတွက် စာရွက်

[၁၁] ဤအပိုဒ်ပါ မည်သည့်အချက်ကမျှ အဖွဲ့ဝင်ဖြစ်သူတစ်ဦးအား ထိန်းချုပ်ထားသည့် သို့မဟုတ် ကြပ်မတ်ထားသည့်ကုန်စည်များ တင်သွင်းခြင်းအတွက် လိုအပ်ချက်တစ်ရပ်အနေဖြင့် လက်မှတ်များ၊ ခွင့်ပြုချက်များ သို့မဟုတ် လိုင်စင်များကဲ့သို့ စာရွက်စာတမ်းများ လိုအပ်ခြင်းမှ ပိတ်ပင်ဟန့်တားခြင်း မရှိစေရပါ ။

စာတမ်းများနှင့် အချက်အလက်လိုအပ်မှုများအား တင်ပြနိုင်စေခြင်းဖြင့် တစ်ခုတည်းသော ပြတင်းပေါက်စနစ်ကို ထူထောင်ရန် သို့မဟုတ် ထိန်းသိမ်းထားရှိရန် အဖွဲ့ဝင်များက ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ စာရွက်စာတမ်းများနှင့် အချက်အလက်များကို သက်ဆိုင်ရာ အာဏာပိုင်များ သို့မဟုတ် အဖွဲ့အစည်းများက စစ်ဆေးကြည့်ရှုပြီးသည့်နောက် တစ်ခုတည်းသာ ပြတင်းတစ်ပေါက်စနစ်မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီဖြစ်သော နည်းလမ်းဖြင့် ရလဒ်အား လျှောက်ထားသူထံသို့ အသိပေးရမည် ဖြစ်သည်။

၄.၂။ တစ်ခုတည်းသော ပြတင်းတစ်ပေါက်စနစ်မှတစ်ဆင့် စာရွက်စာတမ်းများနှင့် အချက်အလက်လိုအပ်မှုများကို ရရှိပြီးဖြစ်သည့်ကိစ္စရပ်မျိုးတွင် တူညီသော စာရွက်စာတမ်းများနှင့် အချက်အလက်လိုအပ်မှုများကို ခြွင်းချက်အားဖြင့် အရေးပေါ်အခြေအနေများနှင့် အများသိရှိအောင် ပြုလုပ်ထားသည့် အခြားအနည်းငယ်မျှသော ခြွင်းချက်များမှလွဲ၍ သက်ဆိုင်ရာ အာဏာပိုင်များ သို့မဟုတ် အဖွဲ့အစည်းများက တောင်းခံလိမ့်မည်မဟုတ်ချေ။

၄.၃။ အဖွဲ့ဝင်များအနေဖြင့် တစ်ခုတည်းသော ပြတင်းတစ်ပေါက်စနစ် လုပ်ဆောင်ပုံအသေးစိတ်ကို ကော်မတီသို့ အသိပေးရမည် ဖြစ်သည်။

၄.၄။ အဖွဲ့ဝင်များအနေဖြင့် ဖြစ်နိုင်သောအတိုင်းအတာနှင့် လက်တွေ့ဆောင်ရွက်နိုင်သော အတိုင်းအတာအထိ တစ်ခုတည်းသော ပြတင်းတစ်ပေါက်စနစ်အား ပံ့ပိုးနိုင်သည့် သတင်းအချက်အလက် နည်းပညာအား အသုံးပြုရမည် ဖြစ်သည်။

၅။ သင်္ဘောတင်ဆောင်ခြင်းမပြုမီ ကြိုတင်စစ်ဆေးမှု

၅.၁။ အဖွဲ့ဝင်များအနေဖြင့် အကောက်ခွန်အမျိုးအစား သတ်မှတ်ခြင်းနှင့် အကောက်ခွန်တန်ဖိုးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သင်္ဘောတင်ဆောင်ခြင်းမပြုမီ ကြိုတင်စစ်ဆေးမှုများအား အသုံးပြုရန် မလိုအပ်ပေ။

၅.၂။ အပိုဒ် ၅.၁ အရ အကျုံးမဝင်သည့် အခြားသော သင်္ဘောတင်ဆောင်ခြင်းမပြုမီ ကြိုတင်စစ်ဆေးမှု အမျိုးအစားများအား အဖွဲ့ဝင်များ၏ အသုံးပြုခွင့်ကို ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိတို့၏ အသုံးပြုမှု[၁၂] နှင့်ပတ်သက်သည့် လိုအပ်ချက်အသစ်များကို မစတင်ရန် သို့မဟုတ် မကျင့်သုံးရန် အဖွဲ့ဝင်များအား တိုက်တွန်းအပ်သည်။

---

[၁၂] ဤအပိုဒ်သည် သင်္ဘောတင်ဆောင်ခြင်းမပြုမီ စစ်ဆေးမှုဆိုင်ရာ သဘောတူညီချက်အရ အကျုံးဝင်သည့် သင်္ဘောတင်ဆောင်ခြင်းမပြုမီ စစ်ဆေးမှုများကိုရည်ညွှန်းပြီး ကျန်းမာရေးနှင့် အပင် ရောဂါပိုးမွှားကင်းစင်ရေး ရည်ရွယ်ချက်များအတွက် သင်္ဘောတင်ဆောင်ခြင်း မပြုမီစစ်ဆေးမှုအား ပိတ်ပင်ဟန့်တားခြင်းမရှိပါ။

၆။ အကောက်ခွန်ဝန်ဆောင်မှု လုပ်ကိုင်သူများအား အသုံးပြုခြင်း

၆.၁။ အကောက်ခွန်ဝန်ဆောင်မှု လုပ်ကိုင်သူများနှင့် စပ်လျဉ်းသော အထူးကဏ္ဍကို လတ်တလော ထားရှိသည့် အချို့သောအဖွဲ့ဝင်များ၏ အရေးပါသည့် မူဝါဒရေးရာကိစ္စများအား ထိခိုက်နစ်နာမှုမရှိစေဘဲ ဤသဘောတူညီချက် စတင်အသက်ဝင်အတည်ဖြစ်ချိန်မှ စတင်ကာ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများ၏ အခွင့်အာဏာအရ အသုံးပြုခြင်းကို အဖွဲ့ဝင်များအနေဖြင့် မစတင်ရပေ။

၆.၂။ အဖွဲ့ဝင်များသည် အကောက်ခွန်ဝန်ဆောင်မှု လုပ်ကိုင်သူများကို အသုံးပြုခြင်းနှင့် ပတ်သက်သည့် မိမိ၏လုပ်ဆောင်ချက်များကို အသိပေးထုတ်ပြန်ပြီး ကော်မတီသို့ အကြောင်းကြားရမည်။ ယင်းနှင့်ဆက်စပ်သမျှ နောက်ဆက်တွဲ ပြင်ဆင်မွမ်းမံမှုများကိုလည်း လျင်မြန်စွာ အသိပေးထုတ်ပြန်ပြီး အကြောင်းကြားရမည်။

၆.၃။ အကောက်ခွန် ဝန်ဆောင်မှုလုပ်ကိုင်သူများ လိုင်စင်ရယူခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်များ အနေဖြင့် ပွင့်လင်းမြင်သာပြီး ဓမ္မဓိဋ္ဌာန်ကျသော စည်းမျဉ်းစည်းကမ်းများအား ကျင့်သုံးရမည် ဖြစ်သည်။

၇။ တူညီသည့် နယ်စပ်လုပ်ထုံးလုပ်နည်းများနှင့် တစ်ညီတစ်ညွတ်တည်းဖြစ်သည့် စာရွက်စာတမ်းလိုအပ်ချက်များ –

၇.၁။ အပိုဒ် ၇.၂ အား လိုက်နာသောအားဖြင့် အဖွဲ့ဝင်များသည် မိမိ၏နယ်နိမိတ် တစ်လျှောက်လုံးတွင် ကုန်စည်များထုတ်ပေးရန်နှင့် ရှင်းလင်းရန်အတွက် တူညီသည့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် တစ်ညီတစ်ညွတ်တည်းဖြစ်သည့် စာရွက်စာတမ်းလိုအပ်ချက်များကို ကျင့်သုံးရမည်ဖြစ်သည်။

၇.၂။ ဤစည်းမျဉ်းပါ မည်သည့်အချက်ကမျှ အဖွဲ့ဝင်တစ်ဦးအား အောက်ပါတို့မှ တားဆီးကာကွယ်ခြင်း မပြုနိုင်ရာ

(က) ကုန်စည်များ၏သဘာဝနှင့်အမျိုးအစား သို့မဟုတ် ၎င်းတို့အား သယ်ဆောင်သည့် နည်းလမ်းများအပေါ် အခြေခံသည့် မိမိ၏လုပ်ထုံးလုပ်နည်းများနှင့် စာရွက်စာတမ်းလိုအပ်ချက်များအားခွဲခြားသတ်မှတ်ထားခြင်း၊

(ခ) ထိခိုက်ဆုံးရှုံးနိုင်မှုစီမံကာကွယ်ခြင်းအပေါ် အခြေခံထားသောကုန်စည်များအတွက် မိမိ၏ လုပ်ထုံးလုပ်နည်းများနှင့် စာရွက်စာတမ်း လိုအပ်ချက်များအား ခွဲခြားသတ်မှတ်ထားခြင်း၊

( ဂ ) သွင်းကုန်အကောက်ခွန် သို့မဟုတ် အခွန်အခများမှ အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်းကင်းလွတ်ခွင့်အားထောက်ပံ့နိုင်ရေး မိမိ၏ လုပ်ထုံးလုပ်နည်းများနှင့် စာရွက် စာတမ်း လိုအပ်ချက်များအား ခွဲခြားသတ်မှတ်ထားခြင်း၊

(ဃ) အီလက်ထရောနစ်စနစ်သုံး ဖိုင်ထားသိုသိမ်းဆည်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်းအား ကျင့်သုံးခြင်း၊

( င ) ကျန်းမာရေးနှင့် အပင်ရောဂါပိုးမွှားကင်းစင်ရေး လုပ်ဆောင်ချက်များ ကျင့်သုံးခြင်းဆိုင်ရာ သဘောတူညီချက်နှင့် ကိုက်ညီသောနည်းလမ်းဖြင့် မိမိ၏လုပ်ထုံးလုပ်နည်းများနှင့် စာရွက်စာတမ်း လိုအပ်ချက်များအားခွဲခြား သတ်မှတ်ထားခြင်း။

၈။ ငြင်းပယ်သောကုန်စည်များ

၈.၁။ သတ်မှတ်ညွှန်ကြားထားသည့် ကျန်းမာရေး သို့မဟုတ် အပင်ရောဂါပိုးမွှား ကင်းစင်ရေး စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များအား လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် သွင်းကုန်အတွက် တင်ပြသည့်ကုန်စည်များကို အဖွဲ့ဝင်တစ်ဦး၏ အခွင့်အာဏာရှိသော အာဏာပိုင်အဖွဲ့က ငြင်းဆန်သည့်အခါ မိမိ၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား လိုက်နာကိုက်ညီစေသောအားဖြင့် ငြင်းဆန်ခံရသည့်ကုန်စည်များအား တင်ပို့သူထံသို့ သို့မဟုတ် တင်ပို့သူက သတ်မှတ်ပေးသည့် အခြားသူတစ်ဦးထံသို့ ပြန်လည်လွှဲအပ်ရန် သို့မဟုတ် ပြန်လည်ပေးပို့ရန် အဖွဲ့ဝင်များအနေဖြင့် အဆိုပါ ကုန်စည်တင်သွင်းသူအား ခွင့်ပြုရမည်ဖြစ်သည်။

၈.၂။ အပိုဒ် ၈.၁ အရ ယင်းကဲ့သို့ လုပ်ဆောင်နိုင်ခွင့်ပေးအပ်ထားပြီး တင်သွင်းသူအနေဖြင့် သင့်လျော်သည့် အချိန်ကာလတစ်ခုအတွင်း ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်သည့်အခါ အခွင့်အာဏာရှိသော အာဏာပိုင်အဖွဲ့သည် ယင်းကဲ့သို့ မကိုက်ညီသော ကုန်စည်မျိုးအား ကိုင်တွယ်ဖြေရှင်းရန် အရေးယူဆောင်ရွက်သည့်နည်းလမ်းများစွာ လုပ်ဆောင်နိုင်သည်။

၉။ ကုန်စည်များအတွက်ယာယီခွင့်ပြုခြင်းနှင့် ပြည်တွင်းသုံးစွဲရန်နှင့် ပြည်ပတင်ပို့ရန် ဆက်လက် လုပ်ဆောင်ခြင်း

၉.၁။ **ကုန်စည်များအတွက်ယာယီခွင့်ပြုခြင်း**

အဖွဲ့ဝင်များသည် မိမိ၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်း ကြိုတင်ပြဋ္ဌာန်းထားသည့်အတိုင်း မိမိ၏ အကောက်ခွန် နယ်နိမိတ်အတွင်းသို့ ကုန်စည်များသယ်ယူခွင့်ကို သွင်းကုန်

အကောက်ခွန်နှင့် အခွန်အခများပေးဆောင်ရခြင်းမှ အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအားဖြင့် အခြေအနေအရ သက်သာစေလျက်ခွင့်ပြုပေးရမည်ဖြစ်ပြီး အကယ်၍ ယင်းကဲ့သို့ကုန်စည်များသည် သီးခြားရည်ရွယ်ချက်တစ်ရပ်ဖြင့် မိမိ၏အကောက်ခွန် နယ်နိမိတ်အတွင်းသို့ သယ်ယူလာရာတွင် အချိန်ကာလတစ်ရပ်အတွင်းပို့ကုန်ပြန်လည်တင်ပို့ရန်အတွက် ရည်ရွယ်ထားခံရပြီး ခြွင်းချက်အနေဖြင့် ယင်းတို့အား ပြုလုပ်အသုံးပြုမှုကြောင့် သာမန်ပြုန်းတီးခြင်း သို့မဟုတ် လေလွင့်ဆုံးရှုံးခြင်းမှလွဲ၍ မည်သည့်ပြောင်းလဲမှုမျိုးကိုမှ မခံရလျှင်ဖြစ်သည်။

၉.၂။ ပြည်တွင်းသုံးစွဲရန်နှင့် ပြည်ပတင်ပို့ရန် ဆက်လက်လုပ်ဆောင်ခြင်း

(က) အဖွဲ့ဝင်များသည် မိမိ၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်း ကြိုတင်ပြဋ္ဌာန်းထားသည့်အတိုင်း ကုန်စည်များအား ပြည်တွင်းသုံးစွဲရန်နှင့် ပြည်ပတင်ပို့ရန် ဆက်လက်လုပ်ဆောင်ခြင်းကို ခွင့်ပြုရမည်ဖြစ်သည်။ ပြည်ပတင်ပို့ရန် ဆက်လက်လုပ်ဆောင်ခြင်းအတွက် ခွင့်ပြုခံရသည့် ကုန်စည်များအား အဖွဲ့ဝင်၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သွင်းကုန်အကောက်ခွန်နှင့် အခွန်အခများပေးဆောင်ရခြင်းမှ အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကင်းလွတ်ခွင့်နှင့်အတူ ပြန်လည်တင်သွင်းခွင့်ရှိသည်။

( ခ ) ဤစည်းမျဉ်းပါ ရည်ရွယ်ချက်များအရ ပြည်တွင်းသုံးစွဲရန် ဆက်လက်လုပ်ဆောင်ခြင်းဟူသော စကားရပ်သည် အဖွဲ့ဝင်တစ်ဦး၏ အကောက်ခွန် နယ်နိမိတ်အတွင်းသို့ အချို့သောကုန်စည်များကို သွင်းကုန်အကောက်ခွန်နှင့် အခွန်အခများ ပေးဆောင်ရခြင်းမှ အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအားဖြင့် အခြေအနေအရ သက်သာစေလျက် သို့မဟုတ် အကောက်ခွန် ပြန်လည်ထုတ်ယူခွင့်ရှိစေလျက် သယ်ယူခွင့်ပေးသော အကောက်ခွန်လုပ်ထုံးလုပ်နည်းကို ဆိုလိုပြီး အဆိုပါ ကုန်စည်များအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းအတွက် အချောသတ်ထုတ်လုပ်ရန်အတွက် သို့မဟုတ် ပြင်ဆင်ရန်နှင့် နောက်ဆက်တွဲ ပို့ကုန်တင်ပို့ရန်အတွက် ရည်ရွယ်ခံထားရမှုအပေါ် အခြေခံရမည်ဖြစ်သည်။

( ဂ ) ဤစည်းမျဉ်းပါ ရည်ရွယ်ချက်များအရ ပြည်ပတင်ပို့ရန် ဆက်လက်လုပ်ဆောင်ခြင်းဟူသော စကားရပ်သည် အဖွဲ့ဝင်တစ်ဦး၏ အကောက်ခွန် နယ်နိမိတ်အတွင်း ကုန်စည်များအား လွတ်လပ်စွာ လှည့်ပတ်ခွင့်ပေးထားသော အကောက်ခွန်လုပ်ထုံးလုပ်နည်းကို ဆိုလိုပြီး အဆိုပါ ကုန်စည်များအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်း

အတွက်၊ အချောသတ်ထုတ်လုပ်ရန်အတွက် သို့မဟုတ် ပြည်ပတွင် ပြင်ဆင်ရန်နှင့် ယင်းနောက်ပြန်လည်တင်သွင်းရန်အတွက် ယာယီအားဖြင့် တင်ပို့ခွင့်ခံထားရသည်။

## စည်းမျဉ်း-၁၁

## တစ်ဆင့်ခံကုန်စည်အကူးအပြောင်းလွတ်လပ်ခွင့်

၁။ တရားမဝင် တစ်ဆင့်ခံကုန်စည် အကူးအပြောင်းလုပ်ခြင်းအပေါ် အဖွဲ့ဝင်တစ်ဦးက ချမှတ်ကျင့်သုံးသည့် မည်သည့်ဥပဒေများကို သို့မဟုတ် ပုံမှန်လိုက်နာဆောင်ရွက်ဖွယ်ရာများကို အောက်ပါအခြေအနေများအရ

(က) အကယ်၍ ၎င်းတို့အား လက်ခံကျင့်သုံးရမည့်အခြေအနေများ သို့မဟုတ် ရည်ရွယ်ချက်များ မရှိတော့ခြင်း၊ သို့မဟုတ် ပြောင်းလဲသွားသော အခြေအနေများ သို့မဟုတ် ရည်ရွယ်ချက်များကို အကျိုးသင့်အကြောင်းသင့် ရရှိနိုင်သော ကုန်သွယ်ရေးတင်းကျပ်မှု နည်းပါးသည့် နည်းလမ်းဖြင့် ဖြေရှင်းနိုင်သည့်အခါမျိုးတွင် ဆက်လက်ကျင့်သုံးထားရှိရန် မလိုအပ်တော့ပေ၊

( ခ ) တရားမဝင် တစ်ဆင့်ခံ ကုန်စည်အကူးအပြောင်းလုပ်ခြင်းအပေါ် ဖုံးကွယ်ကန့်သတ်မှုမျိုး မဖြစ်ပေါ်စေသည့် နည်းလမ်းဖြင့် ကျင့်သုံးရမည်ဖြစ်သည်။

၂။ ခြွင်းချက်အားဖြင့် သယ်ယူပို့ဆောင်ရေးအတွက် ကုန်ကျငွေများ သို့မဟုတ် တစ်ဆင့်ခံကုန်စည် အကူးအပြောင်းလုပ်ခြင်းကြောင့် စီမံအုပ်ချုပ်မှု စရိတ်ဖြစ်ပေါ်လာခြင်း သို့မဟုတ် ပေးအပ်သော ဝန်ဆောင်မှုအတွက် ကုန်ကျစရိတ်တို့နှင့် အချိုးညီသောအခကြေးငွေများမှလွဲ၍ ကုန်စည်ကူးပြောင်းမှုနှင့်ပတ်သက်၍ ကောက်ခံသောအခကြေးငွေ သို့မဟုတ် ကောက်ခံငွေတစ်စုံတစ်ရာရရှိမှုအပေါ်တွင် တရားမဝင် ကုန်စည်အကူးအပြောင်းလုပ်ခြင်းကို မမူတည်စေရပါ။

၃။ အဖွဲ့ဝင်များအနေဖြင့် တရားမဝင်ကုန်စည်အကူးအပြောင်းလုပ်ခြင်းအပေါ် မိမိဘာသာထိန်းချုပ်ခြင်းများ သို့မဟုတ် အခြားသောအလားတူလုပ်ဆောင်ချက်များကို ရှာဖွေခြင်း၊ ကျင့်သုံးခြင်း သို့မဟုတ် ဆက်လက်ထားရှိခြင်းများ မပြုလုပ်ရပါ။ ဤအချက်သည် လက်ရှိကာလနှင့် အနာဂတ်ကာလ ပြည်တွင်းတရားဥပဒေတို့အပေါ် အကျိုးလျော့နည်း နစ်နာစေမှုမရှိဘဲ သယ်ယူပို့ဆောင်ရေးအားကြပ်မတ်ခြင်း၊ WTO စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီစေခြင်းတို့နှင့် သက်ဆိုင်သည့် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံစုံ စီစဉ်ဆောင်ရွက်ရမှုများဖြစ်သည်။

၄။ အဖွဲ့ဝင်များသည် အခြားအဖွဲ့ဝင်တစ်ဦးဦး၏ နယ်နိမိတ်မှတစ်ဆင့် ကုန်စည်ကူးပြောင်းမှုအတွင်းပါဝင်သည့် ထုတ်ကုန်များကို အဆိုပါ ကုန်စည်မျိုးအနေဖြင့် ၎င်းတို့၏ ပင်ရင်းနေရာမှ ဦးတည်ရာနေရာဆီသို့ သယ်ယူပို့ဆောင်ခံရရာတွင် အဆိုပါအခြားအဖွဲ့ဝင်တစ်ဦးဦး၏ နယ်နိမိတ်အား ဖြတ်သန်းသွားရခြင်းမရှိပါက ယင်းတို့အား ပေးအပ်ရမည့် ခံစားခွင့်ထက် လျော့နည်းခြင်းမရှိသည့် ခံစားခွင့်အား ပေးအပ်ရမည်ဖြစ်သည်။

၅။ အဖွဲ့ဝင်များအား တရားမဝင် ကုန်စည်အကူးအပြောင်းလုပ်ခြင်းနှင့် ပတ်သက်၍ လက်တွေ့ဆောင်ရွက်နိုင်သည့်အခါ ရုပ်ပိုင်းအရ သီးခြားစီဖြစ်သော အခြေခံအဆောက်အအုံများ (လမ်းများ၊ ရုပ်နားရာများနှင့် အလားတူများ)ကို ရှိထားစေရန် တိုက်တွန်းအပ်သည်။

၆။ တရားမဝင် ကုန်စည်အကူးအပြောင်းလုပ်ခြင်းနှင့် ပတ်သက်၍ ပုံမှန်လုပ်ဆောင်ဖွယ်ရာများ၊ စာရွက်စာတမ်း လိုအပ်ချက်များနှင့် အကောက်ခွန်ထိန်းချုပ်မှုများကို အောက်ပါတို့အတွက် လိုအပ်သည်ထက်ပို၍ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်လိုအပ်ရာ

(က) ကုန်စည်အား ဖော်ထုတ်သတ်မှတ်ခြင်း၊

( ခ ) အကူးအပြောင်းလုပ်ရန် လိုအပ်ချက်များကို ပြည့်မီစေခြင်း။

၇။ ကုန်စည်များအား တစ်ဆင့်ခံအကူးအပြောင်းလုပ်ခြင်း လုပ်ထုံးလုပ်နည်းအရ သယ်ဆောင်သောအခါနှင့် အဖွဲ့ဝင်တစ်ဦး၏ နယ်နိမိတ်အတွင်းရှိ စတင်ထွက်ခွာရာနေရာမှ ဆက်လက်သယ်ဆောင်ရန် အခွင့်အာဏာပေးအပ်ထားသောအခါ ၎င်းတို့အနေဖြင့် အဖွဲ့ဝင်များ၏ နယ်နိမိတ်အတွင်းရှိ ဆိုက်ရောက်ရမည့်နေရာများ၌ ၎င်းတို့၏ ကူးပြောင်းသယ်ဆောင်ခံရမှုအား ပြီးဆုံးသွားသည့်တိုင်အောင် အကောက်ခွန်ကြေးများသာမက မလိုလားအပ်သော နှောင့်နှေးမှုများ သို့မဟုတ် ကန့်သတ်ပိတ်ပင်မှုများကို မခံစားစေရပါ။

၈။ အဖွဲ့ဝင်များသည် ကုန်သွယ်မှုတွင်ရှိနေသည့် နည်းပညာအဟန့်အတားများဆိုင်ရာ သဘောတူညီချက်၏ ရည်ရွယ်ချက်အတွင်းရှိ နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုအပေါ် စစ်ဆေးအကဲဖြတ်သည့် လုပ်ထုံးလုပ်နည်းများကို တစ်ဆင့်ခံ အကူးအပြောင်း လုပ်နေသော ကုန်စည်များအပေါ် အသုံးပြုခြင်းမရှိရပါ။

၉။ အဖွဲ့ဝင်များသည် တစ်ဆင့်ခံ ကုန်စည်အကူးအပြောင်းလုပ်မှု စာရွက်စာတမ်းများနှင့် အချက်အလက်များအား ကြိုတင်ဖိုင်သွင်းထားရှိခြင်းနှင့် ပြင်ဆင်ဆောင်ရွက်ထားခြင်းတို့ကို ကုန်စည်များ ရောက်ရှိလာခြင်း မတိုင်ခင်လုပ်ဆောင်ခွင့်ပြုကာ စီစဉ်ပံ့ပိုးပေးရမည်။

၁၀။ အဖွဲ့ဝင်တစ်ဦး၏ နယ်နိမိတ်အတွင်း၌ တည်ရှိသော အကောက်ခွန်ရုံးသို့ တရားမဝင် ကုန်စည်ကူးပြောင်းခြင်း ရောက်ရှိလာသည့်အခါ အကယ်၍ အကူးအပြောင်းလုပ်ခြင်းဆိုင်ရာ လိုအပ်ချက်များအား ဖြည့်ဆည်းပြီးသည့်အခါ အဆိုပါရုံးသည် အကူးအပြောင်းလုပ်မည့် လုပ်ငန်းအား လျင်မြန်စွာ ရပ်ဆိုင်းရမည်ဖြစ်သည်။

၁၁။ အဖွဲ့ဝင်တစ်ဦးအနေဖြင့် တရားမဝင် ကုန်စည်အကူးအပြောင်းလုပ်ခြင်းအတွက် အာမခံငွေ၊ ကြိုတင်သွင်းငွေ သို့မဟုတ် အခြားသောသင့်တော်သည့် ငွေကြေးနည်းလမ်း သို့မဟုတ် ငွေကြေးမဟုတ်သောနည်းလမ်း[၃၂] ပုံစံများဖြင့် အာမခံချက်ရရှိရန် လိုအပ်နေသည့်အခါ ယင်းကဲ့သို့ တရားမဝင် တစ်ဆင့်ခံ ကုန်စည်အကူးအပြောင်း လုပ်ခြင်းအတွက် တောင်းခံသည့် တောင်းဆိုချက်များအား ဖြည့်ဆည်းနိုင်စေရန် အဆိုပါအာမခံချက်အား ကန့်သတ်ထားရမည်။

၁၂။ ကုန်စည်အကူးအပြောင်းလုပ်ခြင်းဆိုင်ရာ မိမိ၏လိုအပ်ချက်များအား ကျေနပ်ဖွယ်ရာ ဖြည့်ဆည်းပြီးဖြစ်သည်ဟု အဖွဲ့ဝင်က ဆုံးဖြတ်သည့်အခါ အာမခံချက်အား နှောင့်နှေးခြင်းမရှိဘဲ ဖယ်ရှားပေးရမည်။

၁၃။ အဖွဲ့ဝင်များသည် မိမိ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီသည့်နည်းလမ်းဖြင့် လုပ်ငန်းတူ ဆောင်ရွက်သူများအတွက် အဖန်ဖန်အသုံးပြုခွင့်များပါရှိသည့် ရှင်းလင်းပြည့်စုံသော အာမခံချက်များ သို့မဟုတ် နောက်ဆက်တွဲ ကုန်စည်များအတွက် ကင်းလွတ်ခွင့်မပါဘဲ အာမခံချက်များ အသစ်ပြန်လုပ်ခြင်းကို ခွင့်ပြုနိုင်သည်။

၁၄။ အဖွဲ့ဝင်များသည် တစ်ကြိမ်သာအသုံးပြုနိုင်သည့် အာမခံချက်နှင့် လိုအပ်ပါက အဖန်ဖန် အသုံးပြုနိုင်သည့် အာမခံချက်အပါအဝင် အာမခံချက်အား သတ်မှတ်ရာတွင် မိမိအသုံးပြုမည့်

[၃၂] ဤပြဋ္ဌာန်းချက်ပါ မည်သည့်အချက်ကမျှ အဖွဲ့ဝင်တစ်ဦးအား သယ်ယူပို့ဆောင်ရေးနည်းလမ်းများကို တရားမဝင်ကုန်စည်ကူးပြောင်းမှုအတွက် အာမခံအနေဖြင့် အသုံးပြုနိုင်သော လက်ရှိလုပ်ထုံးလုပ်နည်းများအား ဆက်လက်ကျင့်သုံးခြင်းမှ ပိတ်ပင်ဟန့်တားခြင်းမရှိစေရပါ။

သက်ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူ သိရှိရယူနိုင်အောင် ပြုလုပ်ထားရမည် ဖြစ်သည်။

၁၅။ အဖွဲ့ဝင်များသည် အန္တရာယ်များ ကြီးမားစွာရှိနေသည့် အခြေအနေများတွင်သာ သို့မဟုတ် အာမခံချက်များကို အသုံးပြုခြင်းဖြင့် အကောက်ခွန် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား လိုက်နာနိုင်မှုကို မသေချာစေသည့် အခါမျိုးတွင်သာ တရားမဝင် တစ်ဆင့်ခံကုန်စည် အကူးအပြောင်း လုပ်ခြင်းအတွက် အကောက်ခွန် အစောင့်အကြပ်များ သို့မဟုတ် အကောက်ခွန်တပ်ဖွဲ့များကို အသုံးပြုရန် လိုအပ်ကောင်း လိုအပ်နိုင်သည်။ အကောက်ခွန် အစောင့်အကြပ်များ သို့မဟုတ် အကောက်ခွန် တပ်ဖွဲ့များနှင့်သက်ဆိုင်သည့် အထွေထွေ စည်းမျဉ်းစည်းကမ်းများကို စည်းမျဉ်း ၁ နှင့်အညီ ထုတ်ပြန် အသိပေးထားရမည်။

၁၆။ လွတ်လပ်စွာ တစ်ဆင့်ခံကုန်စည် အကူးအပြောင်းလုပ်ခြင်းအား ပိုမိုကောင်းမွန်စေရေး အမြင်ဖြင့် အဖွဲ့ဝင်များသည် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ ကန့်သတ်ထားခြင်းမရှိသော်လည်း အဆိုပါ ပူးပေါင်းဆောင်ရွက်မှု နှင့် ညှိနှိုင်းဆောင်ရွက်မှုများတွင် အောက်ပါတို့နှင့် ပတ်သက်၍ နားလည်မှုတစ်ရပ် ပါရှိနိုင်ရမည် –

(က) အခကြေးငွေများ၊

( ခ ) ပုံမှန်လိုက်နာဆောင်ရွက်ဖွယ်ရာများနှင့် ဥပဒေပိုင်းဆိုင်ရာ လိုအပ်ချက်များ၊

( ဂ ) ကုန်စည်အကူးအပြောင်းလုပ်ခြင်းဆိုင်ရာ စနစ်များ၏ လက်တွေ့ဆောင်ရွက်မှု။

၁၇။ အဖွဲ့ဝင်များသည် ကုန်စည်အကူးအပြောင်းလုပ်ငန်း ကောင်းမွန်စွာ လည်ပတ်နေမှုများနှင့် ပတ်သက်၍ အခြားသော အဖွဲ့ဝင်များ၏ စုံစမ်းမေးမြန်းခြင်းများနှင့် အဆိုပြုခြင်းများအား ကိုင်တွယ် ဖြေရှင်းပေးနိုင်မည့် ကုန်စည်အကူးအပြောင်းလုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ညှိနှိုင်းရေးမှူး တစ်ဦးအား ခန့်ထားနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

## ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးသဘောတူညီချက်

## စည်းမျဉ်း-၁၂

## အကောက်ခွန်ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း

၁။ လိုက်နာဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ပေးမည့် လုပ်ဆောင်မှုများ

၁.၁။ ကုန်သွယ်မှုပြုသူများအနေဖြင့် မိမိတို့လိုက်နာဖွယ်ရာတာဝန်များကို သိရှိကြောင်းသေချာစေခြင်း၊ သင့်လျော်သည့် အခြေအနေများတွင် သွင်းကုန်တင်သွင်းသူများအား ပြစ်ဒဏ်မထားရှိဘဲ ကိုယ်တိုင်ပြန်လည် အမှားပြင်ဆင်ခွင့်ရှိစေမည့် မိမိသဘောအလျောက် လိုက်နာမှုအပေါ် အားပေးတိုက်တွန်းခြင်းနှင့် လိုက်နာမှုမရှိသော ကုန်သွယ်မှုပြုသူများ[၁၄] အတွက် ပိုမိုပြင်းထန်သည့် အရေးယူမှုများ စတင်လုပ်ဆောင်နိုင်ရန် လိုက်နာလာစေရေး လုပ်ဆောင်မှုများအား ကျင့်သုံးခြင်း စသည်တို့၏အရေးပါမှုအပေါ် အဖွဲ့ဝင်များက သဘောတူညီကြသည်။

၁.၂။ အကောက်ခွန်ဆိုင်ရာ လိုက်နာစေလိုသည်များကို စီမံခန့်ခွဲရာ၌ အသင့်တော်ဆုံးသော အလေ့အထများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကော်မတီမှတစ်ဆင့် ဝေမျှခြင်းအပါအဝင် ပြန်လည်ဝေမျှပေးရန် အဖွဲ့ဝင်များအား တိုက်တွန်းအပ်သည်။ လေးစားလိုက်နာလာစေရေး လုပ်ဆောင်ချက်များအား စီမံခန့်ခွဲနိုင်ရေးနှင့် ယင်းတို့၏ထိရောက်မှုအား ပိုမိုကောင်းမွန်လာစေရေး ရည်ရွယ်ချက်များအတွက် နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်မှု သို့မဟုတ် အကူအညီပေးခြင်းနှင့် စွမ်းရည်တည်ဆောက်မှုအတွက် ကူညီပံ့ပိုးခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရန် အဖွဲ့ဝင်များအား တိုက်တွန်းအပ်သည်။

၂။ သတင်းအချက်အလက်ဖလှယ်ခြင်း

၂.၁။ ၎င်းနှင့်ပတ်သက်သည့် မှန်ကန်မှုအပေါ် သို့မဟုတ် ၎င်း၏ တိကျမှုအပေါ် သံသယဖြစ်ဖွယ်ရာ ခိုင်မာသည့် အကြောင်းရင်းများရှိနေကြောင်း ဖော်ထုတ်တွေ့ရှိရသည့် အမှုတွဲများရှိ သွင်းကုန် သို့မဟုတ် ပို့ကုန်ကြေညာလွှာ တစ်ရပ်အား စစ်ဆေးအတည်ပြုနိုင်ရေး ရည်ရွယ်ချက်အတွက် အဖွဲ့ဝင်များသည် တောင်းဆိုချက်အရနှင့် ဤစည်းမျဉ်းပါပြဋ္ဌာန်းချက်များအား လိုက်နာသောအားဖြင့် အပိုဒ်ခွဲ ၆.၁(ခ) နှင့် (ဂ) တွင်ပါရှိသည့် သတင်းအချက်အလက်များအားဖလှယ်ရမည်ဖြစ်သည်။

---

[၁၄] ဤကဲ့သို့ လုပ်ဆောင်မှုတွင် လိုက်နာမှုမရှိသည့် အကြိမ်အရေအတွက် အားလျော့နည်းစေခြင်းနှင့် ယင်းအတွက်ကြောင့် ဥပဒေစည်းကြပ်မှုအတွက် သတင်းအချက်အလက်ဖလှယ်ရန် လိုအပ်မှုလျှော့ချနိုင်ရေး အလုံးစုံရည်မှန်းချက်များရှိသည်။

၂.၂။ အဖွဲ့ဝင်များသည် သတင်းအချက်အလက်များအား ဖလှယ်ရန်အတွက် ဆက်သွယ်ရမည့် မိမိ၏ အချက်အလက်အသေးစိတ်ကို ကော်မတီသို့အသိပေး အကြောင်းကြားရမည်ဖြစ်သည်။

၃။ စစ်ဆေးအတည်ပြုခြင်း

အဖွဲ့ဝင်တစ်ဦးသည် သွင်းကုန် သို့မဟုတ် ပို့ကုန်ကြေညာလွှာ တစ်စောင်အပေါ် သင့်တော်သည့် စစ်ဆေးအတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပြီးစီးသောအခါမှသာနှင့် ရရှိနိုင်သည့် သက်ဆိုင်ရာ စာရွက်စာတမ်းများအား စစ်ဆေးပြီးစီးသော အခါမှသာလျှင် သတင်းအချက်အလက်အတွက် တောင်းဆိုမှုအား ပြုလုပ်ရမည်။

၄။ တောင်းဆိုမှု

၄.၁။ တောင်းဆိုလိုသော အဖွဲ့ဝင်ဖြစ်သူသည် တောင်းဆိုခံရမည့် အဖွဲ့ဝင်ဖြစ်သူထံ စာဖြင့်ရေးသား တောင်းဆိုချက်တစ်စောင်အား အပြန်အလှန် သဘောတူညီပြီးဖြစ်သည့် WTO တရားဝင် သုံးဘာသာစကားဖြင့် သို့မဟုတ် အပြန်အလှန် သဘောတူညီပြီးဖြစ်သည့် အခြားဘာသာ စကားဖြင့် အောက်ပါတို့အားပါဝင်စေလျက် စက္ကူ သို့မဟုတ် အီလက်ထရောနစ်နည်းလမ်း များမှတစ်ဆင့် ပေးအပ်ရမည်ဖြစ်သည် –

(က) သင့်လျော်ပြီး ရရှိနိုင်ပါက ဖော်ပြပါ သွင်းကုန်ကြေညာလွှာနှင့် သက်ဆိုင်သော ပို့ကုန်ကြေညာလွှာကို ဖော်ပြနေသည့် နံပါတ်စဉ်အပါအဝင် ထုတ်ပေးရသည့် အကြောင်းအရာ၊

( ခ ) အကယ်၍ သိရှိမည်ဆိုပါက တောင်းဆိုမှုနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဆက်သွယ်ရမည့် အချက်အလက် အသေးစိတ်နှင့်အတူ တောင်းဆိုလိုသည့် အဖွဲ့ဝင်ဖြစ်သူ၏ သတင်းအချက်အလက် သို့မဟုတ် စာရွက်စာတမ်းများအား ရယူလိုသော ရည်ရွယ်ချက်၊

( ဂ ) တောင်းဆိုခံရသည့် အဖွဲ့ဝင်ဖြစ်သူက လိုအပ်ပါက သင့်လျော်သည့် စစ်ဆေးသုံးသပ်မှုအတွက် အတည်ပြုချက်[၁၅]။

[၁၅]ဤအချက်အတွင် အပိုဒ် ၃ အရ လုပ်ဆောင်ခဲ့သည့် စစ်ဆေးမှုနှင့် အကျုံးဝင်သက်ဆိုင်သည့် သတင်းအချက်အလက်များ ပါဝင်နိုင်သည်။ ဤသတင်းအချက်အလက်များသည် စစ်ဆေးမှုပြုလုပ်သည့် အဖွဲ့ဝင်က သတ်မှတ်ပေးသော ကာကွယ်ပေးမှုနှင့်လျှို့ဝှက်ထိန်းသိမ်းပေးမှု အဆင့်များအပေါ် အလေးထားလိုက်နာစေရမည်။

(ဃ) တောင်းဆိုသည့် တိကျသော အချက်အလက် သို့မဟုတ် စာရွက်စာတမ်းများ၊

( င ) တောင်းဆိုမှုအား စတင်ပြုလုပ်သည့် ရုံးအဖွဲ့အစည်း၏ အထောက်အထား၊

( စ ) လျှို့ဝှက်သတင်း အချက်အလက်များနှင့် ပုဂ္ဂိုလ်ရေး အချက်အလက်များအား ရယူခြင်း၊ ကာကွယ်ခြင်း၊ အသုံးပြုခြင်း၊ ဖွင့်ဟဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖယ်ရှားခြင်းတို့နှင့် သက်ဆိုင်သည့် တောင်းဆိုလိုသော အဖွဲ့ဝင်ဖြစ်သူ၏ ပြည်တွင်း ဥပဒေနှင့် တရားစီရင်ရေးစနစ်ပါ ပြဋ္ဌာန်းချက်များအား ရည်ညွှန်းချက်။

၄.၂။ အကယ်၍ တောင်းဆိုလိုသော အဖွဲ့ဝင်ဖြစ်သူသည် အပိုဒ် ၄.၁ ပါ မည်သည့်အပိုဒ်ခွဲကိုမျှ လိုက်နာနိုင်သော အနေအထား၌ မရှိပါက တောင်းဆိုမှုထဲတွင် ဤအချက်အား ဖော်ပြထား ရမည်။

၅။ ကာကွယ်ခြင်းနှင့် လျှို့ဝှက်ထိန်းသိမ်းခြင်း

၅.၁။ တောင်းဆိုလိုသော အဖွဲ့ဝင်ဖြစ်သူသည် အပိုဒ် ၅.၂ အား အလေးထားလိုက်နာရန်လိုအပ်ရာ

(က) တောင်းဆိုခံရသည့် အဖွဲ့ဝင်က ပေးအပ်သော အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများကို အပိုဒ်ခွဲ ၆.၁ (ခ) နှင့် (ဂ) အရ ယင်းကိုဖော်ပြထားသည့်အတိုင်း တောင်းဆိုခံရသည့်အဖွဲ့ဝင်၏ ပြည်တွင်းဥပဒေနှင့် တရားစီရင်ရေးစနစ်အရ ပြဋ္ဌာန်း ထားသကဲ့သို့ အနည်းဆုံး ယင်းနှင့်တူညီသော ကာကွယ်ခြင်းနှင့် လျှို့ဝှက်ထိန်းသိမ်း ခြင်းအဆင့်ဖြင့် ယုံကြည်မှုနှင့် ခွင့်ပြုမှုအရ တင်းကျပ်စွာ ကိုင်ဆောင်ထားရမည်။

( ခ ) ထုတ်ပေးရသည့် ကိစ္စနှင့်ဆက်စပ်နေသည့် အကောက်ခွန် အာဏာပိုင်များထံသို့သာ အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများအား ပေးအပ်ရမည်ဖြစ်ပြီး တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူက အခြားတစ်နည်းနည်းဖြင့် စာဖြင့်ရေးသား သဘောတူညီထားခြင်းမရှိပါက တောင်းဆိုစာထဲတွင် ဖော်ပြထားသည့် ရည်ရွယ် ချက်အတွက်သာလျှင် အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများအား အသုံးပြုရမည်ဖြစ်သည်။

( ဂ ) တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူ၏ တိကျသော စာဖြင့် ရေးသားခွင့်ပြုချက်မရှိပါက အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများအား ဖွင့်ဟဖော်ထုတ်ခြင်း မပြု ရပါ။

(ဃ) မည်သည့်အခြေအနေတစ်ရပ်တွင်မဆို သံသယပယ်ပျောက်စေနိုင်ရေး အရေးပါသည့် အကြောင်းအချက်အဖြစ် တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူထံမှ စစ်ဆေး

အတည်ပြုထားခြင်းမရှိသည့် မည်သည့်အချက်အလက်များမဆို သို့မဟုတ် စာရွက်စာတမ်းများမဆိုအား အသုံးမပြုရပါ။

( င ) လျှို့ဝှက်သတင်းအချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများနှင့် ပုဂ္ဂိုလ်ရေးအချက်အလက်များအား ထိန်းသိမ်းခြင်း၊ ဖယ်ရှားခြင်းတို့နှင့်စပ်လျဉ်း၍ တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူက စီစဉ်ထားသည့် အမှုတွဲနှင့် အထူးသက်ဆိုင်သော မည်သည့် အခြေအနေမျိုးမဆိုအား လေးစားပါ။

( စ ) တောင်းဆိုမှုအရ ပေးအပ်ထားသည့် သတင်းအချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများ၏ ရလဒ်အဖြစ် ကိစ္စရပ်အပေါ် ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်မည့် အရေးယူဆောင်ရွက်ချက်များအား တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူထံ အသိပေးအကြောင်းကြားရမည်။

၅.၂။ တောင်းဆိုလိုသော အဖွဲ့ဝင်အနေဖြင့် မိမိ၏ ပြည်တွင်းဥပဒေများနှင့် တရားစီရင်ရေးစနစ်အရ အပိုဒ် ၅.၁ ၏ မည်သည့်အပိုဒ်ခွဲကိုမျှ မလိုက်နာနိုင်ခြင်း ဖြစ်နိုင်ပေသည်။ အကယ်၍ ထိုသို့ဆိုပါက တောင်းဆိုလိုသော အဖွဲ့ဝင်ဖြစ်သူသည် တောင်းဆိုမှုထဲတွင် ဤအချက်အား ဖော်ပြထားရမည်။

၅.၃။ တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူသည် မည်သည့်တောင်းဆိုမှုမျိုးကိုမဆိုနှင့် အပိုဒ် ၄ အရ ရရှိခဲ့သည့် မည်သည့်စစ်ဆေးအတည်ပြုမှု အချက်အလက်များကိုမဆို တောင်းဆိုသော အဖွဲ့ဝင်ဖြစ်သူက ပေးအပ်ထားသည့် အနည်းဆုံး မိမိ၏အလားတူ ကိုယ်ပိုင်အချက်အလက်အတွက် တူညီသောကာကွယ်ခြင်းနှင့် လျှို့ဝှက်ထိန်းသိမ်းခြင်းအဆင့်ဖြင့် တုံ့ပြန်သဘောထားပေးရမည်။

၆။ သတင်းအချက်အလက်ပေးအပ်ခြင်း

၆.၁။ ဤစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များအား အလေးထားလိုက်နာသောအားဖြင့် တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူသည် လျင်မြန်စွာဖြင့်

(က) စက္ကူ သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းအားဖြင့် စာဖြင့်ရေးသားတုံ့ပြန်ရမည်။

( ခ ) သွင်းကုန် သို့မဟုတ် ပို့ကုန်ကြေညာလွှာထဲတွင် ဖော်ပြထားသည့် တိကျသော အချက်အလက်များ သို့မဟုတ် တောင်းဆိုသော အဖွဲ့ဝင်အတွက် လိုအပ်သော ကာကွယ်ခြင်းနှင့် လျှို့ဝှက်ထိန်းသိမ်းခြင်း အဆင့်ဖော်ပြချက်နှင့်တကွ ကြေညာလွှာ

ထဲတွင် ဖော်ပြထားသည့် တိကျသော အချက်အလက်များကို ရရှိနိုင်သော အတိုင်းအတာအထိ ပေးအပ်ရမည် ဖြစ်သည်။

( ဂ ) အကယ်၍ တောင်းဆိုခဲ့ပါက အောက်ပါ စာရွက်စာတမ်းများဖြစ်သည့် သွင်းကုန်၊ ပို့ကုန် ကြေညာလွှာအတွက် အထောက်အကူပြုရန် တင်ပြခဲ့သည့်၊ စက္ကူပုံစံဖြစ်စေ သို့မဟုတ် အီလက်ထရောနစ် ပုံစံဖြစ်စေ ဖိုင်ဖွဲ့ထားရှိသော ရောင်းကုန်စာရင်း၊ ထုပ်ပိုးမှုစာရင်း၊ ပင်ရင်းဒေသလက်မှတ်နှင့် သင်္ဘောတင်တန်ဆာစသည့် စာရွက်စာတမ်းများထဲတွင် ဖော်ပြထားသည့် တိကျသော အချက်အလက်များ သို့မဟုတ် တောင်းဆိုသော အဖွဲ့ဝင်အတွက် လိုအပ်သော ကာကွယ်ခြင်းနှင့် လျှို့ဝှက်ထိန်းသိမ်းခြင်း အဆင့်ဖော်ပြချက်နှင့်တကွ စာရွက်စာတမ်းများတွင် ဖော်ပြထားသည့် တိကျသော အချက်အလက်များအား ရရှိနိုင်သောအတိုင်းအတာအထိ ပေးအပ်ရမည်ဖြစ်သည်။

(ဃ) ပေးအပ်ထားသော စာရွက်စာတမ်းများသည် စစ်မှန်သော မိတ္တူများဖြစ်ကြောင်း အတည်ပြုပေးပါ။

( င ) တောင်းဆိုမှုအား လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၉၀)အတွင်း တတ်နိုင်သော အတိုင်းအတာအထိ အချက်အလက်များအား ပေးအပ်ပါ သို့မဟုတ် တောင်းဆိုမှုအား တုံ့ပြန်ပေးပါ။

၆.၂။ တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူသည် မိမိ၏ ပြည်တွင်း ဥပဒေနှင့်တရားစီရင်ရေးစနစ်အရ အချက်အလက်များအား ပေးအပ်ခြင်း မတိုင်ခင် သက်ဆိုင်ရာ အချက်အလက်များကို ရာဇဝတ်မှုစုံစမ်းစစ်ဆေးခြင်း၊ တရားစီရင်ရေးလုပ်ဆောင်မှုများ သို့မဟုတ် အကောက်ခွန်နှင့် မသက်ဆိုင်သော တရားစွဲဆိုခြင်းများတွင် သက်သေအထောက်အထားအဖြစ် တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူ၏ တိကျစွာ စာဖြင့်ရေးသားခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းမပြုကြောင်း အာမခံချက်တစ်ရပ်အား လိုအပ်ကောင်းလိုအပ်နိုင်သည်။ အကယ်၍ တောင်းဆိုလိုသော အဖွဲ့ဝင်ဖြစ်သူသည် ဤလိုအပ်ချက်အား လိုက်နာနိုင်သောအနေအထား၌ မရှိပါက ၄င်းအနေဖြင့် ဤအချက်အား တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူထံသို့ ဖော်ပြသင့်သည်။

၇။ တောင်းဆိုမှုအား ရွှေ့ဆိုင်းခြင်း သို့မဟုတ် ငြင်းပယ်ခြင်း

၇.၁။ တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူသည် အချက်အလက်ပေးအပ်ရန် တောင်းဆိုမှုတစ်ရပ်

အား ရွှေ့ဆိုင်းနိုင်သလို တစ်စိတ်တစ်ပိုင်းဖြစ်စေ သို့မဟုတ် အားလုံးဖြစ်စေ ငြင်းပယ်နိုင်ပြီး ယင်းသို့ လုပ်ဆောင်ရသည့် အကြောင်းရင်းများကို တောင်းဆိုသည့် အဖွဲ့ဝင်ဖြစ်သူထံ အသိပေးအကြောင်းကြားရမည်ဖြစ်ရာ တောင်းဆိုမှုသည် ဤနေရာတွင်

(က) တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူ၏ ပြည်တွင်းဥပဒေနှင့် တရားစီရင်ရေးစနစ် ထဲတွင် ထင်ဟပ်ပေါ်လွင်သည့်အတိုင်း အများပြည်သူ အကျိုးစီးပွားအတွက် ဆန့်ကျင်ဘက်ဖြစ်နေလျှင်ဖြစ်သည်။

( ခ ) တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူ၏ ပြည်တွင်းဥပဒေနှင့် တရားစီရင်ရေးစနစ်က သတင်းအချက်အလက် ထုတ်ပေးမှုအား ကာကွယ်တားမြစ်ထားလျှင်ဖြစ်သည်။ ဤကဲ့သို့ ကိစ္စရပ်မျိုးတွင် တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူသည် သက်ဆိုင်သည့် ရည်ညွှန်းအထောက်အထားမိတ္တူကို တောင်းဆိုသည့် အဖွဲ့ဝင်ဖြစ်သူထံ ပေးအပ် ရမည်။

( ဂ ) အချက်အလက် ထုတ်ပေးခြင်းသည် တရားဥပဒေစိုးမိုးမှုအား ထိခိုက်စေနိုင်လျှင် သို့မဟုတ် တစ်နည်းနည်းဖြင့် လက်ရှိအုပ်ချုပ်ရေး သို့မဟုတ် တရားရေးစုံစမ်းစစ်ဆေး ခြင်း၊ တရားစွဲဆိုခြင်းအား နှောင့်ယှက်ဝင်စွက်နိုင်လျှင် ဖြစ်သည်။

(ဃ) ကုန်စည်တင်သွင်းသူ သို့မဟုတ် တင်ပို့သူ၏ သဘောတူခွင့်ပြုမှုအား လျှို့ဝှက် သတင်းအချက်အလက်များနှင့် ပုဂ္ဂိုလ်ရေး အချက်အလက်များအားရယူခြင်း၊ ကာ ကွယ်ခြင်း၊ အသုံးပြုခြင်း၊ ဖွင့်ဟဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖယ်ရှားခြင်းတို့နှင့် သက်ဆိုင်သည့် ပြည်တွင်းဥပဒေနှင့် တရားစီရင်ရေးစနစ်အရ လိုအပ်နိုင်ရာ သဘော တူခွင့်ပြုမှုအား ပေးထားခြင်းမရှိလျှင် ဖြစ်သည်။

(င) စာရွက်စာတမ်းများအား ဆက်လက်ထားရှိရန်အတွက် တောင်းဆိုခံရသည့် အဖွဲ့ဝင် ၏ ဥပဒေအရလိုအပ်ချက် သက်တမ်းကုန်ဆုံးပြီးနောက်မှ အချက်အလက်အတွက် တောင်းဆိုမှုအား ရရှိလာလျှင်ဖြစ်သည်။

၇.၂။ အပိုဒ် ၄.၂၊ ၅.၂၊ သို့မဟုတ် ၆.၂ အခြေအနေများ၌ ယင်းကဲ့သို့ တောင်းဆိုချက်တစ်ရပ်အား လက်ခံဆောင်ရွက်ပေးရန်သည် တောင်းဆိုခံရသည့်အဖွဲ့ဝင်၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အရ ဖြစ်လျှင်ဖြစ်သည်။

၈။ အပြန်အလှန် အပေးအယူပြုမှု

တောင်းဆိုလိုသောအဖွဲ့ဝင်သည် အကယ်၍ ၎င်းအနေဖြင့် တောင်းဆိုခံရသည့် အဖွဲ့ဝင်က ပြုလုပ်သည့် အလားတူတောင်းဆိုချက် တစ်ရပ်အား လိုက်နာရန် တတ်နိုင်လိမ့်မည်မဟုတ်ဟူသော အမြင်ရှိနေပါက သို့မဟုတ် အကယ်၍ ၎င်းအနေဖြင့် ဤစည်းမျဉ်းအား အကောင်အထည်ဖော်ခြင်း မရှိသေးပါက အဆိုပါအချက်အား ၎င်း၏ တောင်းဆိုချက်ထဲတွင် ဖော်ပြပေးရမည်။ ယင်းကဲ့သို့ တောင်းဆိုချက်တစ်ရပ်အား လက်ခံဆောင်ရွက်ပေးရန်သည် တောင်းဆိုခံရသည့် အဖွဲ့ဝင်၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အရ ဖြစ်ရမည်။

၉။ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုး

၉.၁။ တောင်းဆိုလိုသော အဖွဲ့ဝင်သည် အချက်အလက်များ တောင်းဆိုခြင်းနှင့် ပတ်သက်၍ တောင်းဆိုခံရသည့် အဖွဲ့ဝင်အတွက် တွဲဖက်ရှိရမည့် အရင်းအမြစ်များနှင့် ကုန်ကျစရိတ် ကျခံရမှုများကို ထည့်သွင်းစဉ်းစားပေးရမည်။ တောင်းဆိုလိုသော အဖွဲ့ဝင်သည် ၎င်း၏ တောင်းဆိုမှုအား ဆောင်ရွက်ခြင်းအတွက် မိမိ၏ ဘဏ္ဍာရေးအကျိုးအမြတ်နှင့် အဆိုပါ အချက်အလက်များအား ပေးအပ်ရန် တောင်းဆိုခံရသည့် အဖွဲ့ဝင်၏အားထုတ်ရမှုအကြား အချိုးကျနိုင်မှုအပေါ် ထည့်သွင်းစဉ်းစားရမည်။

၉.၂။ တောင်းဆိုခံရသော အဖွဲ့ဝင်တစ်ဦးသည် အကယ်၍ မကိုင်တွယ်နိုင်လောက်သော အချက်အလက်တောင်းဆိုမှု အရေအတွက်များရရှိလျှင် သို့မဟုတ် တစ်ယောက် သို့မဟုတ် ယင်းထက်ပိုသည့် တောင်းဆိုလိုသောအဖွဲ့ဝင်(-များ)ထံမှ မကိုင်တွယ်နိုင်လောက်သော အတိုင်းအတာဖြင့် သတင်းအချက်အလက် တောင်းဆိုချက်တစ်ရပ်အားရရှိပြီး ၎င်းအနေဖြင့် အချိန်ကာလတစ်ရပ်အတွင်း အဆိုပါ တောင်းဆိုမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မတတ်နိုင်သောအခါ မိမိအတွက် အရင်းအမြစ်အဟန့်အတားများနှင့် လက်တွေ့ကျသည့် ကန့်သတ်ချက်အပေါ် သဘောတူပေးရန်သဘောဖြင့် ဦးစားပေးခြင်းပြုလုပ်ပေးကြရန် တစ်ယောက် သို့မဟုတ် ယင်းထက်ပိုသည့် တောင်းဆိုလိုသောအဖွဲ့ဝင်(-များ)အား ၎င်းအနေဖြင့် တောင်းဆိုနိုင်သည်။ အတူတကွ သဘောတူညီနိုင်သည့် နည်းလမ်းမရှိပါက အဆိုပါ တောင်းဆိုမှုများအား လက်ခံဆောင်ရွက်ပေးရန်သည် ၎င်း၏ ကိုယ်ပိုင်ဦးစားပေးမှုပြုလုပ်ခြင်းရလဒ်အပေါ် အခြေခံကာ တောင်းဆိုခံရသည့် အဖွဲ့ဝင်၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အရ ဖြစ်ရမည်။

၁၀။ ကန့်သတ်ချက်များ

တောင်းဆိုခံရသော အဖွဲ့ဝင်တစ်ဦးသည် အောက်ပါတို့ကို လိုအပ်လိမ့်မည်မဟုတ်ချေ

(က) ၄င်း၏ သွင်းကုန်ပို့ကုန်ကြေညာလွှာများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ၏ ပုံစံများအား ပြင်ဆင်မွမ်းမံရခြင်း၊

( ခ ) အပိုဒ်ခွဲ ၆.၁ (ဂ) ထဲတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း သွင်းကုန်ပို့ကုန်ကြေညာလွှာများနှင့်တကွ တင်ပြရသည့် စာရွက်စာတမ်းများမှအပ အခြားစာရွက်စာတမ်းများအား တောင်းဆိုရခြင်း၊

( ဂ ) သတင်းအချက်အလက်ရရှိရန် ကနဦးစုံစမ်းမေးမြန်းရမှုများ၊

(ဃ) အဆိုပါ သတင်းအချက်အလက်များအား ထိန်းသိမ်းထားရှိနိုင်သည့် ကာလအား ပြင်ဆင်မွမ်းမံရခြင်း၊

( င ) အီလက်ထရောနစ်ပုံစံအား အသုံးပြုပြီးသည့်အခါ စက္ကူအခြေခံ စာရွက်စာတမ်းများအား အသုံးပြုရခြင်း၊

( စ ) သတင်းအချက်အလက်များအား ဘာသာပြန်ရခြင်း၊

(ဆ) သတင်းအချက်အလက်များ၏ တိကျမှုအား စစ်ဆေးအတည်ပြုပေးရခြင်း၊

( ဇ ) သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကတို့၏ တရားဝင်စီးပွားရေးအကျိုးအမြတ်အား ထိခိုက်နစ်နာစေသည့် သတင်းအချက်အလက်များကို ပေးအပ်ရခြင်း။

၁၁။ အခွင့်အာဏာမရှိဘဲ အသုံးပြုမှု သို့မဟုတ် ဖွင့်ဟထုတ်ဖော်မှု

၁၁.၁။ ဤစည်းမျဉ်းအရ ဖလှယ်ထားသည့် သတင်းအချက်အလက်များအား အသုံးပြုသည့် အခြေအနေများ သို့မဟုတ် ဖွင့်ဟဖော်ထုတ်သည့် အခြေအနေများကို ချိုးဖောက်မှုတစ်ရပ်ရပ်ရှိနေသည့်ဖြစ်ရပ်တွင် သတင်းအချက်အလက်ရရှိခဲ့သည့် တောင်းဆိုလိုသော အဖွဲ့ဝင်ဖြစ်သူသည် အဆိုပါ အခွင့်အာဏာမရှိဘဲ အသုံးပြုမှု သို့မဟုတ် ဖွင့်ဟထုတ်ဖော်မှုအသေးစိတ်ကို သတင်းအချက်အလက်အားပေးအပ်သည့် တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူထံ လျင်မြန်စွာ ဆက်သွယ်အသိပေးရမည်ဖြစ်ပြီး

(က) ချိုးဖောက်မှုအား ကုစားရန် လိုအပ်သည့် လုပ်ဆောင်မှုများအား လုပ်ဆောင်ရမည်။

( ခ ) ထပ်မံချိုးဖောက်မှုတစ်ရပ်ရပ်အား ကာကွယ်ရန် လိုအပ်သည့်လုပ်ဆောင်မှုများအား လုပ်ဆောင်ရမည်။

(ဂ) အပိုဒ်ခွဲ(က)နှင့် (ခ)အရ လုပ်ဆောင်ခဲ့သည့် လုပ်ဆောင်မှုများကို တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူထံ အသိပေးရမည်။

၁၁.၂။ တောင်းဆိုခံရသော အဖွဲ့ဝင်ဖြစ်သူသည် တောင်းဆိုလိုသော အဖွဲ့ဝင်ဖြစ်သူအတွက် ဤစည်းမျဉ်းအရ မိမိ၏ တာဝန်ရှိမှုများကို အပိုဒ် ၁၁.၁ ထဲတွင် ဖော်ပြထားသည့် လုပ်ဆောင်မှုများအား လုပ်ဆောင်ပြီးသည့်တိုင်အောင် ဆိုင်းငံ့ထားနိုင်သည်။

၁၂။ နှစ်နိုင်ငံနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များ

၁၂.၁။ ဤစည်းမျဉ်းပါ မည်သည့်အချက်ကမျှ ကုန်စည်ရောက်ရှိလာချိန် အလိုအလျောက် စနစ်အပေါ် အခြေခံခြင်း သို့မဟုတ် ကုန်စည်များ ရောက်ရှိမလာခင်ကြိုတင်စနစ်အပေါ် အခြေခံခြင်းကဲ့သို့ လုံခြုံပြီး လျင်မြန်မှုရှိသောစနစ်အပေါ်အခြေခံသည့် အချက်အလက်များ အပါအဝင် အကောက်ခွန် သတင်းအချက်အလက်များဝေမျှခြင်း သို့မဟုတ် ဖလှယ်ခြင်းအတွက် နှစ်နိုင်ငံဆိုင်ရာ၊ နိုင်ငံအများဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ သဘောတူညီချက်တစ်ရပ်သို့ အဖွဲ့ဝင်တစ်ဦး၏ ဝင်ရောက်ခြင်း သို့မဟုတ် ဆက်လက်ပါရှိနေခြင်းအပေါ် ဟန့်တားနိုင်မည် မဟုတ်ချေ။

၁၂.၂။ ဤစည်းမျဉ်းပါ မည်သည့်အချက်ကိုမျှ အဆိုပါနှစ်နိုင်ငံဆိုင်ရာ၊ နိုင်ငံအများဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ သဘောတူညီချက်များအောက်ရှိ အဖွဲ့ဝင်တစ်ဦး၏ အခွင့်အရေးများ သို့မဟုတ် လိုက်နာရမည့်တာဝန်များအပေါ် ပြောင်းလဲနေခြင်း သို့မဟုတ် အကျိုးသက်ရောက်နေခြင်း အဖြစ် သို့မဟုတ် ယင်းကဲ့သို့ အခြားသဘောတူညီချက်များအောက်ရှိ အကောက်ခွန် သတင်းအချက်အလက်များ ဖလှယ်မှုအပေါ် ပြဋ္ဌာန်းနေခြင်းအဖြစ် အနက်အဓိပ္ပါယ်ကောက်ယူခြင်း မပြုရပါ။

## အခန်း(၂)

## ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အထူးနှင့် မတူညီသော အခွင့်အရေးခံစားခွင့်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

## စည်းမျဉ်း-၁၃

## အထွေထွေဥပဒေသများ

၁။ ဤသဘောတူညီချက်၏ စည်းမျဉ်း ၁ မှ ၁၂ အထိတွင် ပါဝင်သော ပြဋ္ဌာန်းချက်များအား ၂၀၀၄ ဇူလိုင် မူဘောင်သဘောတူညီချက် (WT/L/579)၏ နောက်ဆက်တွဲ (ဃ)နှင့် ဟောင်ကောင် ဝန်ကြီးများအဆင့် ကြေညာချက် (WT/MIN(05)/DEC)၏ အပိုဒ် ၃၃ နှင့် နောက်ဆက်တွဲ (င) တို့တွင် သဘောတူညီထားခဲ့သော အချက်အလက်များအပေါ် အခြေခံထားသည့် ဤအခန်းနှင့်အညီ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများက အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂။ ဤသဘောတူညီချက်အား အကောင်အထည်ဖော် ဆောင်ရွက်သည့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအား ယင်းတို့၏ သဘာဝနှင့် နယ်ပယ်အလိုက် စွမ်းရည်တည်ဆောက်ရေး ဆိုင်ရာ[၁၆] အကူအညီနှင့် အထောက်အပံ့များကို ပေးအပ်သွားရမည်၊ ဤသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်သည့် အတိုင်းအတာနှင့် အချိန်ကာလတို့သည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ၏ အကောင်အထည်ဖော်နိုင်စွမ်းအပေါ် တည်မှီရမည်။ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအနေဖြင့် လိုအပ်သော စွမ်းဆောင်ရည် ချို့တဲ့မှုရှိသည့် နေရာများတွင်မူ အကောင်အထည်ဖော်ရန် စွမ်းဆောင်ရည် မရရှိသရွေ့ ပြဋ္ဌာန်းမှုများပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်ရန် မလိုအပ်ပေ။

၃။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့်မူ ယင်းတို့၏ ကတိပြုချက်များအား တစ်နိုင်ငံချင်းစီ၏ ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး လိုအပ်ချက်များ သို့မဟုတ် တစ်နိုင်ငံချင်းစီ၏ အုပ်ချုပ်ရေးနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များနှင့် ကိုက်ညီသော အတိုင်းအတာထိသာ ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သည်။

၄။ ဤစည်းမျဉ်းများအား အခန်း (၂) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များအတိုင်း အသုံးချ ဆောင်ရွက်ရမည်။

[၁၆] ဤသဘောတူညီချက်ပါ ရည်ရွယ်ချက်များအရ စွမ်းရည်တည်ဆောက်ခြင်းအတွက် အကူအညီနှင့် အထောက်အပံ့ဆိုသည်မှာ နည်းပညာဆိုင်ရာ၊ ငွေကြေးဆိုင်ရာ သို့မဟုတ် ပေးအပ်သည့် အကူအညီအတွက် အပြန်အလှန် သဘောတူညီထားသော အခြား ပုံစံတစ်ရပ်မျိုး ဖြစ်နိုင်သည်။

## စည်းမျဉ်း-၁၄
## ပြဋ္ဌာန်းချက် အမျိုးအစားများ

၁ ။ ပြဋ္ဌာန်းချက် သုံးမျိုးသုံးစားရှိပြီး ယင်းတို့မှာ –

(က) ဤသဘောတူညီချက်သို့ သဘောတူ ဝင်ရောက်လာသည့် အချိန်တွင် သို့မဟုတ် စည်းမျဉ်း ၁၅ တွင် ဖော်ပြထားသည့်အတိုင်းဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ တစ်နိုင်ငံအနေဖြင့် စတင်ဝင်ရောက်ပြီးနောက် တစ်နှစ်ကြာသည့်အချိန်တွင် အကောင်အထည်ဖော်ရန် ဖွံ့ဖြိုးဆဲနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအား သတ်မှတ်ပေးသည့် ပြဋ္ဌာန်းချက်များပါဝင်သော အမျိုးအစား(က)၊

( ခ ) စည်းမျဉ်း ၁၆ တွင် ဖော်ပြထားသည့်အတိုင်း ဤသဘောတူညီချက်သို့ ဝင်ရောက်လာပြီးနောက် အကူးအပြောင်း ကာလတစ်ခုအပြီးတွင်မှ အကောင်အထည်ဖော်ရန် ဖွံ့ဖြိုးဆဲနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအား သတ်မှတ်ပေးသည့် ပြဋ္ဌာန်းချက်များပါဝင်သော အမျိုးအစား(ခ)နှင့်၊

( ဂ ) စည်းမျဉ်း ၁၆ တွင် ဖော်ပြထားသည့်အတိုင်း ဤသဘောတူညီချက်သို့ ဝင်ရောက်လာပြီးနောက် အကူးအပြောင်းကာလတစ်ခုအပြီးတွင်မှ အကောင်အထည်ဖော်ရန်ဖြစ်ပြီး စွမ်းဆောင်ရည် တည်ဆောက်ရန် အကူအညီနှင့် အထောက်အပံ့များ ပံ့ပိုးပေးခြင်းဖြင့် အကောင်အထည် ဖော်ရေး စွမ်းရည်များ ရှာမှီးရန် လိုအပ်သောနိုင်ငံအဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံတစ်နိုင်ငံအား သတ်မှတ်ပေးသည့် ပြဋ္ဌာန်းချက်များပါဝင်သော အမျိုးအစား(ဂ)တို့ ဖြစ်ကြသည်။

၂။ ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများသည် အမျိုးအစား (က)၊ (ခ) နှင့် (ဂ)တို့ တစ်ခုစီ အောက်တွင်ပါဝင်သော ပြဋ္ဌာန်းချက်များအနက် အခြေခံအမျိုးအစားတစ်ခုစီအပေါ် တစ်နိုင်ငံချင်းစီအလိုက် ကိုယ်တိုင်သတ်မှတ်ရမည်။

## စည်းမျဉ်း-၁၅
## အမျိုးအစား(က)ဖြစ်ကြောင်းအသိပေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း

၁။ ဤသဘောတူညီချက်သို့ သဘောတူဝင်ရောက်လာသည်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံချင်းစီသည် ယင်းတို့၏ အမျိုးအစား(က)ဆိုင်ရာ ကတိကဝတ်များကို အကောင်အထည်ဖော်ရမည်။

ထိုအချိန်မှစ၍ အမျိုးအစား(က)အောက်တွင် သတ်မှတ်ထားသော ယင်းကတိကဝတ်များသည် ဤသဘောတူညီချက်၏ အစိတ်အပိုင်း ဖြစ်လာရမည်။

၂။ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့်မူ အမျိုးအစား(က)တွင် ပါဝင်ရန် သတ်မှတ်ကြောင်းကို ဤသဘောတူညီချက်သို့ ဝင်ရောက်လာပြီးနောက် တစ်နှစ်အထိ ကြာသည့်အခါတွင်မှ ပြဋ္ဌာန်းချက်များဆိုင်ရာ ကော်မတီသို့ အသိပေး အကြောင်းကြားနိုင်သည်။ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံ၏ အမျိုးအစား(က)အောက်မှ ကတိကဝတ် တစ်ခုစီတိုင်းသည် ဤသဘောတူညီချက်၏ အစိတ်အပိုင်း ဖြစ်လာရမည်။

## စည်းမျဉ်း-၁၆
## အမျိုးအစား(ခ)နှင့် (ဂ)တို့အား
## အပြီးအပြတ်အကောင်အထည်ဖော်မည့် နေ့ရက်အားအသိပေးခြင်း

၁။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် အမျိုးအစား (က) အောက်တွင် သတ်မှတ်မထားသော ပြဋ္ဌာန်းချက်များနှင့် ပတ်သက်လျှင်မူ ဤစည်းမျဉ်းတွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်မှုကို ရွှေ့ဆိုင်းနိုင်သည်။

**ဖွံ့ဖြိုးဆဲနိုင်ငံ အမျိုးအစား (ခ)**

(က) ဤသဘောတူညီချက်သို့ ဝင်ရောက်လာသည်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းက ယင်းတို့သည် အမျိုးအစား(ခ)တွင် ပါဝင်ရန် သတ်မှတ်ကြောင်းနှင့် သက်ဆိုင်ရာ အကောင်အထည်ဖော်မည့် နေ့စွဲ[၁၇]တို့အား ပြဋ္ဌာန်းချက်များဆိုင်ရာ ကော်မတီသို့ အသိပေး အကြောင်းကြားရမည်။

( ခ ) ဤသဘောတူညီချက်သို့ ဝင်ရောက်လာပြီးနောက် တစ်နှစ်ထက် နောက်မကျသောကာလအတွင်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံက အမျိုးအစား(ခ)အောက်တွင် သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များအား အပြီးအပြတ် အကောင်အထည်ဖော်မည့် နေ့စွဲကို ကော်မတီသို့ အသိပေး အကြောင်းကြားရမည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် နောက်ဆုံး သတ်မှတ်ရက် မရောက်မီတွင် ယင်းက အကြောင်းကြားထားခဲ့သော နေ့စွဲကို အချိန်ထပ်တိုးရန် လိုအပ်သည်ဟု ယုံကြည်လျှင် ယင်းအတွက် လုံလောက်သော အချိန်ပမာဏတစ်ခု ထပ်တိုးပေးရန် ကော်မတီသို့ တောင်းဆိုနိုင်သည်။

[၁၇]ပေးပို့သည့် အသိပေးအကြောင်းကြားချက်များတွင် အသိပေးလိုသောအဖွဲ့ဝင်ကသင့်လျော်သည်ဟု မှတ်ယူသည့်အတိုင်း ယင်းကဲ့သို့ အခြားသတင်းအချက်အလက်များပါဝင်နိုင်သည်။ အကောင်အထည်ဖော်ရေးအတွက်တာဝန်ရှိသည့် ပြည်တွင်းအေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းနှင့် သက်ဆိုင်သော သတင်းအချက်အလက်များပေးကြရန် အဖွဲ့ဝင်များကို တိုက်တွန်းအပ်သည်။

**အဖွဲ့ဝင်ဖွံ့ဖြိုးဆဲနိုင်ငံအမျိုးအစား(ဂ)**

(ဂ) ဤသဘောတူညီသို့ ဝင်ရောက်လာသည်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းက ယင်းတို့သည် အမျိုးအစား (ဂ) တွင် ပါဝင်ရန် သတ်မှတ်ကြောင်းနှင့် သက်ဆိုင်ရာ အကောင်အထည်ဖော်မည့် နေ့စွဲ[၁၈] တို့အား ပြဋ္ဌာန်းချက်များဆိုင်ရာ ကော်မတီသို့ အသိပေးအကြောင်းကြားရမည်။ ပွင့်လင်းမြင်သာဖြစ်စေရန် အလို့ငှာ ပေးပို့သော အသိပေးအကြောင်းကြားမှုတွင် အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့် စွမ်းရည်တည်ဆောက်ရေးဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များဆိုင်ရာ အချက်အလက်များကို ထည့်သွင်းဖော်ပြရမည်။

(ဃ) ဤသဘောတူညီချက်သို့ ဝင်ရောက်လာပြီးနောက် တစ်နှစ်ထက် နောက်မကျသော ကာလအတွင်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံနှင့် သက်ဆိုင်ရာ အလှူရှင်အဖွဲ့ဝင်တို့သည် လက်ရှိရှိပြီးသော အစီအစဉ်များအားလုံးကို ထည့်သွင်းစဉ်းစားကာ စည်းမျဉ်း ၂၂၊ အပိုဒ် ၁ အရ အသိပေးအကြောင်းကြားမှုများနှင့် အထက်ပါ အပိုဒ်ခွဲ(ဂ)နှင့်အညီ အချက်အလက်များကို ကော်မတီသို့ ပေးပို့၍ အမျိုးအစား(ဂ)တွင် အကောင်အထည်ဖော်နိုင်ရန်[၁၉] မူလအစီအစဉ်များအား ဆက်လက်လုပ်ဆောင်မည် သို့မဟုတ် စွမ်းရည်တည်ဆောက်ရေးဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များရရှိရန် လိုအပ်သည်များကို ထည့်သွင်းလုပ်ဆောင်မည်ကို အသိပေး အကြောင်းကြားရမည်။ အဖွဲ့ဝင်ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် အဆိုပါ အစီအစဉ်များကို ကော်မတီသို့ အချိန်မဆိုင်းဘဲ အသိပေးရမည်။ ကော်မတီအနေဖြင့် ဆောင်ရွက်ဆဲ သို့မဟုတ် ပြီးဆုံးပြီးဖြစ်သော အစီအစဉ်များနှင့် ပတ်သက်၍ အချက်အလက်များပေးနိုင်ရန် အဖွဲ့ဝင်မဟုတ်သော အလှူရှင်များကို ဖိတ်ခေါ်နိုင်သည်။

(င) အပိုဒ်ခွဲ (ဃ)တွင် ပြဋ္ဌာန်းထားသော အချက်အလက်များ ပေးပို့သည့် ရက်မှ (၁၈ လ) အတွင်း အဖွဲ့ဝင် အလှူရှင်နှင့် သက်ဆိုင်ရာ ဖွံ့ဖြိုးဆဲနိုင်ငံတို့က စွမ်းရည်တည်ဆောက်ရေးဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များ ပံ့ပိုးပေးခြင်းဆိုင်ရာ တိုးတက်မှုရလဒ်များကို ကော်မတီသို့ အသိပေးရမည်။ တစ်ချိန်တည်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် အကောင်အထည်ဖော်မှုများ အပြီးအပြတ်ဆောင်ရွက်မည့် နေ့စွဲကိုလည်း အသိပေးအကြောင်းကြားရမည်။

---

[၁၈] အဖွဲ့ဝင်များအနေဖြင့် အမျိုးသားကုန်သွယ်မှုအထောက်အကူပြုအကောင်အထည်ဖော်ရေးအစီအစဉ်များ သို့မဟုတ် စီမံကိန်းများ၊ အကောင်အထည်ဖော်ရေးအတွက်တာဝန်ရှိသည့် ပြည်တွင်းအေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များကို ထည့်သွင်းနိုင်ပြီး အဖွဲ့ဝင်များသည် အလှူရှင်များနှင့်အတူ အကူအညီပေးအပ်မည့် အစီအစဉ် ရှိလာနိုင်သည်။

[၁၉] အဆိုပါအစီအစဉ်များကို နှစ်နိုင်ငံသဘောတူညီခြင်းဖြင့် သို့မဟုတ် သင့်လျော်သည့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် စည်းမျဉ်း ၂၁၊ အပိုဒ် ၃ နှင့်အညီ အပြန်အလှန်သဘောတူထားသော စည်းကမ်းချက်များအပေါ် အခြေတည်စေရမည်။

၂။ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် အမျိုးအစား(က)အောက်တွင် သတ်မှတ်မထားသော ပြဋ္ဌာန်းချက်များနှင့် ပတ်သက်လျှင်မှု ဤစည်းမျဉ်းတွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်မှုကို ရွှေ့ဆိုင်းနိုင်သည်။

**ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအမျိုးအစား(ခ)**

(က) ဤသဘောတူညီချက်သို့ ဝင်ရောက်လာပြီးနောက် တစ်နှစ်ထက် နောက်မကျသော ကာလအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတိုင်းက ယင်းတို့သည် အမျိုးအစား(ခ)တွင် ပါဝင်ရန် သတ်မှတ်ကြောင်းနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံများအတွက် အမြင့်ဆုံးသော ပြောင်းလွယ်ပြင်လွယ်ရှိမှုကို ထည့်သွင်းစဉ်းစားထားသည့် သက်ဆိုင်ရာ အပြီးအသတ်အကောင်အထည်ဖော်မည့် နေ့စွဲတို့အား ပြဋ္ဌာန်းချက်များဆိုင်ရာ ကော်မတီသို့ အသိပေး အကြောင်းကြားရမည်။

( ခ ) အထက်ပါ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော နေ့ရက်ပြီးနောက် နှစ်နှစ်ထက် နောက်မကျသော ကာလအတွင်းတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံသည် လိုက်နာမည့် သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို အတည်ပြုပြီး အကောင်အထည်ဖော်မည့်နေ့စွဲကို ကော်မတီသို့ အသိပေး အကြောင်းကြားရမည်။ အဆိုပါ နောက်ဆုံးရက်မတိုင်မီတွင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် အပြီးသတ် အကောင်အထည်ဖော်မည့် နေ့ရက်အား အချိန်ထပ်တိုးရန် လိုအပ်သည်ဟု ယုံကြည်လျှင် ယင်းအတွက် လုံလောက်သည့် အချိန်ကာလတစ်ခု ထပ်တိုးပေးရန် ကော်မတီသို့ တောင်းဆိုနိုင်သည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအမျိုးအစား(ဂ)**

( ဂ ) ပွင့်လင်းမြင်သာဖြစ်စေရန်နှင့် အလှူရှင်များနှင့် စီစဉ်ဆောင်ရွက်မှုများအတွက် အထောက်အကူဖြစ်စေရန်အတွက် ဤသဘောတူစာချုပ်သို့ ဝင်ရောက်လာပြီးနောက် တစ်နှစ်အကြာတွင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖွဲ့ဝင်များသည် အမြင့်ဆုံးသော ပြောင်းလွယ် ပြင်လွယ်ရှိမှုကို ထည့်သွင်းစဉ်းစားကာ အမျိုးအစား (ဂ) တွင် သတ်မှတ်ထားသော ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်မည် ဖြစ်ကြောင်း ကော်မတီသို့ အသိပေးအကြောင်းကြားရမည်။

(ဃ) အထက်ပါ အပိုဒ်ခွဲ(ဂ) တွင် သတ်မှတ်ထားသည့် နေ့ရက်မှ တစ်နှစ်အကြာတွင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအနေဖြင့် အကောင်အထည်ဖော်နိုင်ရန်[၂၀] လိုအပ်သည့် စွမ်းဆောင်ရည် တည်ဆောက်ရေးဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များ ပံ့ပိုး ပေးခြင်းဆိုင်ရာ အချက်အလက်များကို ပေးပို့အကြောင်းကြားရမည်။

( စ ) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများနှင့် သက်ဆိုင်ရာ အလှူရှင်အဖွဲ့အစည်းများသည် အထက်ပါ အပိုဒ်ခွဲ(ဃ)နှင့်အညီ ပေးပို့ထားသော အချက်အလက်များကို ထည့်သွင်း စဉ်းစားလျက် အပိုဒ်ခွဲ(ဃ)အောက်တွင် အကြောင်းကြားမှု ပြုလုပ်ပြီးနောက် နှစ်နှစ် ထက် နောက်မကျစေဘဲ အမျိုးအစား(ဂ)[၂၁] တွင် အကောင်အထည်ဖော်နိုင်ရန် မူလ အစီအစဉ်များအား ဆက်လက်လုပ်ဆောင်မည် သို့မဟုတ် စွမ်းရည်တည်ဆောက် ရေးဆိုင်ရာအကူအညီနှင့် အထောက်အပံ့များရရှိရန် လိုအပ်သည်များကို ထည့်သွင်း လုပ်ဆောင်မည်ကို အသိပေးအကြောင်းကြားရမည်။ အဖွဲ့ဝင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအနေဖြင့် တစ်ချိန်တည်းတွင် အကူအညီနှင့် အထောက်အပံ့များဆိုင်ရာ အစီအစဉ်များပါ ခြုံငုံပါဝင်သည့် အမျိုးအစား(ဂ)နှင့် သက်ဆိုင်သော အကောင် အထည်ဖော်မှုများ အပြီးအပြတ် လုပ်ဆောင်မည့်နေ့စွဲကို ကော်မတီသို့ အသိပေးရ မည်။ ကော်မတီအနေဖြင့် ဆောင်ရွက်ဆဲ သို့မဟုတ် ပြီးဆုံးပြီးဖြစ်သော အစီအစဉ် များနှင့် ပတ်သက်၍ အချက်အလက်များပေးနိုင်ရန် အဖွဲ့ဝင်မဟုတ်သော အလှူရှင် များကို ဖိတ်ခေါ်နိုင်သည်။

(ဆ) အပိုဒ်ခွဲ(င)တွင် ပြဋ္ဌာန်းထားသော အချက်အလက်များ ပေးပို့သည့် ရက်မှ ၁၈ လ ထက် နောက်မကျသော အချိန်တွင် အဖွဲ့ဝင်အလှူရှင်နှင့် သက်ဆိုင်ရာ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံတို့က စွမ်းရည်တည်ဆောက်ရေးဆိုင်ရာ အကူအညီနှင့် အထောက် အပံ့များ ပံ့ပိုးပေးခြင်းဆိုင်ရာ တိုးတက်မှုရလဒ်များကို ကော်မတီသို့ အသိပေးရ မည်။ တစ်ချိန်တည်းတွင် ဖွံ့ဖြိုးမှု အနိမ့်ဆုံး နိုင်ငံအနေဖြင့် အကောင်အထည်ဖော်မှု များ အပြီးသတ်ဆောင်ရွက်မည့် နေ့စွဲကိုလည်း အသိပေး အကြောင်းကြားရမည်။

[၂၀]အဖွဲ့ဝင်များအနေဖြင့် အမျိုးသား ကုန်သွယ်မှုအထောက်အကူပြုအကောင်အထည်ဖော်ရေးအစီအစဉ်များ သို့မဟုတ် စီမံကိန်းများ၊ အကောင်အထည်ဖော်ရေးအတွက်တာဝန်ရှိသည့် ပြည်တွင်းအေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက် များကိုထည့်သွင်းနိုင်ပြီး အဖွဲ့ဝင်များသည် အလှူရှင်များနှင့်အတူ အကူအညီပေးအပ်မည့် အစီအစဉ် ရှိလာနိုင်သည်။

[၂၁]အဆိုပါအစီအစဉ်များကို နှစ်နိုင်ငံသဘောတူညီခြင်းဖြင့် သို့မဟုတ် သင့်လျော်သည့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် စည်းမျဉ်း ၂၁၊ အပိုဒ် ၃ နှင့်အညီ အပြန်အလှန်သဘောတူထားသောစည်းကမ်းချက်များအပေါ် အခြေတည်စေရမည်။

၃။ အလှူရှင် အထောက်အပံ့မရရှိခြင်း သို့မဟုတ် စွမ်းရည်တည်ဆောက်ရေးဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များ ပံ့ပိုးပေးခြင်းဆိုင်ရာ တိုးတက်မှုမရှိခြင်းကြောင့် အပြီးသတ် အကောင်အထည်ဖော်မည့်နေ့စွဲကို အပိုဒ် ၁ နှင့် ၂ တွင် ချမှတ်ထားသော အချိန်ကာလသတ်မှတ်ချက်အတွင်း အသိပေးအကြောင်းကြားရန် အခက်အခဲဖြစ်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ အနေဖြင့် အဆိုပါ အချိန်ကာလသတ်မှတ်ခြင်းမတိုင်မီ စောနိုင်သမျှစောလျင်စွာ ကော်မတီသို့ အသိပေးရန်လိုအပ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယင်းသို့သော အခက်အခဲများအား တစ်နိုင်ငံချင်းစီ ကြုံတွေ့နေရသည့် သီးခြားအခြေအနေများနှင့် အထူးတလည်ပြဿနာများအား ထည့်သွင်းစဉ်းစားကာပူးပေါင်းအဖြေရှာကြရန် သဘောတူညီကြရမည်။ ကော်မတီအနေဖြင့် ထိုသို့သော အခက်အခဲများအား ဖြေရှင်းရန် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏အပြီးသတ်လုပ်ဆောင်မည့်နေ့စွဲများအား အသိပေးအကြောင်းကြားရန် နောက်ဆုံးရက် ရွှေ့ဆိုင်းပေးခြင်းအပါအဝင် လိုအပ်သည့်နေရာတွင် သင့်လျော်သလို ဖြေရှင်းဆောင်ရွက်ပေးရမည်။

၄။ အပိုဒ်ခွဲ ၁(ခ) သို့မဟုတ် (င) သို့မဟုတ် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံအဖွဲ့ဝင်အတွက်မူ အပိုဒ်ခွဲ၂(ခ) သို့မဟုတ် (စ)တွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလသတ် မတိုင်မီ သုံးလအလိုတွင် အတွင်းရေးမှူးရုံးသည် အမျိုးအစား(ခ)နှင့် (ဂ)အောက်တွင် ပြဋ္ဌာန်းထားသော အကောင်အထည်ဖော်ရန်များအတွက် အပြီးသတ်ဆောင်ရွက်မည့် နေ့စွဲကို အကြောင်းကြားခြင်း မရှိသေးသော အဖွဲ့ဝင်များအား သတိပေးရမည်။ အဖွဲ့ဝင်နိုင်ငံအနေဖြင့် အပိုဒ် ၃ သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လျှင် အပိုဒ်ခွဲ ၁(ခ) သို့မဟုတ် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံဖြစ်လျှင် အပိုဒ် ခွဲ ၂(ခ) အရ အချိန်ကာလသတ်ကို တိုးမြှင့်ပေးရန်လည်း တောင်းခံလာခြင်းမရှိဘဲ အပြီးအသတ် အကောင်အထည် ဖော်မည့်နေ့စွဲကိုလည်း တင်ပြအသိပေးလာခြင်းမရှိပါက အဖွဲ့ဝင်နိုင်ငံအနေဖြင့် အပိုဒ်ခွဲ၁(ခ) သို့မဟုတ် (င) သို့မဟုတ် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက်မူအပိုဒ်ခွဲ ၂(ခ) သို့မဟုတ် (စ)တွင် သတ်မှတ်ထားသော နောက်ဆုံးနေ့ရက်ပြီးနောက် တစ်နှစ်အတွင်း ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရမည် သို့မဟုတ် အပိုဒ် ၃ အရ အချိန်တိုးမြှင့်ရမည်ဖြစ်သည်။

၅။ ကော်မတီအနေဖြင့် အပိုဒ် ၄ အောက်တွင် သတ်မှတ်ခဲ့သော နေ့စွဲများ အပါအဝင် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးအစား(ခ) သို့မဟုတ် (ဂ)တို့အား အပြီးအပြတ် အကောင်အထည်ဖော်မည့် နေ့စွဲများအား အပိုဒ် ၁၊ ၂ သို့မဟုတ် ၃ အရ အမျိုးအစား(ခ)နှင့် (ဂ)တို့ကို အပြီးအပြတ် အကောင်အထည်ဖော်မည့် နေ့စွဲကို တင်ပြအသိပေးပြီးနောက် ရက်ပေါင်း(၆၀)ထက် နောက်မကျစေဘဲ

နောက်ဆက်တွဲများဖြင့် မှတ်တမ်းတင်ပြီးနောက် ယင်းနောက်ဆက်တွဲများသည် ဤသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာရမည်။

## စည်းမျဉ်း-၁၇
## ဆောလျှင်စွာ သတိပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအမျိုးအစား(ခ)နှင့် (ဂ)တို့တွင် ပြဋ္ဌာန်းထားသော အကောင်အထည်ဖော်ရန် အချိန်အားတိုးမြှင့်ပေးခြင်း

၁။

(က) အမျိုးအစား (ခ)နှင့် (ဂ)တို့တွင် သတ်မှတ်ထားသော ပြဋ္ဌာန်းချက်များအား စည်းမျဉ်း ၁၆ ၏ အပိုဒ်ခွဲ ၁(ဂ) သို့မဟုတ် (င) သို့မဟုတ် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက်မူ စည်းမျဉ်း ၁၆ ၏ အပိုဒ်ခွဲ၂(ခ) သို့မဟုတ်(စ)အောက်တွင် ထွက်ပေါ်လာသော အပြီးသတ်ဆောင်ရွက်ရန် နေ့စွဲအတိုင်း အကောင်အထည်ဖော်ရန် အခက်အခဲနှင့် ရင်ဆိုင်နေရသည်ဟု ပူပန်မိသော ဖွံ့ဖြိုးဆဲနိုင်ငံ အဖွဲ့ဝင် သို့မဟုတ် ဖွံ့ ဖြိုးမှု အနည်းဆုံး နိုင်ငံအဖွဲ့ဝင်သည် ကော်မတီသို့ အသိပေးတင်ပြရမည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အကောင်အထည်ဖော်ရမည့် နောက်ဆုံးနေ့ရက် မတိုင်မီ ရက်ပေါင်း (၁၂၀)ထက် နောက်မကျစေဘဲ ကော်မတီသို့ တင်ပြရမည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့်မူ အဆိုပါ နေ့ရက်မတိုင်မီ ရက်ပေါင်း(၉၀)ထက် နောက်မကျစေဘဲ ကော်မတီသို့ တင်ပြရမည်။

(ခ) ကော်မတီသို့ အသိပေးတင်ပြမှုတွင် ဖွံ့ဖြိုးဆဲနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံသည် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်အား အကောင်အထည်ဖော်နိုင်မည်ဟု မျှော်မှန်းထားသော နေ့စွဲသစ်တစ်ခု ပါရှိရမည်။ ယင်းအသိပေး တင်ပြမှုတွင် အကောင်အထည်ဖော်မှု နှောင့်နှေးနိုင်သည်ဟု မျှော်လင့်ရသည့် အကြောင်းပြချက်များလည်း ပါရှိရမည်။ ယင်းသို့သော အကြောင်းပြချက်များတွင် ယခင်က ကြိုတင်မျှော်မှန်းမထားခဲ့သော စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များ လိုအပ်မှု သို့မဟုတ် စွမ်းရည်တည်ဆောက်မှုအတွက် အကူအညီဖြစ်စေရန် အကူအညီနှင့် အထောက်အပံ့များ ထပ်မံလိုအပ်မှုတို့ ပါဝင်နိုင်သည်။

၂။ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံ၏ အကောင်အထည်ဖော်ရေး အချိန်ထပ်တိုးပေးရန် တောင်းဆိုမှုသည် (၁၈) လထက် မပိုခဲ့လျှင် သို့မဟုတ် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံ၏ အချိန်ထပ်တိုးပေးရန်

တောင်းဆိုမှုသည် (၃)နှစ်ထက် မပိုခဲ့လျှင် တောင်းခံလာသည့် နိုင်ငံသည် ကော်မတီမှ တစ်စုံတစ်ရာ ဆက်လက်ဆောင်ရွက်ရန် မလိုဘဲ ထိုသို့တောင်းဆိုသည့် အချိန်ပိုကို ရရှိခံစားပိုင်ခွင့်ရှိသည်။

၃။ ဖွံ့ဖြိုးဆဲနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် ပထမအကြိမ် အချိန်ကာလ တိုးမြှင့်မှုကို အပိုဒ် ၂ တွင် ဖော်ပြထားသည်ထက် ပိုလိုအပ်ခဲ့လျှင် သို့မဟုတ် ဒုတိယ သို့မဟုတ် နောက်ဆက်တွဲ အချိန်တိုးမြှင့်မှု လိုအပ်ခဲ့လျှင် အပိုဒ်ခွဲ ၁(၈)တွင် ဖော်ပြထားသော အချက်အလက်များ ပါဝင်သည့် အချိန်ထပ်တိုးပေးရန် တောင်းဆိုမှုကို မူလ အပြီးအသတ် အကောင်အထည်ဖော်ရန် နေ့စွဲ သို့မဟုတ် နောက်ဆက်တွဲတိုးမြှင့်ထားခဲ့သော နေ့စွဲ မတိုင်မီ ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်လျှင် ရက်ပေါင်း (၁၂၀) သို့မဟုတ် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံဖြစ်လျှင် ရက်ပေါင်း (၉၀) ထက် နောက်မကျစေဘဲ ကော်မတီသို့ တင်သွင်းရမည်၊

၄။ ကော်မတီအနေဖြင့် တင်ပြတောင်းဆိုလာသော အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ သက်ဆိုင်ရာ အခြေအနေများကို ထည့်သွင်းစဉ်းစားလျက် အချိန်တိုးမြှင့်ပေးရန် တောင်းဆိုမှုကို ခွင့်ပြုပေးရန် စာနာထောက်ထားစွာ စဉ်းစားပေးနိုင်သည်။ ထိုသို့ ထည့်သွင်းစဉ်းစားမည့် အခြေအနေများတွင် စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များ ရရှိမှု နှောင့်နှေးခြင်း သို့မဟုတ် အခက်အခဲ ဖြစ်ပေါ်ခြင်းများ ပါဝင်နိုင်သည်။

## စည်းမျဉ်း– ၁၈

## အမျိုးအစား(ခ)နှင့် အမျိုးအစား(ဂ)တို့အား အကောင်အထည်ဖော်ခြင်း

၁။ စည်းမျဉ်း ၁၃ ၏ အပိုဒ် ၂ အရ ဖွံ့ ဖြိုးဆဲနိုင်ငံ သို့မဟုတ် ဖွံ့ ဖြိုးမှု အနည်းဆုံး နိုင်ငံတစ်နိုင်ငံသည် စည်းမျဉ်း ၁၆ ၏ အပိုဒ် ၁ သို့မဟုတ် ၂ နှင့် စည်းမျဉ်း ၁၇တို့တွင် ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအား ပြည့်စုံအောင် ဆောင်ရွက်ခဲ့ပြီး အချိန်တိုးမြှင့်ပေးရန် တောင်းဆိုမှု ခွင့်ပြုမခံခဲ့ရလျှင် သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် စည်းမျဉ်း ၁၇ အောက်တွင် အချိန်တိုးမြှင့် ခွင့်ပြုချက်ရရှိရေးကို တားဆီးနေသည့် မျှော်လင့်မထားသော အခြေအနေများကို တွေ့ကြုံနေရလျှင် အမျိုးအစား(ဂ)ပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်နိုင်စွမ်း ဆက်လက်နိမ့်ပါးနေဦးမည်ဟုလည်း မိမိကိုယ်ကို သုံးသပ်လျှင် အဆိုပါ အဖွဲ့ဝင်နိုင်ငံအနေဖြင့် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ရန် မတတ်နိုင်ကြောင်း ကော်မတီသို့ အသိပေးတင်ပြရမည်။

၂။ သက်ဆိုင်ရာ ဖွံ့ဖြိုးဆဲနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံထံမှ အသိပေး တင်ပြလွှာ လက်ခံရရှိပြီး ရက်ပေါင်း(၆၀)ထက် နောက်မကျစေဘဲ ကော်မတီအနေဖြင့် ပညာရှင်အဖွဲ့တစ်ဖွဲ့ကို ချက်ချင်းဖွဲ့စည်းရမည်။ ပညာရှင်အဖွဲ့အနေဖြင့် အကြောင်းကိစ္စများကို ဆန်းစစ်ပြီး အကြံပြုချက်များအား ဖွဲ့စည်းသည့်အချိန်မှ ရက်ပေါင်း(၁၂၀)အတွင်း ကော်မတီသို့ တင်ပြရမည်။

၃။ ပညာရှင်အဖွဲ့ကို ကုန်သွယ်မှု အထောက်အကူပြုခြင်းနှင့် စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များ ပေးအပ်ခြင်းဆိုင်ရာ နယ်ပယ်တွင် အထူးပင် အရည်အချင်း ပြည့်ဝသည့် လွတ်လပ်သော ပုဂ္ဂိုလ်ငါးဦးဖြင့် ပါဝင်ဖွဲ့စည်းရမည်။ ပညာရှင်အဖွဲ့ကို ပေါင်းစပ်ဖွဲ့စည်းရာတွင် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအကြား ဘက်မျှမှု ရှိရမည်၊ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ ပါဝင်သောကိစ္စ ဖြစ်ခဲ့လျှင် ပညာရှင်အဖွဲ့တွင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံတစ်ခုမှ နိုင်ငံသားတစ်ဦး ပါဝင်ရမည်။ ပညာရှင်အဖွဲ့ကို ဖွဲ့စည်းပြီးချိန်မှ ရက်ပေါင်း(၂၀)အတွင်း ကော်မတီက သဘောတူ လက်ခံနိုင်ခြင်း မရှိပါက ညွှန်ကြားရေးမှူးချုပ်သည် ကော်မတီဥက္ကဋ္ဌနှင့် တိုင်ပင်ကာ ပညာရှင်အဖွဲ့ ဖွဲ့စည်းမှုသည် ဤအပိုဒ်ပါ အချက်များနှင့် ကိုက်ညီမှု ရှိမရှိ အဆုံးအဖြတ်ပေးရမည်။

၄။ ပညာရှင်အဖွဲ့အနေဖြင့် အဖွဲ့ဝင်နိုင်ငံ၏ စွမ်းရည်ချို့တဲ့မှုဆိုင်ရာ အကဲဖြတ်မှုကို ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ကာ ကော်မတီသို့ အကြံပြုတင်ပြရမည်။ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံနှင့် ပတ်သက်သော ပညာရှင်အဖွဲ့၏ အကြံပြုတင်ပြမှုကို လက်ခံစဉ်းစားရာတွင် ကော်မတီအနေဖြင့် ရေရှည်အကျိုးရှိသော အကောင်အထည်ဖော်မှုဆိုင်ရာ စွမ်းရည်ရရှိနိုင်ရေး အထောက်အကူပေးရန် လိုအပ်သလို ဆောင်ရွက်နိုင်သည်။

၅။ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံက အကောင်အထည်ဖော်ရန် မတတ်နိုင်ကြောင်း ကော်မတီသို့ အသိပေးတင်ပြသည့် အချိန်မှ ပညာရှင်အဖွဲ့၏ အကြံပြုတင်ပြချက် လက်ခံရရှိပြီး ကော်မတီ၏ ပထမဆုံး အစည်းအဝေး မကျင်းပမီအထိ ယင်းအဖွဲ့ဝင်နိုင်ငံသည် ဤအရေးနှင့်စပ်လျဉ်းပြီး အငြင်းပွားမှုဖြေရှင်းရေး သဘောတူညီချက်အောက်တွင် အရေးယူဆောင်ရွက်မှု မခံစေရ။ အဆိုပါ အစည်းအဝေးတွင် ကော်မတီသည် ပညာရှင်အဖွဲ့၏ အကြံပြုတင်ပြချက်ကို ဆွေးနွေးစဉ်းစားရမည်၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအတွက်မူ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ရန် မတတ်နိုင်ကြောင်း ကော်မတီသို့ အသိပေးတင်ပြလာချိန်မှ ကော်မတီက ဆုံးဖြတ်ချက်မချမီ (သို့မဟုတ်) အထက်တွင် ဖော်ပြထားသော ကော်မတီ၏ ပထမဆုံး အစည်းအဝေး ပြုလုပ်ပြီး (၂၄) လအတွင်း မည်သည့် ဖြစ်စဉ်က အလျင်ဖြစ်စေ

ဖြစ်ပေါ်ပြီးချိန်ထိ အငြင်းပွားမှုဖြေရှင်းရေး သဘောတူညီချက်ပါ အရေးယူဆောင်ရွက်မှုသည် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်အပေါ် သက်ရောက်ခြင်း မရှိစေရ။

၆။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ အဖွဲ့ဝင်တစ်နိုင်ငံအနေဖြင့် အမျိုးအစား(ဂ)အား အကောင်အထည်ဖော်ရန် လုပ်ဆောင်နိုင်စွမ်း မရှိတော့ပါက ကော်မတီသို့အသိပေးတင်ပြကာ ဤစည်းမျဉ်းတွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

## စည်းမျဉ်း–၁၉

## အမျိုးအစား (ခ)နှင့် (ဂ)တို့အကြား ပြောင်းရွှေ့ခြင်း

၁။ အမျိုးအစား(ခ) နှင့် (ဂ)တို့အောက်တွင် အကောင်အထည်ဖော်ရန် အသိပေးတင်ပြထားသော ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံသည် ကော်မတီသို့တင်ပြကာ အဆိုပါ အမျိုးအစားများအကြား ပြဋ္ဌာန်းချက်များကို ရွှေ့ပြောင်းနိုင်သည်။ နိုင်ငံတစ်နိုင်ငံက ပြဋ္ဌာန်းချက်တစ်ခုအား အမျိုးအစား(ခ) အောက်မှ (ဂ)အောက်သို့ ရွှေ့ပြောင်းရန် အဆိုပြုလာသည့်အခါ အဆိုပါ နိုင်ငံအနေဖြင့် စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့ဆိုင်ရာ အချက်အလက်များကို တင်ပြရမည်။

၂။ အမျိုးအစား(ခ) မှ (ဂ)သို့ ရွှေ့ပြောင်းလိုက်သည့် ပြဋ္ဌာန်းချက်တစ်ခုအား အကောင်အထည်ဖော်ရန် အချိန်ထပ်တိုး လိုအပ်လာလျှင် အဖွဲ့ဝင်နိုင်ငံအနေဖြင့်

(က) အလိုအလျောက် အချိန်ထပ်တိုးနိုင်ခွင့် အခွင့်အလမ်းအပါအဝင် စည်းမျဉ်း ၁၇ ပါ ပြဋ္ဌာန်းချက်များကို အသုံးပြုနိုင်သည် (သို့မဟုတ်)

( ခ ) ကော်မတီက အဖွဲ့ဝင်နိုင်ငံ၏ ပြဋ္ဌာန်းချက် အကောင်အထည်ဖော်နိုင်ရေး အချိန်ထပ်တိုးပေးရန်နှင့် လိုအပ်လျှင် စည်းမျဉ်း ၁၈ ပါ ပညာရှင်အဖွဲ့က ပြန်လည်သုံးသပ်အကြံပြုမှုအပါအဝင် စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့ပေးရန် တောင်းဆိုမှုကို ကော်မတီက စူးစမ်းလေ့လာရန် တောင်းဆိုနိုင်သည် (သို့မဟုတ်)

( ဂ ) ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံနှင့် ပတ်သက်လျှင်မူ အမျိုးအစား(ခ)အောက်တွင် တင်ပြအသိပေးထားသည့် မူလနေ့စွဲ၏ နောက်ထပ်လေးနှစ်ထက် ပိုမိုနောက်ကျသော မည်သည့် အကောင်အထည်ဖော်ရေး နေ့စွဲသစ်မဆို ကော်မတီ၏ အတည်ပြုချက် လိုအပ်သည်။

ထို့ပြင် ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် စည်းမျဉ်း ၁၇ ကို ဆက်လက် လက်ကိုင်ပြုရမည်။ ထိုသို့ ရွှေ့ပြောင်းမှုအတွက် ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို စွမ်းရည်တည်ဆောက်ရေးဆိုင်ရာအကူအညီနှင့် အထောက်အပံ့များပေးရန် လိုအပ်ကြောင်း နားလည်သဘောပေါက်ပြီးဖြစ်သည်။

## စည်းမျဉ်း- ၂၀
## အငြင်းပွားမှု ဖြေရှင်းခြင်းလုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများအပေါ် နားလည်စွာအသုံးချနိုင်ရေးအတွက် ရွှေ့ဆိုင်းပေး

၁။ ဤသဘောတူညီချက်သို့ ဝင်ရောက်လာပြီးနောက် နှစ်နှစ်အကြာ ကာလအတွင်း၌ စည်းမျဉ်းများနှင့် ပတ်သက်၍ စာနာနားလည်ပေးခြင်းနှင့် အငြင်းပွားမှုများ ဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသေးစိတ်ဖော်ပြရှင်းလင်း အသုံးပြုထားသော GATT 1994 ၏ စည်းမျဉ်း ၂၂ နှင့် ၂၃ ပါ ပြဋ္ဌာန်းချက်များသည် အမျိုးအစား(က)တွင်ပါဝင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံနှင့် အငြင်းပွားမှု ဖြေရှင်းရာတွင် သက်ရောက်ခြင်း မရှိစေရ။

၂။ ဤသဘောတူညီချက်သို့ ဝင်ရောက်လာပြီးနောက် ခြောက်နှစ်အကြာ ကာလအတွင်း၌ စည်းမျဉ်းများနှင့် ပတ်သက်၍ စာနာနားလည်ပေးခြင်းနှင့် အငြင်းပွားမှုများ ဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသေးစိတ် ဖော်ပြရှင်းလင်း အသုံးပြုထားသော GATT 1994 ၏ စည်းမျဉ်း ၂၂ နှင့် ၂၃ ပါ ပြဋ္ဌာန်းချက်များသည် အမျိုးအစား(က)တွင်ပါဝင်သည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံနှင့် အငြင်းပွားမှု ဖြေရှင်းရာတွင် သက်ရောက်ခြင်း မရှိစေရ။

၃။ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံက အမျိုးအစား(ခ)နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တစ်ခုအား အကောင်အထည်ဖော်ပြီးနောက် ရှစ်နှစ်အကြာ ကာလအတွင်းတွင် စည်းမျဉ်းများနှင့် ပတ်သက်၍ စာနာနားလည်ပေးခြင်းနှင့် အငြင်းပွားမှုများ ဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသေးစိတ် ဖော်ပြရှင်းလင်း အသုံးပြုထားသော GATT 1994 ၏ စည်းမျဉ်း ၂၂ နှင့် ၂၃ ပါ ပြဋ္ဌာန်းချက်များသည် အဆိုပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံနှင့် အငြင်းပွားမှု ဖြေရှင်းရာတွင် သက်ရောက်ခြင်း မရှိစေရ။

၄။ စည်းမျဉ်းများနှင့် ပတ်သက်၍ စာနာနားလည်ပေးခြင်းနှင့် အငြင်းပွားမှုများ ဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသုံးချရန်အတွက် ရွှေ့ဆိုင်းပေးသည့်ကာလ သတ်မှတ်ထားရှိသော်ငြားလည်း GATT 1994 ၏ စည်းမျဉ်း ၂၂ နှင့် ၂၃ ပါ ပြဋ္ဌာန်းချက်များနှင့် ဆက်နွယ်၍ အတိုင်ပင်ခံ အကြံပေးမှုကို တောင်းဆိုခြင်း မပြုမီတွင် ဖွံ့ဖြိုးမှုအနည်းဆုံးသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ထူးခြားသည့် အခြေအနေကို သီးခြားထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ယင်းအချက်နှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ပါဝင်ပတ်သက်သော စည်းမျဉ်းများနှင့် ပတ်သက်၍ စာနာနားလည်ပေးခြင်းနှင့် အငြင်းပွားမှုများ ဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအောက်တွင် အဖွဲ့ဝင်နိုင်ငံများသည် အထူးသိမ်မွေ့စွာ ဆောင်ရွက်ရန်လိုအပ်သည်။

၅။ ဤစည်းမျဉ်းတွင် ခွင့်ပြုထားသော ရွှေ့ဆိုင်းပေးသည့် ကာလအတွင်းတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီသည် ဤသဘောတူညီချက် အကောင်အထည်ဖော်ခြင်းနှင့်ဆိုင်သော ကိစ္စအားလုံးအပေါ် ဆွေးနွေးနိုင်ရန် ညီမျှသည့် အခွင့်အရေးကို ကျန်အဖွဲ့ဝင်များကိုလည်း ပေးအပ်ရမည်။

## စည်းမျဉ်း-၂၁
## စွမ်းရည်တည်ဆောက်မှုအကူအညီနှင့် အထောက်အပံ့များပေးအပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်

၁။ အလှူရှင် အဖွဲ့ဝင်များအနေဖြင့် နှစ်ဦးနှစ်ဘက်ဖြစ်စေ၊ သင့်လျော်ရာ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုခုမှတဆင့် ဖြစ်စေ၊ အပြန်အလှန် သဘောတူညီချက်များဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံ (သို့မဟုတ်) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအား စွမ်းရည်တည်ဆောက်မှုအကူအညီနှင့် အထောက်အပံ့များ ပေးအပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အား အထောက်အကူပြုရန် သဘောတူညီရမည်။

၂။ ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံ၏ အထူးလိုအပ်ချက်များအရ ယင်းဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအား ယင်း၏ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်စေရန် ရေရှည်အကျိုးဖြစ်ထွန်းသည့် စွမ်းရည်တည်ဆောက်နိုင်ရေးအတွက် အကူအညီနှင့် အထောက်အပံ့များပေးအပ်ရမည်။ သင့်လျော်သည့် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် အပိုဒ် ၃ တွင် ရည်ညွှန်းထားသော နည်းပညာအထောက်အပံ့ပေးခြင်းနှင့် စွမ်းရည်တည်ဆောက်ရန် အကူအညီပေးခြင်း အခြေခံသဘောတရားများနှင့်အညီ ဖွံ့ဖြိုးရေး မိတ်ဖက်များသည် လက်ရှိဖွံ့ဖြိုးရေး ဦးစားပေးအချက်

များအား ထိခိုက်မှုမရှိစေသောနည်းလမ်းဖြင့် စွမ်းရည်တည်ဆောက်မှု အကူအညီနှင့် အထောက်အပံ့များပေးနိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဤသဘောတူညီချက်အား အကောင်အထည်ဖော်ရန် အလို့ငှာ စွမ်းရည်တည်ဆောက်မှု အကူအညီနှင့် အထောက်အပံ့များပေးခြင်းအတွက် အောက်ပါ အခြေခံသဘောတရားများကို လိုက်နာကျင့်သုံးရန် အားထုတ်ရမည် –

(က) လက်ခံမည့်နိုင်ငံများနှင့် ဒေသများ၏ ယေဘုယျ ဖွံ့ဖြိုးရေးမူဘောင်နှင့် ရှိရင်းစွဲ ပြုပြင်ပြောင်းလဲရေးနှင့် နည်းပညာအထောက်အပံ့ အစီအစဉ်များကိုပါ သင့်လျော်လျှင် သင့်လျော်သလို ထည့်သွင်းစဉ်းစားရန်၊

( ခ ) သင့်လျော်သည့်နေရာတွင် ဒေသနှင့် ဒေသခွဲအတွင်းရှိ စိန်ခေါ်မှုများအား ဖြေရှင်းခြင်းနှင့် ဒေသတွင်းနှင့် ဒေသခွဲအတွင်း စုပေါင်းပါဝင်ညီညွတ်မှုကို အားပေးအားမြှောက်ပြုသည့် လုပ်ဆောင်မှုများ ထည့်သွင်းရန်၊

( ဂ ) ပုဂ္ဂလိကကဏ္ဍ၏ လက်ရှိကုန်သွယ်မှု အထောက်အကူပြုရေး ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ချက်များကို အထောက်အကူပြုရေး လုပ်ဆောင်ချက်များအဖြစ် မှတ်ယူရန်၊

(ဃ) ဤအထောက်အကူပြုမှု၏ ထိရောက်မှုနှင့် ရလဒ်များသေချာစေရန် ဒေသတွင်းစီးပွားရေးအသိုက်အဝန်းအပါအဝင် အဖွဲ့ဝင်များနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုကို အားပေးရန်နှင့် ဤသို့ဆောင်ရွက်ရန်

(၁) အဓိကအားဖြင့် အထောက်အကူပြုမှုရယူသည့်နိုင်ငံ သို့မဟုတ် ဒေသများတွင် မိတ်ဖက်အဖွဲ့ဝင်နိုင်ငံများနှင့် အလှူရှင်များ၊ နှစ်ဦးသဘောတူနှင့် ပေါင်းစည်းစုဖွဲ့ ပေးလှူသူများအကြား ညှိနှိုင်းဆောင်ရွက်မှုသည် နည်းပညာအထောက်အကူပြုခြင်းနှင့် စွမ်းရည်တည်ဆောက်ခြင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများအတွက် အနီးကပ် ညှိနှိုင်းဆောင်ရွက်ကာ အထောက်အကူပြုခြင်း အစီအစဉ်များတူနေ၊ ထပ်နေခြင်းနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက်များ တစ်သမတ်တည်း မဖြစ်ခြင်းတို့ မရှိရန် ရည်ရွယ်ခြင်းဖြစ်ရမည်။

(၂) ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက်မူ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ကုန်သွယ်မှုဆိုင်ရာ အထောက်အကူများပေးရေး ပိုမိုကောင်းမွန်သောအားလုံးပါဝင်သည့် မူဘောင်သည် ဤညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ရမည်။

(၃) ဤသဘောတူညီချက်ကို အကောင်အထည်ဖော်မှုနှင့် နည်းပညာ အထောက်အကူပြုမှုတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သက်ဆိုင်ရာမြို့တော်နှင့် ဂျီနီဗာမြို့ရှိ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အရာရှိများအကြား ဌာနတွင်း ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ပေးရမည်။

( င ) အကောင်အထည်ဖော်ခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ရန်နှင့် စောင့်ကြည့်လေ့လာရန် စားပွဲဝိုင်း ဆွေးနွေးပွဲများနှင့် အတိုင်ပင်ခံ အဖွဲ့များကဲ့သို့သော လက်ရှိနိုင်ငံတွင်းနှင့် ဒေသတွင်း ညှိနှိုင်းဆောင်ရွက်မှု ဖွဲ့စည်းပုံကို အသုံးပြုရေး အားပေးရန်၊

( စ ) ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများအား အခြားဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ စွမ်းရည်တည်ဆောက်မှုများတွင် ကူညီဆောင်ရွက်ပေးရေး (သို့မဟုတ်) ဖြစ်နိုင်လျှင် ကူညီပံ့ပိုးပေးရေး အားပေးတိုက်တွန်းရန်။

၄။ ကော်မတီအနေဖြင့် အောက်ပါတို့ကိုဆောင်ရွက်ရန် တစ်နှစ်လျှင် အနည်းဆုံး သက်ဆိုင်ရာ အဖွဲ့ခွဲ အစည်းအဝေးတစ်ကြိမ် ကျင်းပပေးရမည် –

(က) ဤသဘောတူညီမှု၏ ပြဋ္ဌာန်းချက်များ (သို့မဟုတ်) ယင်း၏ အပိုင်းငယ်များအား အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသော ပြဿနာများအား ဆွေးနွေးရန်၊

( ခ ) ဖွံ့ဖြိုးဆဲနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်ခုခုက စွမ်းရည်တည်ဆောက်မှုဆိုင်ရာအကူအညီနှင့် အထောက်အပံ့များ အလုံအလောက်မရရှိခြင်း အပါအဝင် သဘောတူညီမှုကို အကောင်အထည်ဖော်မှုအား ပံ့ပိုးနိုင်ရန် စွမ်းရည်တည်ဆောက်မှု အကူအညီနှင့် အထောက်အပံ့များဆိုင်ရာ ပြဋ္ဌာန်းချက်များ၏ တိုးတက်မှုအလားအလာကို သုံးသပ်ရန်၊

( ဂ ) စိန်ခေါ်မှုများနှင့် အောင်မြင်မှုများအပါအဝင် လက်ရှိ စွမ်းရည်တည်ဆောက်မှု အကူအညီနှင့် အထောက်အပံ့များအပြင် အကောင်အထည်ဖော်ရေး အစီအစဉ်များ၏ အတွေ့အကြုံနှင့် အချက်အလက်များ ဝေမျှရန်၊

(ဃ) စည်းမျဉ်း ၂၂ တွင် ဖော်ပြပါရှိသော အလှူရှင် အသိပေးနှိုးဆော်ခြင်းများအား သုံးသပ်ရန်နှင့်

( င ) အပိုဒ် ၂ ပါ လည်ပတ်ဆောင်ရွက်မှုကို ဆန်းစစ်သုံးသပ်ရန်။

# စည်းမျဉ်း- ၂၂

## ကော်မတီသို့ တင်ပြအသိပေးရမည့် စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များဆိုင်ရာ အချက်အလက်များ

၁။ အခန်း(၁)အား အကောင်အထည်ဖော်ရန် အလို့ငှာ စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံများအတွက် ပွင့်လင်းမြင်သာမှုရှိစေရန် ဤသဘောတူညီမှုအား အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံများအား ကူညီနေသော အလှူရှင် အဖွဲ့ဝင်တိုင်းသည် သဘောတူညီမှုသို့ စတင်ဝင်ရောက်ချိန်နှင့် နောက်ပိုင်းတွင် နှစ်စဉ် ယင်း၏(၁၂) လတာနှင့် ရှိခဲ့လျှင် နောက်(၁၂)လ[၂၂] အတွက် စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များဆိုင်ရာ အောက်ပါအချက်အလက်များကို ကော်မတီသို့ တင်ပြရမည် –

(က) စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များဆိုင်ရာ ရှင်းလင်းဖော်ပြချက်များ၊

( ခ ) ကတိပြု/ ခွဲဝေပေးပြီးသော ပမာဏနှင့် အခြေအနေ၊

( ဂ ) အကူအညီနှင့် အထောက်အပံ့များ ခွဲဝေပေးမှု လုပ်ငန်းစဉ်များ၊

(ဃ) လက်ခံမည့် အဖွဲ့ဝင်နိုင်ငံ သို့မဟုတ် လိုအပ်လျှင် ဒေသနှင့်

( င ) အကူအညီနှင့် အထောက်အပံ့များပေးသည့် အဖွဲ့ဝင်နိုင်ငံဘက်မှ အကောင်အထည်ဖော်မည့် အေဂျင်စီ၊

ယင်းအချက်အလက်များကို နောက်ဆက်တွဲ(၁)တွင် သတ်မှတ်ဖော်ပြထားသော ပုံစံဖြင့် ပေးပို့ရမည်။ အချက်အလက်များကို စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ (ဤသဘောတူညီချက်တွင် OECD ဟုသာ ဆက်လက်ရည်ညွှန်းသွားမည်။) အဖွဲ့ဝင်နိုင်ငံများအတွက်မူ OECD မြီရှင် အစီရင်ခံမှုစနစ်မှ သက်ဆိုင်ရာ အချက်အလက်များကို အခြေခံပေးပို့ တင်ပြနိုင်သည်။ စွမ်းရည်တည်ဆောက်မှု အကူအညီနှင့် အထောက်အပံ့များ ကိုယ်တိုင်ပေးအပ်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံ အဖွဲ့ဝင်များသည်လည်း အထက်ပါ အချက်အလက်များကို ပေးပို့တင်ပြရန် အားပေးတိုက်တွန်းသည်။

---

[၂၂]ပေးအပ်သော သတင်းအချက်အလက်သည် စွမ်းရည်တည်ဆောက်ရာ၌ လိုအပ်ချက်အရ အကူအညီပေးအပ်ခြင်းနှင့်ပံ့ပိုးကူညီခြင်း ဟူသော သဘောသဘာဝအား ထင်ဟပ်ပေါ်လွင်စေရမည်။

၂။ ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအား ကူညီပေးနေသော အလှူရှင် အဖွဲ့ဝင်များသည် အောက်ပါအချက်အလက်များအား ကော်မတီသို့ ပေးပို့တင်ပြရမည် –

(က) ဤသဘောတူညီချက်၏ အပိုင်း(၁)အား အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သည့် စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များ ပံ့ပိုးပေးရန် တာဝန်ရှိသည့် အေဂျင်စီများ၏အဆက်အသွယ်များ၊ လက်တွေ့ဖြစ်နိုင်လျှင် အကူအညီနှင့် အထောက်အပံ့များရယူသည့် နိုင်ငံ သို့မဟုတ် ဒေသအတွင်းမှ ဆက်သွယ်နိုင်သည့် အချက်အလက်များ၊

( ခ ) စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များ တောင်းခံခြင်းအတွက် လုပ်ငန်းစဉ်နှင့် နည်းလမ်းများဆိုင်ရာ အချက်အလက်များ။

ယင်းသို့သော အကူအညီနှင့် အထောက်အပံ့များ ကိုယ်တိုင်ပေးအပ်နေသည်ဟု ကြေငြာထားသော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း အဆိုပါအချက်အလက်များ ပေးပို့တင်ပြကြရန် အားပေးတိုက်တွန်းအပ်သည်။

၃။ ကုန်သွယ်မှု အထောက်အကူပြုရေးဆိုင်ရာ စွမ်းရည်တည်ဆောက်မှု အကူအညီနှင့် အထောက်အပံ့များ ကိုယ်တိုင်ပေးအပ်ရန် ရည်ရွယ်သော ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် ယင်းအကူအညီနှင့် အထောက်အပံ့များဦးစားပေးသတ်မှတ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုများအတွက် တာဝန်ရှိသည့်ဌာနများ၏ ဆက်သွယ်နိုင်မည့် အချက်အလက်များကို ကော်မတီသို့ ပေးပို့တင်ပြရမည်။

၄။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အပိုဒ် ၂ နှင့် ၃ တို့တွင် ရည်ညွှန်းထားသော အချက်အလက်များအား အင်တာနက်အကိုးအကားဖြင့် တင်ပြနိုင်ပြီး ယင်းအချက်အလက်များကို လိုအပ်လျှင် လိုအပ်သလို ပြင်ဆင်ပြောင်းလဲနိုင်သည်။ အတွင်းရေးမှူးချုပ်ရုံးအနေဖြင့် ယင်းအချက်အလက်များ အားလုံးကို အများသူငါ သိရှိစေအောင် ဆောင်ရွက်ရမည်။

၅။ ကော်မတီအနေဖြင့် အပိုဒ် ၁၊ ၂ နှင့် ၄ တို့တွင် ရည်ညွှန်းဖော်ပြထားသော အချက်အလက်များ ပေးပို့ရန် (နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ OECD၊ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဖရင့်၊ WCO၊ ကုလသမဂ္ဂဒေသတွင်း ကော်မရှင်များ၊ ကမ္ဘာ့ဘဏ် (သို့မဟုတ်) ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ဒေသတွင်း ဖွံ့ဖြိုးရေးဘဏ်များကဲ့သို့သော) သက်ဆိုင်ရာနိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများအပြင် အခြားသော ပူးပေါင်းဆောင်ရွက်နေသည့် အေဂျင်စီများအား ဖိတ်ခေါ်နိုင်သည်။

## အခန်း(၃)

## အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများနှင့် နောက်ဆုံးပြဋ္ဌာန်းချက်များ

## စည်းမျဉ်း- ၂၃

## အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ

၁။ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးကော်မတီ

၁.၁။ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကော်မတီအား ဤနည်းအားဖြင့် ဖွဲ့စည်းထားရှိသည်။

၁.၂။ ကော်မတီအား အဖွဲ့ဝင်အားလုံးက ပါဝင်နိုင်ရန် လမ်းဖွင့်ပေးထားရမည်ဖြစ်ပြီး ယင်း၏ ဥက္ကဋ္ဌဖြစ်သူကို ရွေးကောက်တင်မြှောက်ရမည်။ ကော်မတီသည် ဤသဘောတူညီချက်ပါ သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များအရ ကြိုတင်မျှော်မှန်းထားသည့်အတိုင်းနှင့် လိုအပ်သလို တစ်နှစ်လျှင် တစ်ကြိမ်ထက်မနည်း တွေ့ဆုံရမည်ဖြစ်ရာ ဤသဘောတူညီချက်ပါ လုပ်ငန်း များနှင့်ဆက်စပ်နေသော ကိစ္စရပ်များ (သို့မဟုတ်)ယင်း၏ ရည်ရွယ်ချက်များ အထမြောက် အောင်မြင်စေရေးတို့အပေါ် တိုင်ပင်ဆွေးနွေးရန် အဖွဲ့ဝင်များ အခွင့်အရေး အားထုတ်စေလို သည့် ရည်ရွယ်ချက်အတွက်ဖြစ်သည်။ ကော်မတီသည် ဤသဘောတူညီချက်အရ ၎င်းအား တာဝန်လွှဲအပ်ထားသည့်အတိုင်း(သို့မဟုတ်) အဖွဲ့ဝင်များကတာဝန်လွှဲအပ်ထားသည့်အတိုင်း အဆိုပါ တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။ ကော်မတီသည် မိမိ၏ ကိုယ်ပိုင်လုပ်ထုံး လုပ်နည်းစည်းမျဉ်းများအား ရေးဆွဲရမည်ဖြစ်သည်။

၁.၃။ ကော်မတီသည် ဤကဲ့သို့ လက်အောက်ခံ အဖွဲ့အစည်းများအား လိုအပ်သလို ထူထောင် ဖွဲ့စည်းနိုင်သည်။ အဆိုပါ လက်အောက်ခံ အဖွဲ့အစည်းများအားလုံးသည် ကော်မတီသို့ အစီ ရင်ခံရမည်။

၁.၄။ ကော်မတီသည် အဖွဲ့ဝင်များက သက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် အကောင်းဆုံး လုပ်ပုံကိုင်ပုံများကို သင့်လျော်သလို မျှဝေကြခြင်းအတွက် လုပ်ထုံးလုပ်နည်းများ ချမှတ် ပေးရမည်။

၁.၅။ ကော်မတီသည် ကုန်သွယ်မှုအထောက်အကူဖြစ်စေရေးနယ်ပယ်တွင် WCO ကဲ့သို့သော အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ဆက်သွယ်နေမှုကို ဤသဘောတူညီ ချက်အား အကောင်အထည်ဖော်ခြင်းနှင့် စီမံခြင်းတို့အတွက် အကောင်းဆုံး အကြံဉာဏ် ရရှိစေနိုင်ရေး ရည်ရွယ်ချက်အပြင် မလိုလားအပ်သည့် လုပ်ဆောင်မှုများထပ်နေခြင်းကို ရှောင်ရှားနိုင်ရေး ရည်ရွယ်ချက်တို့အတွက်လည်း ဆက်လက်ထိန်းသိမ်းရမည်။ ထိုသို့

ဆောင်ရွက်ရန် ကော်မတီအနေဖြင့် ယင်းကဲ့သို့ အဖွဲ့အစည်းများ (သို့မဟုတ်) မိမိ၏ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ဖိတ်ခေါ်နိုင်ရာ

(က) ကော်မတီအစည်းအဝေးများကိုတက်စေရန်၊

(ခ) ဤသဘောတူညီချက်အား အကောင်အထည်ဖော်ခြင်းနှင့် ဆက်စပ်နေသောကိစ္စရပ်များအား ဆွေးနွေးတိုင်ပင်ကြစေရန်ဖြစ်သည်။

၁.၆။ ကော်မတီသည် ဤသဘောတူညီချက်၏လုပ်ငန်းများနှင့် အကောင်အထည်ဖော်နေခြင်းတို့ကို ၎င်းစတင်အသက်ဝင်အတည်ဖြစ်လာချိန်မှလေးနှစ်အကြာနှင့် နောက်ပိုင်းတွင် ကာလတစ်ခုဖြင့် ပုံမှန်စစ်ဆေးသုံးသပ်သွားမည်ဖြစ်သည်။

၁.၇။ အဖွဲ့ဝင်များအား ဤသဘောတူညီချက်ကို ကျင့်သုံးနေခြင်းနှင့် အကောင်အထည်ဖော်နေခြင်းတို့တွင်ရှိသော ပြဿနာရပ်များနှင့် ဆက်စပ်သည့် မေးခွန်းများအား ကော်မတီထံ မေးမြန်းရန် တိုက်တွန်းအပ်သည်။

၁.၈။ ကော်မတီသည် အပြန်အလှန်စိတ်ကျေနပ်မှုရရှိစေမည့် ဖြေရှင်းချက်အား လျင်မြန်စွာ ရရှိနိုင်စေရေးသဘောဖြင့် ဤသဘောတူညီချက်အောက်မှ သက်ဆိုင်ရာ ကိစ္စရပ်များအပေါ် အဖွဲ့ဝင်များအကြား အလျဉ်းသင့်သလို ဆွေးနွေးခြင်းများအတွက် တိုက်တွန်းအားပေးကာ အထောက်အကူပေးမည်ဖြစ်သည်။

၂။ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီ

အဖွဲ့ဝင်များသည် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီအား တည်ထောင်ရမည် (သို့မဟုတ်) ထိန်းသိမ်းထားရှိရမည် (သို့မဟုတ်) လက်ရှိလုပ်ငန်းယန္တရားအား နိုင်ငံတွင်းညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ဤသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ခြင်း နှစ်ရပ်စလုံးကို အထောက်အကူဖြစ်စေနိုင်ရန် သတ်မှတ်လုပ်ဆောင်စေရမည်။

# စည်းမျဉ်း-၂၄
# နောက်ဆုံးပြဋ္ဌာန်းချက်များ

၁။ ဤသဘောတူညီချက်၏ ရည်ရွယ်ချက်အရ အဖွဲ့ဝင်ဟူသော စကားရပ်သည် အဆိုပါ အဖွဲ့ဝင်၏ အရည်အချင်းရှိသည့် အခွင့်အာဏာ ပါဝင်နေသည်ဟု မှတ်ယူရမည်။

၂။ ဤသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအားလုံးသည် အဖွဲ့ဝင်အားလုံးတို့အပေါ် တရားဝင်တာဝန်ခံစေရမည်ဖြစ်သည်။

၃။ အဖွဲ့ဝင်များသည် ဤသဘောတူညီချက်အား ၎င်းစတင် အသက်ဝင်အတည်ဖြစ်လာသည့်နေ့မှစတင်ကာ အကောင်အထည်ဖော်ရမည်ဖြစ်သည်။ အခန်း(၂)ပါ ပြဋ္ဌာန်းချက်များကို အသုံးပြုရန်ရွေးချယ်ထားကြသည့် ဖွံ့ဖြိုးဆဲ အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံများသည် အခန်း(၂)နှင့်အညီ ဤသဘောတူညီချက်အား အကောင်အထည်ဖော်ရမည်ဖြစ်သည်။

၄။ ဤသဘောတူညီချက်အား ယင်းစတင်အသက်ဝင် အတည်ဖြစ်လာပြီးနောက်မှ လက်ခံသည့်အဖွဲ့ဝင်ဖြစ်သူသည် သဘောတူညီချက်၏ အမျိုးအစား (ခ) နှင့် (ဂ) ကတိပြု တာဝန်ယူမှုများအား ဤသဘောတူညီချက် အသက်ဝင်အတည်ဖြစ်လာသည့်နေ့မှ စတင်ကာ ဆက်စပ်နေသောကာလများအား ရေတွက်လျက် အကောင်အထည်ဖော်ရမည်ဖြစ်သည်။

၅။ အကောက်ခွန်သမဂ္ဂ တစ်ခု (သို့မဟုတ်) ဒေသဆိုင်ရာ စီးပွားရေးအစီအစဉ်တစ်ခု၏ အဖွဲ့ဝင်များသည် ဒေသဆိုင်ရာ အဖွဲ့အစည်းများအား ထူထောင်ခြင်းနှင့် အသုံးပြုခြင်းမှတစ်ဆင့် အပါအဝင်ဤသဘောတူညီချက်အောက်မှ ၎င်းတို့၏ တာဝန်ယူလိုက်နာရမှုများအား အကောင်အထည်ဖော်ရာတွင် အကူအညီဖြစ်စေရန် ဒေသဆိုင်ရာ ချဉ်းကပ်နည်းလမ်းများအား ကျင့်သုံးနိုင်ကြသည်။

၆။ WTO အား တည်ထောင်သည့် Marrakesh Agreement ၏ နောက်ဆက်တွဲ ၁(က) အတွက် အထွေထွေအဓိပ္ပါယ် ပြန်ဆိုချက်စာစုရှိလင့်ကစား ဤသဘောတူညီချက်ပါ မည်သည့်အချက်ကိုမျှ GATT 1994 အရ အဖွဲ့ဝင်များ၏ တာဝန်ယူလိုက်နာရမှုများအား လျော့နည်းသွားစေခြင်းအဖြစ် အဓိပ္ပါယ်မဖွင့်ဆိုရပါ။ ထို့ပြင် ဤသဘောတူညီချက်ပါ မည်သည့်အချက်ကိုမျှ ကုန်သွယ်မှုတွင်ရှိနေသော နည်းပညာအတားအဆီးများဆိုင်ရာ သဘောတူညီချက်အရနှင့် လူ၊ အပင်၊ တိရစ္ဆာန်၊

ပိုးမွှားရောဂါကင်းစင်ရေး လုပ်ဆောင်ချက်များ ကျင့်သုံးခြင်းဆိုင်ရာ သဘောတူညီချက်များအရ အဖွဲ့ဝင်များ၏ အခွင့်အရေးများနှင့် တာဝန်ယူလိုက်နာရမှုများအား လျော့နည်းသွားစေခြင်းအဖြစ် အဓိပ္ပါယ်မဖွင့်ဆိုရပါ။

၇ ။ GATT ၁၉၉၄ အရခြွင်းချက်ဖြစ်သော အရာများအားလုံးနှင့် ကင်းလွတ်ခွင့်ရှိသော အရာများအားလုံး[၂၃] ကို ဤသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအားလုံးနှင့် အကျုံးဝင်သက်ဆိုင်စေရမည်။ GATT ၁၉၉၄ သို့မဟုတ် ယင်းနှင့်သက်ဆိုင်သမျှ အစိတ်အပိုင်းတစ်ရပ်ရပ်နှင့် အကျုံးဝင်သည့်၊ WTO အား တည်ထောင်သည့် Marrakesh Agreement ၏ စည်းမျဉ်း IX:3 နှင့် IX:4 အရ ခွင့်ပြုခံရသည့်စွန့်လွှတ်ကြောင်း တရားဝင်စာများနှင့် ဤသဘောတူညီချက် စတင်အသက်ဝင်အတည်ဖြစ်လာသည့်နေ့နှင့် ပူးတွဲရှိလာသည့် မည်သည့်ပြောင်းလဲ ပြင်ဆင်ချက်မဆို ဤသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သက်ဆိုင်စေရမည်။

၈ ။ အငြင်းပွားမှု ဖြေရှင်းရေးနားလည်မှုအားဖြင့် အသေးစိတ် ဖော်ပြစီစဉ်ထားသည့်အတိုင်းနှင့် ကျင့်သုံးသည့်အတိုင်း GATT ၁၉၉၄ စည်းမျဉ်း ၂၂ နှင့် ၂၃ ပြဋ္ဌာန်းချက်များကို ဤသဘောတူညီချက်အောက်ရှိ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အငြင်းပွားမှုများ ဖြေရှင်းခြင်းတို့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဖြစ်ရာ ခြွင်းချက်အနေဖြင့် ဤသဘောတူညီချက်ထဲတွင် တစ်နည်းနည်းဖြင့် အထူးတလည်ကြိုတင်စီမံထားသည့်အတိုင်းများမှလွဲ၍ဖြစ်သည်။

၉ ။ အခြားအဖွဲ့ဝင်များ၏ ခွင့်ပြုချက်မပါဘဲ ဤသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ပတ်သက်၍ သီးသန့်ကြိုတင် မထည့်သွင်းထားရပါ။

၁၀။ စည်းမျဉ်း ၁၅ ပါ အပိုဒ် ၁၊ ၂ တို့နှင့်အညီ ဤသဘောတူညီချက်တွင် ပူးတွဲထားသည့် ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးအစား(က) ကတိပြုတာဝန်ယူမှုများအား ဤသဘောတူညီချက်မှ ခွဲထုတ်မရသည့် အစိတ်အပိုင်း ဖြစ်နေစေရမည်။

[၂၃]ဤအရာများတွင် GATT 1994 ၏ စည်းမျဉ်း V:7 နှင့် X:1 အပြင် GATT 1994 ၏ စည်းမျဉ်း ၈ ၏ နောက်ဆက်တွဲမှတ်စုများလည်း ပါဝင်သည်။

၁၁။ ကော်မတီက မှတ်သားထုတ်နုတ်ထားပြီး စည်းမျဉ်း ၁၆ အပိုဒ် ၅ အားလိုက်နာသောအားဖြင့် ဤသဘောတူညီချက်တွင် ပူးတွဲထားသည့် ဖွံ့ဖြိုးဆဲ အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးအစား (ခ) နှင့် (ဂ) ကတိပြုတာဝန်ယူမှုများအား ဤသဘောတူညီချက်မှ ခွဲထုတ်မရသည့် အစိတ်အပိုင်း ဖြစ်နေစေရမည်။

# နောက်ဆက်တွဲ(၁)

## စည်းမျဉ်း-၁၂

## အပိုဒ်-၁ အရ အသိပေးအကြောင်းကြားခြင်းအတွက် ပုံစံ

အလှူရှင်အဖွဲ့ဝင် -

အသိပေးအကြောင်းကြားချက် အကျုံးဝင်သောကာလ -

| | | | | | |
|---|---|---|---|---|---|
| | နည်းပညာနှင့် ဘဏ္ဍာရေးအကူအညီဆိုင်ရာ ဖော်ပြချက်နှင့် စွမ်းရည်တည်ဆောက်ရေးအရင်းအမြစ်များ | ကတိပြုထားသည့်/ထုတ်ပေးထားသည့်အခြေအနေနှင့် ပမာဏ | အကျိုးခံစားခွင့်ရသည့် နိုင်ငံ/ဒေသ | အကူအညီပေးအပ်နေသည့်အဖွဲ့ဝင်နိုင်ငံရှိ အကောင်အထည်ဖော်နေသောအဖွဲ့အစည်း | အကူအညီများဖြန့်ဝေချထားပေးရေး လုပ်ထုံးလုပ်နည်းများ |



Mekong-Lancang Cooperation

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်နှင့် စည်းမျဉ်းစည်းကမ်းများတွင်ပါဝင်သည့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူညီချက် (Trade Facilitation Agreement-TFA) စာအုပ်အား ဖရက်ဒရစ်နော်မန်လွတ်လပ်မှု ဖောင်ဒေးရှင်း၏ ငွေကြေးကူညီပံ့ပိုးမှု၊ ကျွမ်းကျင်သူများ၏ ဘာသာပြန်ဆိုမှုနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုများဖြင့် ဘာသာပြန်ဆို၍ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ မူရင်းအင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသောစာအုပ်သည် ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံး၏ မူပိုင်ခွင့်ဖြင့် ထုတ်ဝေထားသော စာအုပ်ဖြစ်ပါသည်။

ယခုစာအုပ်အား မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၃) ၏ ထောက်ပံ့မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော “Improvement of Agriculture Trade Facilitation to Encourage Supply Chain of Myanmar’s Agriculture Products in Collaboration with LMC Countries” ၏ ရန်ပုံငွေဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေသည်။